# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၃ ရက် တနင်္လာနေ့ | 9, Monday May 2016 | (၈၅၅၆)


## ကုသိုလ်စိတ်

လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို မိခင်လည်း ပြုမပေးနိုင်၊ ဖခင်လည်း ပြုမပေးနိုင်၊ ထိုမှတစ်ပါးသော ဆွေမျိုးမိတ်သင်္ဂဟလည်း ပြုမပေးနိုင်၊ ကောင်းစွာ ဆောက်တည်အပ်သော ကုသိုလ်စိတ်သည် မိဘ ဆွေမျိုးထက် ပိုမိုလွန်ထက်၍ မြင့်ထက်မြင့်ကာ လူနတ် နိဗ္ဗာန် သုံးတန်ချမ်းသာတိုင်အောင် စွမ်းဆောင်ပြုပေး နိုင်၏။ (ဓမ္မပဒ-၄၃)

CCTV များဖြင့် လမ်းရှင်းသတိပေး စနစ်သုံး ဆင်ဆာမီးပွိုင့်များ အလုံနှင့် ဒဂုံမြို့နယ်တွင် စတင်တပ်ဆင်မည်

စာမျက်နှာ - ၂

အသားပါသလား၊ ငါးပါသလား

စာမျက်နှာ - ၇

နိုင်ငံတကာခရီးသည် ဝင်ရောက်မှုနှုန်း ငါးနှစ်ဆက်တိုက် မြင့်တက် ယခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဝင်ရောက်မှု ငါးသန်းလျာထား

စာမျက်နှာ - ၁၀



ဖွံ့ဖြိုးတိုးတက်လာသော ရန်ကုန်မြို့ပြမြင်ကွင်း

# ၂၀၁၆ ခုနှစ် အိမ်ခြံမြေဈေးနှုန်း အနာဂတ်အလားအလာသည် နိုင်ငံတော်အစိုးရသစ်၏ ပြုပြင်ပြောင်းလဲနိုင်သော အိမ်ခြံမြေဆိုင်ရာ မူဝါဒအပေါ် မူတည်

သတင်း - သီသီမင်း၊ ဓာတ်ပုံ - ဖြိုး

၂၀၁၆ ခုနှစ် အိမ်ခြံမြေဈေးနှုန်း အနာဂတ်အလားအလာသည် နိုင်ငံတော်အစိုးရသစ်၏ ပြုပြင်ပြောင်းလဲနိုင်သော အိမ်ခြံမြေဆိုင်ရာမူဝါဒအပေါ် မူတည်နေကြောင်း မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေ ကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်မောင်ကပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱



ဧဝရက်တောင်သို့တက်ရောက်နေသော မြန်မာတောင်တက်သမားများ စခန်းချနေရာအား တွေ့ရစဉ်။

# ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်၏ သေမင်းတမန်ဇုန်သို့ မြန်မာတောင်တက်သမားသုံးဦး ပြန်တက်မည်

(စိုးဝင်း-MLA)

**ရန်ကုန် မေ ၈**

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်၏ Camp.-3 သို့ တက်ရောက်နိုင်ခဲ့သော မြန်မာတောင်တက်သမား သုံးဦးသည် ရာသီဥတုအခြေအနေကြောင့် တောင်အောက်သို့ပြန်လည်ဆင်းသက်ခဲ့ပြီးနောက် ရာသီဥတုပြန်လည် ကောင်းမွန်လာသည်နှင့် သေမင်းတမန်ဇုန်(Dead Zone)အဖြစ်သတ်မှတ်ထားသော Camp-4 သို့ ပြန်လည်တက်ရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်မှသိရသည်။

မြန်မာတောင်တက်သမားသုံးဦးဖြစ်သော ကိုညီညီအောင်၊ ကိုဝင်းကိုကိုနှင့် ကိုပြည့်ဖြိုးအောင်တို့သည် မူလ Camp Rotation အစီအစဉ်အတိုင်း အမြင့် ၂၃၆၂၅ ပေ ရှိသော Camp-3 သို့ မေ ၄ ရက်က မလျော့သောဇွဲလုံ့လဖြင့် တက်ရောက်ခဲ့သည်။ ထို့နောက် ရာသီဥတုအခြေအနေအရ Camp-3 မှတစ်ဆင့် Camp-2 သို့ ပြန်လည်ဆင်းသက်ကာ ညအိပ်အနားယူခဲ့ပြီး ယခုအခါတွင် Base Camp သို့ ပြန်လည်ဆင်းသက်ကာ လေ့ကျင့်ရေးနှင့် ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ ထို့နောက် ရာသီဥတုအခြေအနေအရ ခေတ္တခဏစောင့်ဆိုင်းပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ဂိုဏ်းဂဏကင်းစင်သည့် နိုင်ငံရေး

မြန်မာနိုင်ငံတွင် ဦးနု၊ သခင်တင်နှင့် ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့၏ သန့်ရှင်း၊ တည်မြဲ ဖဆပလ အကွဲအပြဲ နောက်ပိုင်းမှစကာ နိုင်ငံရေး ဆန့်ကျင်ရေး၊ နိုင်ငံရေးသမားဆန့်ကျင်ရေး ခေတ်ကြီးတစ်ခေတ် မနေ့တစ်နေ့ကအထိ ရှိခဲ့ဖူးပါသည်။ နိုင်ငံရေးသမားများဟူသည် လက်တွေ့မကျသူများ၊ အလုပ်မဖြစ်သူများ၊ ကိုယ်ကျိုးရှေ့တန်းတင်သော ငို့ဘသမားများ စသည်ဖြင့် တံဆိပ်ကပ်ခံရသည်။

အမျိုးဘာသာသာသနာကို စောင့်သိသည့် အမျိုးသားနိုင်ငံရေး လုပ်သူများက အမှန်တကယ် တိုင်းပြည်ချစ်သည်ဟူသည့် သဘောဖြင့် နိုင်ငံရေးသမားများဟူသည် အာဏာနိုင်ငံရေးသမားများ၊ အမျိုးသားနိုင်ငံရေးနှင့် မတူခြားနား ကွဲပြားသူများအဖြစ် အမည်နာမ အမျိုးမျိုးတပ်ကာ နိုင်ငံရေးဆန့်ကျင်ရေးအယူအဆကို ပြည်သူကြားမှာ ဝါဒဖြန့်ချိခဲ့သည်။ သည်လိုနှင့် နိုင်ငံရေးသမားဆိုသည်မှာ ပြည်သူတို့က မလိုလားသူများလိုလို။ သူတို့သည်သာ နိုင်ငံ့အရေးကို အမှန်တကယ်လုပ်သူများလိုလို။

လက်တွေ့ဘဝတွင်မူ ယင်းသို့ နိုင်ငံရေးသမားများကို နာမည်အမျိုးမျိုးဖျက်ရင်း အမျိုးသားနိုင်ငံရေးအမည်တပ်ကာ နိုင်ငံရေးအာဏာရယူခဲ့သူတို့သည် ချက်ချင်းဆိုသလို ကြီးပွားချမ်းသာကြကုန်ကာ ကိုယ်ကျိုးရှာနိုင်ငံရေးသမားဟု စွပ်စွဲခံရသူများထက် အဆပေါင်းများစွာ ကြွယ်ဝကြလေသည်။

ထင်ရှားသည့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များထဲမှာ အများပြည်သူပစ္စည်းကို အလွဲသုံးစားလုပ် ကိုယ်ကျိုးရှာပြီး ချမ်းသာသူ လက်ညှိုးထိုးပြစရာ ရှားမှရှားမည်ဖြစ်သလို အမျိုးသားနိုင်ငံရေးဟု တွင်တွင်အော်ကာ နိုင်ငံရေးအာဏာရယူခဲ့သူများထဲမှာ ချမ်းသာကြွယ်ဝသမျှကို ရင်ကော့ပြီး အစစ်ဆေးခံဝံ့သူလည်း ရှားမှရှားဖြစ်ခဲ့ပါသည်။

နိုင်ငံရေးသမားဟု အမည်ခံကာ နိုင်ငံအကျိုးအတွက် လုပ်ခဲ့သူများထဲမှာ ဤမျှဖြူစင်ကာ ဤမျှကိုယ်ကျိုးမကြည့်သူ များသော်လည်း မလိုသူတို့က နိုင်ငံရေးသမားဆန့်ကျင်ရေးဝါဒဖြန့်နိုင်ခွင့်ရခဲ့သည့် အဓိကအကြောင်းမှာ မြန်မာနိုင်ငံရေးသမားများကြားမှာ ရှိခဲ့သည့် ဂိုဏ်းဂဏကြောင့်ဖြစ်သည်ဟု ယူဆပါသည်။

တစ်ခေတ်တစ်ခါက အချို့သော နိုင်ငံရေးသမားများသည် ကိုယ်ကျိုးမငဲ့ ပြည်သူ့အကျိုးကို အနစ်နာခံ ဆောင်ရွက်ကြသူများဖြစ်သော်လည်း ယုံကြည်ချက်ပေါ်မူတည်၍ လည်းကောင်း၊ လုပ်ငန်းစဉ်ပေါ်မူတည်၍ လည်းကောင်း၊ ပါတီ သို့မဟုတ် အဖွဲ့အစည်းနီးစပ်ရာဖြစ်၍ လည်းကောင်း အုပ်စုဖွဲ့၊ ဂိုဏ်းဖွဲ့တတ်ကြသည့် အလေ့ရှိခဲ့ကြသည်။ ယင်းဂိုဏ်းဂဏကြောင့်ပင် မလိုလားအပ်သော အုပ်စုကွဲမှုများ၊ အချင်းချင်းထိုးနှက်မှုများဖြစ်ကြပြီး ပြည်သူလူထုကလည်း ထိုကွဲပြဲမှုများကို စိတ်ပျက်ခဲ့ကြသည်။

ဤသို့သော ဂိုဏ်းဂဏအကွဲအပြဲများကို ပြည်သူတို့ စိတ်ပျက်မှုကို အကြောင်းပြု၍ နိုင်ငံရေးသမားများအား နာမည်ဖျက် တံဆိပ်ကပ်ကာ နိုင်ငံရေးဆန့်ကျင်ရေးဝါဒ ဖြန့်ချိနိုင်ခဲ့ကြခြင်းဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံရေးသမား ဆန့်ကျင်ရေးလုပ်ကာ ကိုယ်ကျိုးရှာခဲ့ကြသူ၏ အတွင်းသရုပ်ကို ရှင်းရှင်းကြီးမြင်ခဲ့ကြသော ပြည်သူတို့က နိုင်ငံရေးသမားများကို တောင့်တောင့်တတ လိုလိုချင်ချင်ဖြင့် နိုင်ငံရေးအာဏာစင်မြင့်ပေါ်သို့ ပြန်လည်တင်မြှောက်ပေးထားကြပြီဖြစ်ပါသည်။

ယခုလို နိုင်ငံရေးသမားများ ပြည်သူ့ထောက်ခံမှုအပြည့်အဝရရှိကာ တိုင်းပြည်ပြန်လည်ထူထောင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် နိုင်ငံရေးခေါင်းဆောင်များ၏ ရင့်ကျက်မှု၊ အမြော်အမြင်ကြီးမှု၊ သဘောထားပြည့်ဝမှုတို့ကို မွေးမြူပြသရန် လိုအပ်ပါမည်။

ပါတီအသီးသီးက နိုင်ငံ့အကျိုးဆောင်ရွက်မည့် နိုင်ငံရေးသမားစစ်စစ်များ၊ နိုင်ငံရေးခေါင်းဆောင်များ သမိုင်းသင်ခန်းစာကောင်းကောင်းယူကာ ဂိုဏ်းဂဏကင်းကင်းဖြင့် နိုင်ငံ့အကျိုးအောင်မြင်အောင် ထမ်းဆောင်နိုင်ပါစေသတည်း။ ။

# မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဗဟိုကော်မတီအစည်းအဝေး ဆက်လက်ကျင်းပ



**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိပိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒခံယူကြသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ မဟာသွံသာရ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ နှင့် နိုင်ငံတော်ဩဝါဒါစရိယ ကလေးဝတောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသတို့ထံမှ ပရိသတ်များက ဩဝါဒခံယူကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းနာယက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန့်လျင်မင်းကျောင်း ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အနုမောဒနာ ရေစက်ချတရားချီးမြှင့်တော်မူသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

■

# CCTV များဖြင့် လမ်းရှင်းသတိပေးစနစ်သုံး ဆင်ဆာမီးပွိုင့်များ အလုံနှင့် ဒဂုံမြို့နယ်တွင် စတင်တပ်ဆင်မည်

**ရန်ကုန် မေ ၈**

CCTV များဖြင့် စောင့်ကြည့်ပြီး အရေးယူသည့်စနစ်၊ လမ်းရှင်းသည့်စနစ်၊ သတိပေးသည့်စနစ် ဖြစ်သည့် ဆင်ဆာစနစ်သုံးမီးပွိုင့်များကို အလုံနှင့် ဒဂုံမြို့နယ်တို့တွင် စတင်တပ်ဆင်သွားမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်မြို့တွင်း မီးပွိုင့်ပေါင်း ၁၆၀ တွင် အဆိုပါ ဆင်ဆာစနစ်သုံးမီးပွိုင့်များတပ်ဆင်ခြင်းနှင့် ထိန်းချုပ်စင်တာ တည်ဆောက်ခြင်းအတွက် အစိုးရက ငွေကျပ်ဘီလီယံ ၂၀ ခန့် သုံးစွဲမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။




ထိန်းချုပ်ရေးစင်တာကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ဝင်း နက္ခတ်တာရာပြခန်းအနီးတွင် တည်ဆောက်နေပြီး လာမည့် ဩဂုတ်လတွင် လုပ်ငန်းများ စတင်နိုင်တော့မည် ဖြစ်ကြောင်း အဆိုပါ စီမံကိန်းကိုဆောင်ရွက်နေသည့် မြန်မာရွှေယင်းကုမ္ပဏီမှ သိရသည်။

"အခုက မီးဝါပြရင်တောင် ကားတွေက မရပ်တော့ဘူး။ အကျင့်လိုဖြစ်နေပြီ။ နေ့တိုင်း ယာဉ်တိုက်မှုတွေ မြင်နေ၊ ကြားနေရတယ်။ ယာဉ်တွေ စည်းကမ်းမဲ့ရပ်ကြလို့ ယာဉ်ကြောတွေလည်းမကျပ်သင့်ဘဲ ကျပ်နေရတယ်။ ဒီလိုနည်းနဲ့ စည်းကမ်းမလိုက်နာတဲ့ ယာဉ်တွေကို တင်းကျပ်လိုက်မယ်ဆိုရင် ကောင်းပါတယ်"ဟု ရန်ကုန်မြို့တွင်းသို့ နေ့စဉ်သွားလာနေရသူ ဒဂုံမြို့သစ် (မြောက်ပိုင်း)မှ ကိုမိုးသူဟိန်းကပြောသည်။

ယခုကဲ့သို့ တပ်ဆင်ခြင်းဖြင့် ပြည်သူများစည်းကမ်း ပိုမိုလိုက်နာနိုင်လာမည်ဖြစ်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ယာဉ်စည်းကမ်းလည်းစည်းကမ်းထိန်းသိမ်းရေးတွင်လည်းအထောက်အကူရလာမည်ဖြစ်သည်။

"အဓိကက မျက်ကွယ်မှာ စည်းကမ်းဖောက်ကြတာများတယ်။ ဒီလိုတပ်ဆင်ခြင်းအားဖြင့် ယာဉ်ထိန်းမရှိတဲ့နေရာတွေမှာ ပြည်သူတွေအလိုလို စည်းကမ်းလိုက်နာလာမှာဖြစ်တယ်"ဟု အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောသည်။

ထိန်းချုပ်ရေး စင်တာတွင် ၂၀၁၅ မော်တော်ယာဉ်ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များကို ဆော့ဝဲလ်ဖြင့် ထည့်သွင်းထားမည်ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များအား CCTV များမှ တစ်ဆင့်အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။ မော်တော်ယာဉ် ဥပဒေပုဒ်မများအရ အနိမ့်ဆုံးပြစ်ဒဏ် ငွေကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်မှ ငွေကျပ် ၃၀၀၀၀၀ အထိ အရေးယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(ဝင်းဝင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✻ ရွှေဖုံးမှ**

ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်ရုံးတွင် ပြုလုပ်သည့် ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်အသင်းနှင့် i Myanmar House.com တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၆ အိမ်ခြံမြေဈေးကွက်အခြေအနေနှင့် အနာဂတ်အလားအလာ ဟောပြောပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"၂၀၁၆ မှာ အိမ်ခြံမြေအခြေအနေတွေက ဘာတွေဖြစ်မလဲဆိုတာ တော်တော်များများက သိချင်နေတယ်။ အိမ်ခြံမြေဈေး အတက်အကျက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အဲဒီဒေသရဲ့ ဝင်ငွေကောင်းမွန်မှုပေါ်မှာ မူတည်တယ်။ မြေနဲ့အိမ်ရာ လိုအပ်ချက်များအပေါ် အစိုးရက လုပ်ပေးနိုင်မှုနည်းတယ်ဆိုရင် အိမ်ခြံမြေဈေးနှုန်းတွေက တက်မှာပါပဲ။ ဒါကြောင့် တက်ခြင်း၊ ကျခြင်းဆိုတာ အစိုးရပေါ်မှာမူတည်တယ်" ဟု ဦးတင်မောင်ကပြောသည်။

လက်ရှိ အိမ်ခြံမြေဈေးသည် ကျဆင်းသွားခြင်းမရှိဘဲ အရောင်းအဝယ် အေးနေခြင်းဖြစ်ကြောင်း၊ အိမ်ခြံမြေဈေးကွက် တက်ခြင်းကျခြင်းသည်လည်း နိုင်ငံရေးပြောင်းလဲမှုပေါ်တွင် အများကြီးမူတည်နေကြောင်း အိမ်ခြံမြေ အကျိုးဆောင်များက သုံးသပ်ထားသည်။

"နိုင်ငံရေးအရွေ့က တည်ငြိမ်မယ်။ တိုးတက်မှုဘက်ကို အပေါင်းလက္ခဏာဆောင်ပြီးသွားမယ်ဆိုရင်တော့ အိမ်ခြံမြေဈေးစီးဆင်းပြန်ပြီးလည်ပတ်လာလိမ့်မယ်" ဟု ရန်ကုန်တိုင်း အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ပြောသည်။

ထို့အတူ စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်က "အရင်အစိုးရလက်ထက်က အိမ်ခြံမြေအရောင်းအဝယ်တွေဖြစ်ခဲ့တယ်။ တိုင်းပြည်ကဖွံ့ဖြိုးလာတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ဆက်ဆံရေးကကောင်းမွန်လာတော့ စီးပွားရေးသမားတွေကလည်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုမှာ စိတ်ဝင်စားမှုအများဆုံးဖြစ်ခဲ့တယ်။ ၂၀၁၄ မှာ အိမ်ခြံမြေဈေးနှုန်းပြန်ကျတယ်။ ရွေးကောက်ပွဲနဲ့ အစိုးရအပြောင်းအလဲမှာ ဘာတွေဖြစ်မယ်ဆိုတာ စောင့်ကြည့်နေတော့ အရောင်းအဝယ်တွေက အခုထိနာလန်မထူသေးတာ။ ဈေးကွက်ပျက်သလောက်ဖြစ်နေတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ၁၉၉၂၊ ၁၉၉၇၊ ၂၀၀၈၊ ၂၀၁၂ ခုနှစ်များတွင် အိမ်ခြံမြေဈေးနှုန်း ဝယ်လိုအားတစ်ဟုန်ထိုး မြင့်တက်လာခဲ့ကြောင်း အဓိက မန္တလေး၊ ရန်ကုန်မြို့ကြီးများတွင် အိမ်ခြံမြေဈေး သုံးဆမှ ရှစ်ဆခန့်အထိ မြင့်တက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ယခင်ကာလများက အိမ်ခြံမြေဈေးကို အများစုက ငွေမည်းခဝါချခြင်း၊ အုပ်စုလိုက် ဈေးကစားခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ လက်ရှိအခြေခံလူတန်းစားများအနေဖြင့် မြေကွက်ဝယ်ယူပိုင်ဆိုင်နိုင်ရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း အကျိုးဆောင်များထံမှ သိရသည်။

"မြေဈေးကစားလို့ရအောင် လုပ်ထားပေးမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုသဘောသဘာဝအရ အကျိုးအမြတ်ရှိရင် လုပ်ကြမှာပဲ။ ဒါကိုထိန်းချုပ်မယ်ဆိုရင် မြေဈေးကြီးတယ်ဆိုတဲ့ သတင်းတွေကပျံ့နေတာ။ အစိုးရက မသိဘူးဆိုတာ မဖြစ်နိုင်ဘူး။ မထိန်းချုပ်တာပဲရှိမယ်။ ဈေးတက်တဲ့ သဘောသဘာဝတွေ၊ ဈေးကျတဲ့ အချက်တွေအများကြီးရှိတယ်။ အဲဒီအပေါ်မှာမူတည်နေတယ်" ဟု ဦးစိုင်းခွန်နောင်က ပြောသည်။

အစိုးရသစ်အနေဖြင့် အိမ်ခြံမြေဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန်အတွက် မြို့သစ်များဖော်ဆောင်ပြီး တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းရှင်များဖြင့် ပူးပေါင်းပြီး အမှန်တကယ်အိမ်ရာလိုအပ်သူများ လက်ထဲရောက်ရှိရန် ဆောင်ရွက်ပေးသင့်ကြောင်း၊ ယခင်အစိုးရလက်ထက်က တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးမျှတအိမ်ရာများ ဖော်ဆောင်ခဲ့သော်လည်း ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အမှန်တကယ်လိုအပ်သူများ လက်ထဲမရောက်ရှိဘဲ ဈေးကစားသူများကြောင့် ဈေးနှုန်းများကြီးမြင့်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေဈေးနှုန်းမှာလည်း အဆမတန်မြင့်တက်မှုကြောင့် အိမ်ရာပိုင်ဆိုင်ရန် အခြေခံလူတန်းစားများ အလှမ်းဝေးနေဆဲ ဖြစ်ကြောင်း i Myanmar House.com မှ ဦးနေမင်းသူက ပြောသည်။



# ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် မေ ၈**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာ၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Don Pramudwinai နှင့်အဖွဲ့သည် ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးသည် မေ ၉ ရက်တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ ဦးစီးသည့်အဖွဲ့များက မေ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ပေါင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တို့တွင် သောက်သုံးရေဂါလန် ၁၈၁၁၀ ကို မြို့နယ်အတွင်းရှိ ရေရှားပါးသည့် နေရာဒေသအသီးသီးသို့ သွားရောက်လှူဒါန်းခဲ့ကြစဉ်။ (ရဲပြန်ကြား)



အမှတ်(၁၀)/(၂၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မ/နယ်မြေ/ရဲကင်းစခန်းမှူးများ ဦးစီးသည့်အဖွဲ့များက မေ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အောင်လံမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်တို့တွင် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပိတ်ဆို့နေသည့်လမ်းများရှင်းလင်းရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြစဉ်။ (ရဲပြန်ကြား)

**✻ ကမ္ဘာ့အမြင့်ဆုံးမှ**

ရာသီဥတုနှင့် ကျန်းမာရေးအခြေအနေများအားလုံးကို စစ်ဆေးချက်ယူကာ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ ထိုမှတစ်ဆင့် အခြေအနေအားလုံး အသင့်ဖြစ်သည်နှင့်တစ်ပြိုင်တည်း နိုင်ငံတကာတောင်တက်သမားများသည် သတ်မှတ်ထားသော Camp -3 မှ အမြင့်ပေ ၈၀၀၀ ရှိ သေမင်းတမန်ဇုန်(Dead Zone)သို့ ဆက်လက်တက်ရောက်ကြမည်ဖြစ်သည်။

လက်ရှိအချိန်တွင် တောင်တက်သမားများစွာတို့သည် အမြင့်ပိုင်းဆိုင်ရာတွင်ဖြစ်တတ်သည့် ဖျားနာမှု (altitude sickness)ရောဂါများ ခံစားနေရကြောင်း သိရသည်။ ထိုရောဂါမှာ တောင်ပေါ်ဆောင်းဦးရာသီဥတု၏ မတည်ငြိမ်သော ရာသီဥတုဒဏ်များကို တွေ့ကြုံခံစားနေကြရခြင်းဖြစ်ပြီး ထိုအမြင့်ပိုင်းဆိုင်ရာဖျားနာမှုကို ခံစားနေရခြင်းဖြစ်သည်။ ထိုရောဂါမှာ ပျို့အန်ခြင်း၊ အော့အန်ခြင်း၊ ခံတွင်းပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ ဆက်တိုက်ခေါင်းကိုက်ခဲခြင်း၊ မူးဝေခြင်း၊ အာရုံစူးစိုက်မရခြင်း၊ ခြေထောက်များလေးလံကာ လက်နှင့်မျက်နှာပြင်များ ရောင်ရမ်းခြင်း၊ အသက်ရှူမမှန်ခြင်းနှင့် ဆီးသွားနည်းခြင်းတို့ဖြစ်ပေါ်ကြောင်း မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့မှ သိရသည်။ လက်ရှိအနေအထားအရ နီပေါနိုင်ငံအစိုးရက တောင်တက်ရာသီအတွက် အဖွဲ့လိုက်တောင်တက်သမား ၂၈၉ ဦးအပါအဝင် တောင်တက်အထောက်အကူပြုလုပ်သား ၄၀၀ ကျော်ကို တက်ရောက်ခွင့်ပြုထားချိန်တွင် ထိုအမြင့်ဆိုင်ရာဖျားနာမှုများ ခံစားနေရကြောင်းလည်း သိရသည်။

မြန်မာတောင်တက်အဖွဲ့ ဆက်လက်တက်ရောက်သွားမည့် သေမင်းတမန်ဇုန်(Dead Zone)သည် ဧဝရက်တောင်၏အမြင့်ဆုံးအပိုင်းနှင့် နီးကပ်လာပြီဖြစ်သောကြောင့် အောက်ဆီဂျင်ပြတ်လပ်မှုအန္တရာယ်ရှိကြောင်း သိရသည်။ ယင်းသည် တောင်တက်သမားများအတွက် သေစေနိုင်ပြီး ရာသီဥတုရုတ်တရက်ဖောက်ပြန်မှုများ ကျရောက်ဖွယ်ရှိ၍ စိုးရိမ်ရသော တောင်တက်ခရီးစဉ်တစ်ခုဖြစ်ကြောင်းလည်းသိရသည်။ ထိုခရီးသို့ မြန်မာတောင်တက်အဖွဲ့က ကြိုးစားတက်ရောက်သွားကြမည်ဖြစ်ပြီး Camp-4 သို့ ရောက်ရှိပြီဆိုလျှင် အမြင့်ပေ ၈၈၄၈ မီတာ မြင့်သော MT. EVEREST SUMMIT သို့ summit push ပြုလုပ်ကာ အောင်ပွဲခံနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

## မြေတိုင်းတာခြင်းနှင့် မြေစာရင်းရက်တိုသင်တန်းဖွင့်

**စစ်ကိုင်း မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းရက်တိုသင်တန်းကို မေ ၇ ရက်တွင် ကျင်းပရာ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမျိုးမင်းခိုင်က ဖွင့်လှစ်ပေးသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၃၁ ဦး တက်ရောက်ပြီး သင်တန်းကို မေ ၇ ရက်မှ ၁၆ ရက်ထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



သမ္မတရွေးကောက်ပွဲတွင် ရေပန်းစားနေသော ဒက်ဗိုးမြို့တော်ဝန် ရိုဒရီဂိုဒေးတာ့။

# ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲ၌ ဒက်ဗိုးမြို့တော်ဝန် ရေပန်းစား

**မနီလာ မေ ၈**

ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို မေ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရာထူးမှနုတ်ထွက်ပေးရမည့် သမ္မတ ဘီနစ်နိုအကွီနို၏နေရာကို ရွေးချယ်နိုင်ရန် သမ္မတလောင်း ငါးဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်ရှိသမ္မတ ဘီနစ်နိုအကွီနိုသည် ခြောက်နှစ်သက်တမ်းရှိ သမ္မတရာထူး၌ တစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းအရ ထပ်မံရွေးချယ်ခံခွင့် မရှိပေ။

ရွေးကောက်ပွဲအကြို လူထုသဘောထား စစ်တမ်းများအရ မဲဆန္ဒရှင်ပြည်သူများအတွင်း ရေပန်းစားနေသူမှာ ဒက်ဗိုးမြို့တော်ဝန် ရိုဒရီဂိုဒေးတာ့ဖြစ်သည်။ အသက် ၇၁ နှစ်အရွယ်ရှိ ဒေးတာ့သည် ရွေးကောက်ပွဲတွင် ဦးဆောင်ယှဉ်ပြိုင်နိုင်ဖွယ်ရှိသူဖြစ်ကြောင်း စစ်တမ်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ ဒက်ဗိုးမြို့သည် ၁၉၈၀ ပြည့်လွန်နှစ်များက သူပုန်တို့၏ ခြေကုပ်စခန်းတည်ရာ မြို့ဖြစ်ခဲ့ပြီး ရာဇဝတ်မှု ထူပြောခဲ့သည်။

သို့ရာတွင် ယနေ့ကာလတွင်မူ ဒက်ဗိုးမြို့မှာ ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းများဖြင့် စည်ကားတိုးတက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံရှိ မြို့ကြီးများအနက် ဘေးအန္တရာယ်လုံခြုံမှုအရှိဆုံး မြို့တစ်မြို့အဖြစ် ရပ်တည်လျက်ရှိသည်။

သမ္မတလောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ကြမည့် အခြားပုဂ္ဂိုလ်များမှာ ဒုတိယသမ္မတ ဂျီဂျိုးမာဘင်နေး၊ အထက်လွှတ်တော်အမတ် မာရီယမ်ဒီဖန်ဆာ ဆန်တီယာဂို၊ အထက်လွှတ်တော်အမတ် ဂရေ့စ်ပိုးနှင့် ပြည်ထဲရေးနှင့် ဒေသန္တရအစိုးရရေးရာဝန်ကြီးဟောင်း မာရိုယက်တို့ဖြစ်ကြသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဒုတိယသမ္မတ ရာထူးနေရာအတွက် သီးခြားရွေးချယ်တင်မြှောက်မည်ဖြစ်ပြီး ဒုတိယသမ္မတလောင်းများအဖြစ် ဖာဒီနန်မားကို့စ်ဂျူနီယာ၊ လီနီရိုဘရီဒိုနှင့် ဖရန်ဆွာ အက်စ်ကျူဒါရိုတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ဆင်ဟွာ။**

# တရုတ်နိုင်ငံ ဖူကျင့်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွား၊ ၃၅ ဦး ပျောက်ဆုံးနေ

**ပေကျင်း မေ ၈**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျင့်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် ပျောက်ဆုံးနေသူ ဆောက်လုပ်ရေး အလုပ်သမား ၃၅ ဦးကို ကယ်တင်နိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရေအားလျှပ်စစ်စက်ရုံစီမံကိန်းတစ်ခုအတွက် အလုပ်လုပ်ကိုင်နေသော လုပ်ငန်းခွင်တည်ရာအနီးရှိ အလုပ်သမားများ အိပ်ဆောင် အဆောက်အအုံမှာ မြေပြိုမှုနှင့်တွေ့ကြုံခဲ့ရသည်။

ဖူကျင့်ပြည်နယ် တိန်နင်းစီရင်စု၌ မြေပြိုမှုဖြစ်ပွားခဲ့ရာတွင် ရုံးအဆောက်အအုံ တစ်လုံးမှာလည်း ပြိုဆင်းလာသော ရွံ့နှင့်ကျောက်တုံးကျောက်ခဲများအောက်သို့ ကျရောက်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မည်သည့်အကြောင်းတရားကြောင့် မြေပြိုမှုဖြစ်ပွားရသည်ကို အတိအကျ မသိရသေးကြောင်း အာဏာပိုင်များက ပြောကြားကြသည်။ သို့ရာတွင် ဒေသတွင်း၌ မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်ဆို၏။

မေ ၈ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်တွင် မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများကို ရှာဖွေနိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ကြိုးပမ်းလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ထိုစဉ်အတွင်း ကွမ်ရှီးပြည်နယ်၌ မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့ရာတွင် ပြည်သူ ၁၀၀၀ ခန့်မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာကာ ဘေးလွတ်ရာသို့ရွှေ့ပြောင်းခဲ့ရကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ။**

# ကနေဒါတောမီး ယခုတိုင် လောင်ကျွမ်းလျက်ရှိ

**အော့တဝါ မေ ၈**

ကနေဒါနိုင်ငံအနောက်ဘက်ပိုင်းတွင် လွန်ခဲ့သောငါးရက်က လောင်ကျွမ်းခဲ့သော တောမီးသည် ယခုထိတိုင် မီးငြိမ်းမှုမရှိသေးဘဲ ဆက်လက်ပျံ့နှံ့လောင်ကျွမ်းလျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ကနေဒါတာဝန်ရှိသူများပြောကြားချက်အရ အဆိုပါတောမီးသည် မေလ ၇ ရက်ညပိုင်းအချိန်အထိ မြေဟက်တာ ပေါင်း ၂၀၀၀၀၀ ကျော် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းခြင်းကြောင့် လူနေအိမ်နှင့် အဆောက်အအုံ ၁၆၀၀ ခန့် ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်းနှင့် လူ ၈၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ မေ ၆ ရက်တွင် လေတိုက်ခိုက်မှုလားရာသည် ပြောင်းလဲသွားသော်လည်း အဆိုပါ တောမီးသည် လူနေအိမ်များအနီးရှိ တောအုပ်များကို ပျံ့နှံ့လောင်ကျွမ်းလျက်ရှိသည်။ ယင်းဒေသတွင် လွန်ခဲ့သည့်နှစ်လမှစပြီး မိုးရွာသွန်းမှုမရှိခဲ့ကြောင်း ဒေသန္တရ တာဝန်ရှိသူများက ဆိုသည်။ မေ ၇ ရက်တွင် တောမီးလောင်ကျွမ်းမှုပိုမိုများပြားလာကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းသည့် ဒေသအနီးတစ်ဝိုက်ရှိ စက်ရုံအများအပြားသည် လုပ်ငန်းယာယီရပ်ဆိုင်းထားရပြီး အလုပ်သမားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**





# စစ်သွေးကြွများဖမ်းဆီးခဲ့သည့် စပိန်နိုင်ငံသားသုံးဦး ပြန်လည်လွတ်မြောက်

**ဒမတ်စကတ် မေ ၈**

လွန်ခဲ့သည့် ၁၀ လက စစ်သွေးကြွများ ဖမ်းဆီးခေါ်ဆောင်ခဲ့သည့် စပိန်နိုင်ငံသား သတင်းထောက်သုံးဦးကို စစ်သွေးကြွများက ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းများအရသိရသည်။

အဆိုပါသတင်းထောက်သုံးဦးသည် ဆီးရီးယားနိုင်ငံမြောက်ဘက်ပိုင်း အလက်ပိုမြို့တွင် ပြည်တွင်းစစ်ပွဲ သတင်းများကိုရယူနေစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

စစ်သွေးကြွများက ၎င်းတို့အား ပြန်လည်လွှတ်ပေးခဲ့ကြောင်းနှင့် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း မေ ၇ ရက်က ထုတ်ပြန်ကြေညာသည့် စပိန်အစိုးရ၏ထုတ်ပြန်ချက်တစ်ရပ်တွင် ပါရှိသည်။

၎င်းတို့အား စစ်သွေးကြွများက အဘယ်ကြောင့် ဖမ်းဆီးခဲ့သလဲဆိုသည်ကိုမူ စပိန်အစိုးရ၏ ထုတ်ပြန်ချက်ထဲတွင် ထည့်သွင်းရေးသားခြင်းမရှိပေ။ သို့သော် စပိန်မီဒီယာက အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့်ဆက်စပ်မှုရှိသည့် နူဆာဖရန့်အဖွဲ့ကို ပြစ်တင်ဝေဖန်လျက်ရှိသည်။

နူဆာဖရန့်အကြမ်းဖက်အဖွဲ့သည် ယမန်နှစ်ဇွန်လကစပြီး ဂျပန်သတင်းထောက် ဂျန်ပိုင်း ယာဆူဒါကို ဖမ်းဆီးထားသည်ဟု စောင့်ကြည့်လေ့လာသူများက ယုံကြည်ကြသည်။

မတ်လအတွင်း အွန်လိုင်းစာမျက်နှာများတွင်ပျံ့နှံ့ခဲ့သည့် ဗွီဒီယိုဖိုင်တစ်ခုတွင် အဆိုပါအကြမ်းဖက်သမားများ ဖမ်းဆီးထားသော လူတစ်ဦး၏အသွင်ပုံသဏ္ဌာန်သည် ဂျပန်သတင်းထောက် ယာဆူဒါဖြစ်နိုင်ချေရှိကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။ ဂျပန်သတင်းထောက်ယာဆူဒါ ဘေးကင်းလုံခြုံမှုရှိမရှိနှင့် မည်သည့်နေရာတွင် ၎င်းအား ဖမ်းဆီးထားကြောင်းကို ယခုထိတိုင်မသိရသေးပေ။

**အင်န်အိတ်ချ်ကေ။**

# အချုပ်အခြာအာဏာ ထိပါးခံရမှုမရှိပါက နျူလက်နက်မသုံးဟု မြောက်ကိုရီးယားပြော

**ပြုံယမ်း မေ ၈**

မိမိနိုင်ငံ၏အချုပ်အခြာအာဏာ ထိပါးချိုးဖောက်ခံရမှုမရှိပါက နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်မှု စတင်ပြုလုပ်မည်မဟုတ်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားကြောင်း မေ ၈ ရက်တွင် ထုတ်လွှင့်သော ၎င်း၏မိန့်ခွန်းတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက် မပြန့်ပွားရေးအတွက် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို သစ္စာရှိရှိဖြည့်ဆည်းသွားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်း နျူကလီးယားလက်နက် ဖျက်သိမ်းရေးအတွက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေ ၇ ရက်က ကျင်းပသော အလုပ်သမားများပါတီ၏ ပါတီညီလာခံတွင် ကင်ဂျုံအန်က ပြောကြားသည်။ ကင်၏ အဆိုပါမိန့်ခွန်းကို မေ ၈ ရက်တွင် နိုင်ငံပိုင်ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ခဲ့သည်။


မိမိ၏နိုင်ငံအား ရန်သတ္တရုပြုနေသော ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်ရေးအတွက် ကြိုးပမ်းသွားရန်လည်း မိမိလိုလားကြောင်း ကင်က ပြောကြားသည်။မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေး တိုးတက်မြင့်မားစေရေးအတွက် ငါးနှစ်သက်တမ်းရှိ အစီအစဉ်တစ်ရပ်နှင့် ပတ်သက်၍လည်း ၎င်းက ထုတ်ပြန်ကြေညာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက်နှင့် ပတ်သက်၍ ဦးစွာအသုံးပြုသည့် မူဝါဒချမှတ်ထားခြင်းမရှိကြောင်း ကင်က ပြောကြားသည်။

**ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်



သမ္မတရွေးကောက်ပွဲတွင် ရှေ့ဆုံးကပြေးနေသူ ဒက်ဗိုးမြို့တော်ဝန် ရိုဒရီဂိုဒေးတာ့။

အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံမှာ မေ ၉ ရက်ကျရင် ရွေးကောက်ပွဲကျင်းပတော့မှာပါ။ ဖိလစ်ပိုင်နိုင်ငံဟာ ကျွန်းပေါင်း ၇၁၀၀ ပါဝင်တဲ့ နိုင်ငံပါ။ လူဦးရေက ၉၆ ဒသမ ၅ သန်းရှိပါတယ်။ မေ ၉ ရက် ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးရမယ့် ပြည်သူအရေအတွက်ကပဲ ၅၄ သန်းကျော်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံကို ခရစ်ယာန်အများစု ၉၂ ရာခိုင်နှုန်းရှိတဲ့နိုင်ငံလို့ ပြောရမှာပါ။ သမိုင်းကိုပြန်ကြည့်တဲ့အခါ ဖိလစ်ပိုင်နိုင်ငံကို အာရှတိုက်ရဲ့ လူပမာလို့ပြောကြတာပါ။ ဒါပေမယ့် လက်ရှိသမ္မတ ဘီနစ်နိုအကွီနိုလက်ထက်မှာ ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေးဟာ တိုးတက်လာပြီး ဖိလစ်ပိုင်နိုင်ငံကို အာရှတိုက်ရဲ့နောက်ထွက်ပေါ်လာမယ့် ကျားတစ်ကောင်လို့ ပြောဆိုလာကြပါတယ်။ သမ္မတဘီနစ်နိုအကွီနိုရဲ့ ဦးဆောင်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေးမှာ ပွင့်လင်းမြင်သာမှုအားကောင်းလာသလို စီးပွားရေးစွမ်းဆောင်ရည်လည်း မြင့်မားလာပါတယ်။ အကျင့်ပျက်လာဘ်စားမှုကိုင်တွယ်နိုင်ဖို့ကိုလည်း စတင်ဆောင်ရွက်လာနိုင်ပါတယ်။ ဒါပေမယ့် ဖိလစ်ပိုင်ပြည်သူအများစုဟာ ဆင်းရဲမွဲတေမှုကို ခံစားနေရဆဲဖြစ်ပြီး အလုပ်လက်မဲ့နှုန်းကလည်း မြင့်မားနေပါသေးတယ်။ ဝေဖန်သုံးသပ်သူတွေကတော့ သမ္မတဘီနစ်နိုအကွီနိုလက်ထက်မှာ အကောင်အထည်မဖော်နိုင်ခဲ့တဲ့ ကိစ္စရပ်တွေဟာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနဲ့ လူထုသယ်ယူပို့ဆောင်ရေးစနစ်တွေပါလို့ ထောက်ပြကြပါတယ်။

လက်ရှိသမ္မတ ဘီနစ်နိုအကွီနိုဟာ တိုင်းပြည်ကို ဦးဆောင်နိုင်စွမ်းရှိပေမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခြောက်နှစ်သက်တမ်းရှိတဲ့ သမ္မတတာဝန်ကို နှစ်ကြိမ်ဆက်တိုက်ထမ်းဆောင်ပိုင်ခွင့်မရှိပါဘူး။ ဒါကြောင့် မေ ၉ ရက် ရွေးကောက်ပွဲမှာ ဖိလစ်ပိုင်နိုင်ငံရဲ့ သမ္မတသစ်ကို ရွေးချယ်တင်မြှောက်ရမှာပါ။ ဒါပေမယ့် မေ ၉ ရက် ရွေးကောက်ပွဲဟာ သမ္မတရွေးကောက်ပွဲသက်သက်မဟုတ်ပါဘူး။ ဒုသမ္မတရွေးကောက်ပွဲတွေကိုလည်း သီးခြားပြုလုပ်ရပါတယ်။ ဒါပေမယ့် ဒုသမ္မတရွေးချယ်တင်မြှောက်ပုံဟာ သမ္မတရွေးချယ်တင်မြှောက်ပုံနဲ့ အတူတူပါပဲ။ အောက်လွှတ်တော်ရဲ့ အမတ်နေရာ ၂၉၇ နေရာစလုံးအတွက် ရွေးကောက်ပွဲအသစ်တွေ ပြုလုပ်ရမှာဖြစ်သလို အထက်လွှတ်တော်အတွက်လည်း အမတ်နေရာ ၁၂ နေရာ ရွေးချယ်တင်မြှောက်ရမှာပါ။ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုအုပ်ချုပ်ရေးမှူးတွေအပါအဝင် ပြည်နယ်တွေအတွက် ရွေးချယ်တင်မြှောက်ပေးရမယ့် ပုဂ္ဂိုလ်အရေအတွက်က ၇၇၂ ဦးရှိပါတယ်။ မြို့ကြီးပေါင်း ၁၄၅ မြို့အတွက် မြို့တော်ဝန်၊ ဒုမြို့တော်ဝန်နဲ့ အရေအတွက် ၁၄၈၉ ခုရှိတဲ့ မြူနီစီပယ်ကောင်စီ၊ တစ်နိုင်ငံလုံးအတွက် ရွေးချယ်တင်မြှောက်ရမယ့် မြူနီစီပယ်ကောင်စီဝင်ပုဂ္ဂိုလ်က ၁၁၉၂၄ ဦး။ မင်ဒါနာအို ကိုယ်ပိုင်အုပ်ချုပ်ရေးကျွန်းဒေသအတွက် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုအုပ်ချုပ်မှူးနဲ့ ဒေသဆိုင်ရာလွှတ်တော်အမတ် ၂၄ ဦး။ မေ ၉ ရက် ရွေးကောက်ပွဲမှာ ဖိလစ်ပိုင်ပြည်သူတွေ ရွေးချယ်တင်မြှောက်ပေးရမယ့် ပုဂ္ဂိုလ်တွေ ဘယ်လောက်များသလဲဆိုတာကတော့ ကြည့်လိုက်တာနဲ့ ထင်းခနဲပေါ်လွင်နေပါတယ်။

သမ္မတရွေးကောက်ပွဲများ ရှေ့ဆုံးကပြေးနေသူကတော့ မင်ဒါနာအိုကျွန်းရဲ့ ဒက်ဗိုး(Davao)မြို့တော်ဝန် ရိုဒရီဂိုဒေးတာ့ (Rodrigo Duterte)ပါ။ ၂၂ နှစ်ကျော်ကြာပြီဖြစ်တဲ့ မြို့တော်ဝန်ဘဝမှာ ရိုဒရီဂိုဒေးတာ့ဟာ ရာဇဝတ်မှုတွေကို ကိုင်တွယ်တဲ့အခါ လူသတ်လက်မရှို့အဖွဲ့တွေဖွဲ့တဲ့အထိ ခပ်ကြမ်းကြမ်းကိုင်တွယ်တတ်တာမို့လို့ သူ့ကို "ပါးကွက်သား"လို့ ခေါ်ကြပါတယ်။ ရိုဒရီဂိုဒေးတာ့ဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျူးလွန်ခဲ့တယ်လို့လည်း စွပ်စွဲကြပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ အကျင့်ပျက်လာဘ်စားမှု၊ ဆင်းရဲချမ်းသာကွာဟမှုတို့အပေါ် အမြတ်ထုတ်ပြီး လူပြိန်းကြိုက်ကြမ်းကြမ်းရမ်းရမ်းပြောလေ့ရှိတဲ့ ရိုဒရီဂိုဒေးတာ့ကို ဖိလစ်ပိုင်နိုင်ငံရဲ့ ဒေါ်နယ်ထရမ့်ဆိုပြီး သတင်းမီဒီယာတွေမှာ ပြောကြရေးကြပါတယ်။ အကျဉ်းထောင် အကြမ်းဖက်မှုတစ်ခုမှာ အသတ်ခံခဲ့ရတဲ့ ဩစတြေးလျ ခရစ်ယာန်သာသနာပြုကို ပထမဆုံး မုဒိမ်းကျင့်တဲ့သူဟာ သူဖြစ်ခဲ့ရမှာဆိုတဲ့အထိ ရိုဒရီဂိုဒေးတာ့က ရိုင်းရိုင်းစိုင်းစိုင်းပြောင်သလို နောက်သလို ပြောခဲ့တာပါ။ ရွေးကောက်ပွဲ မဲဆွယ်ရာမှာ ရိုဒရီဂိုဒေးတာ့က အကျင့်ပျက်လာဘ်စားမှုကို ခြောက်လအတွင်း အပြတ်ရှင်းမယ်။ မင်ဒါနာအိုကျွန်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အစ္စလာမ်ဘာသာဝင်တွေအပေါ် မမျှမတဆက်ဆံတဲ့ကိစ္စကို ကိုင်တွယ်ဖြေရှင်းရမယ်။ အမေရိကန်စစ်သားတွေ ဖိလစ်ပိုင်နိုင်ငံထဲ ပုံမှန်ဝင်ထွက်တာမျိုးမလုပ်နိုင်အောင် အမေရိကန်-ဖိလစ်ပိုင်ပူးတွဲစစ်ရေးလေ့ကျင့်ရေး သဘောတူညီချက်ကို ဖျက်သိမ်းရမယ်။ တောင်တရုတ်ပင်လယ်အငြင်းပွားမှုကြောင့် တရုတ်နိုင်ငံနဲ့ စစ်ဖြစ်လို့မရဘူး စတဲ့စတဲ့ အချက်တွေကိုဟောပြောစည်းရုံးခဲ့ပါတယ်။ ရိုဒရီဂိုဒေးတာ့ ပြောခဲ့ဆိုခဲ့တာတွေနဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံ သံရုံးနဲ့ ဩစတြေးလျနိုင်ငံသံရုံးတွေက ပြင်းပြင်းထန်ထန်ကန့်ကွက်ပြောဆိုခဲ့တာကတော့ အံ့ဩမဲဆွယ်ကာလမှာ ဂရေ့စ်ပိုးဟာ ဖိလစ်ပိုင်ပြည်သူတွေအကြား ငတ်မွတ်မှုနဲ့ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးကို ဇောင်းပေးစည်းရုံးပြောဆိုခဲ့ပါတယ်။ ဂရေ့စ်ပိုးက မင်ဒါနာအိုကျွန်းအပေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး ပိုပေးမယ့် အစီအစဉ်ကို လက်မခံပါဘူး။ တောင်တရုတ်ပင်လယ်ပြင်ကိစ္စနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ အငြင်းပွားနေတဲ့ ကိစ္စမှာလည်း နိုင်ငံတကာခုံရုံးရဲ့ အဆုံးအဖြတ်ကိုရယူလိုပြီး တရုတ်နိုင်ငံနဲ့လည်း စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ ပုံမှန်ဆက်ဆံရေးခိုင်မာလာအောင် ဆောင်ရွက်လိုပါတယ်။

မန်ချူရယ်ရိုးဆက်ဟာ ဖိလစ်ပိုင်နိုင်ငံရေးတော်ဝင်မိသားစုဝင်ပါ။ မန်ချူရယ်ရိုးဆက်ရဲ့ အဘိုးဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ပထမဆုံးသမ္မတပါ။ အမေရိကန်နိုင်ငံနယူးယောက်မြို့မှာ ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းရှင်တစ်ယောက်အဖြစ် ဆောင်ရွက်ခဲ့တဲ့ မန်ချူရယ်ရိုးဆက်ဟာ သူကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးအဖြစ် တာဝန်ယူခဲ့တဲ့ ၂၀၀၀ ပြည့်လွန်ကာလတွေမှာ အသေးစားစီးပွားရေးလုပ်ငန်းတွေကို ထိထိအဆောက်အအုံတွေ လုံလုံလောက်လောက် တိုးချဲ့ရင်းနှီးမြှုပ်နှံဖို့ ပြောဆိုစည်းရုံးခဲ့သလို လယ်ယာမြေပြုပြင်ရေးနဲ့ အခွန်စနစ် ပြုပြင်ရေးတို့ကိုလည်း ရှင်းလင်းစည်းရုံးခဲ့ပါတယ်။ နောက်သမ္မတလောင်းတစ်ဦးကတော့ ဂျက်ဂျိုးမားဘီနေးပါ။ ဂျက်ဂျိုးမားဘီနေးဟာ အသက်ကိုးနှစ်မှာ မိဘမဲ့ဖြစ်ခဲ့ပေမယ့် ရှေ့နေတစ်ဦးဖြစ်လာအောင် ကြိုးစားနိုင်ခဲ့ပါတယ်။ ရှေ့နေဘဝမှာ ဂျက်ဂျိုးမားဘီနေးဟာ အာဏာရှင်ဖာဒီနန်မားကို့စ်ကြောင့် အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေအတွက် တက်တက်ကြွကြွဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ ဂျက်ဂျိုးမားဘီနေးဟာ ဒုသမ္မတဖြစ်လာပါတယ်။ ဒုသမ္မတဘဝမှာ ဂျက်ဂျိုးမားဘီနေးဟာ အကျင့်ပျက်လာဘ်စားမှုပြဿနာတွေမှာ ပါဝင်ပတ်သက်နေတယ်ဆိုတဲ့သတင်းတွေ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့ပေမယ့်လည်း ဂျက်ဂျိုးမားဘီနေးကတော့ ဒီလိုစွပ်စွဲမှုတွေဟာ နိုင်ငံရေးတိုက်ကွက်တွေပါလို့ တုံ့ပြန်ပြောဆိုခဲ့ပါ တယ်။ မင်ဒါနာအိုကို ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ပိုပေး/မပေးဆိုတဲ့ကိစ္စရပ်မှာ ဂျက်ဂျိုးမားဘီနေးရဲ့ အယူအဆဟာ တစ်မူထူးခြားပါတယ်။ မင်ဒါနာအိုငြိမ်းချမ်း




ဖိလစ်ပိုင်နိုင်ငံ ရွေးကောက်ပွဲအတွက် မဲဆွယ်ပိုစတာများ။

စရာ မရှိပါဘူး။ ရိုဒရီဂိုဒေးတာ့ကလည်း သူသာ သမ္မတအဖြစ် အရွေးခံခဲ့ရရင် အမေရိကန်နိုင်ငံနဲ့ရော ဩစတြေးလျနိုင်ငံနဲ့ပါ သံတမန်ဆက်သွယ်ရေး ဖြတ်တောက်မယ်အထိ ခြိမ်းခြောက်ပြောဆိုခဲ့တာပါ။ အမေရိကန်နိုင်ငံဟာ မဟာအင်အားကြီးနိုင်ငံဖြစ်သလို ဖိလစ်ပိုင်နိုင်ငံကို သိမ်းပိုက်ခဲ့တဲ့ ကိုလိုနီအရှင်သခင်နိုင်ငံဖြစ်ပေမယ့် ဖိလစ်ပိုင်ပြည်သူတွေကြားမှာတော့ အမေရိကန်နိုင်ငံဟာ ရေပန်းစားပါတယ်။ ဒီလိုနိုင်ငံမျိုးကို အခုလောက်အထိ ပြင်းပြင်းထန်ထန် ပြောဆိုခဲ့တာက အတော်ကြီးကို ရဲတင်းတယ်လို့ပြောနိုင်ပါတယ်။ တိုင်းပြည်အတွက်ကိုပဲ စူးစူးစိုက်စိုက် ပြတ်ပြတ်သားသား ဆောင်ရွက်တဲ့ ခေါင်းဆောင်ဆိုတာမျိုးကို ပုံဖော်ဖို့ ရိုဒရီဂိုဒေးတာ့က ကြိုးပမ်းနေတာပါ။

ဂရေ့စ်ပိုး (Grace Poe) ဟာ ရုပ်ရှင်ကြယ်ပွင့်တွေရဲ့ မွေးစားသမီးဖြစ်ပြီး အမေရိကန်နိုင်ငံကို ပြောင်းရွှေ့နေထိုင်ခဲ့ဖူးပါတယ်။ ၁၉၉၀ ကျော်ကာလတွေမှာ ဂရေ့စ်ပိုးဟာ အမေရိကန်နိုင်ငံမှာ မူကြိုဆရာမအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၄ ခုနှစ်မှာ ဂရေ့စ်ပိုးဟာ ဖိလစ်ပိုင်နိုင်ငံကို ပြန်လာပြီး မွေးစားဖခင် ဖာနန်ဒိုပိုးရဲ့ သမ္မတ မဲဆွယ်လှုပ်ရှားမှုမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ဂရေ့စ်ပိုးရဲ့ မွေးစားဖခင်ဟာ သမ္မတရွေးကောက်ပွဲမှာ ရှုံးနိမ့်အပြီး သိပ်မကြာခင်မှာပဲ ကွယ်လွန်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဂရေ့စ်ပိုးဟာ နိုင်ငံရေးနယ်ထဲကို ကိုယ်တိုင်ဝင်ရောက်ခဲ့ပြီး အထက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ ဂရေ့စ်ပိုးရဲ့ နိုင်ငံသားဖြစ်မှုအပေါ် မေးခွန်းထုတ်ခဲ့ပေမယ့် တရားရုံးချုပ်က ဂရေ့စ်ပိုးကို သမ္မတရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပါတယ်။ ရွေးကောက်ပွဲရောက်ရောက် ကူညီခဲ့တယ်ဆိုတဲ့ နာမည်ကောင်း ရခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့တဲ့ကာလမှာ ဖိလစ်ပိုင်ပြည်သူတွေ ထောင်နဲ့ချီသေဆုံးခဲ့ရတဲ့ ဟိုင်ရန်တိုင်ဖွန်း သဘာဝဘေးအန္တရာယ် ကိုင်တွယ်ခဲ့ပုံနဲ့ ပတ်သက်ပြီး ဖိလစ်ပိုင်ပြည်သူတွေက မန်ချူရယ်ရိုးဆက်ကို ဝေဖန်ခဲ့ကြပါတယ်။ ရွေးကောက်ပွဲမဲဆွယ်ကာလမှာ မန်ချူရယ်ရိုးဆက်က ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးနဲ့ မင်ဒါနာအိုကျွန်းကို ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့် ပိုပေးဖို့ပြောဆိုစည်းရုံးခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့ အငြင်းပွားနေတဲ့ တောင်တရုတ်ပင်လယ်ကိစ္စမှာ မန်ချူရယ်ရိုးဆက်က နိုင်ငံတကာခုံရုံးရဲ့ အဆုံးအဖြတ်ကို ရယူလိုပေမယ့် ဒီကိစ္စမှာ အမေရိကန်နိုင်ငံ ပါဝင်ပတ်သက်တာကို လိုလားပါတယ်။

မာရီယမ်ဆန်တီယာဂိုဟာ ပြည်သူ့အရေးကိစ္စတွေမှာ နှစ်ပေါင်းများစွာ တက်တက်ကြွကြွဆောင်ရွက်ခဲ့တဲ့ အမျိုးသမီးတရားသူကြီးဟောင်းတစ်ဦးပါ။ သမ္မတကိုရာဇန်အကွီနိုလက်ထက်မှာ မာရီယမ်ဆန်တီယာဂိုဟာ လူဝင်မှုကြီးကြပ်ရေးမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သလို လယ်ယာမြေပြုပြင်ပြောင်းလဲရေးဝန်ကြီးအဖြစ်လည်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ နိုင်ငံတကာရာဇဝတ်တရားရုံးရဲ့ တရားသူကြီးအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ အခုလက်ရှိမှာတော့ မာရီယမ်ဆန်တီယာဂိုဟာ အထက်လွှတ်တော်အမတ်ပါ။ အဆုပ်ကင်ဆာဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ သတင်းတွေ လူထုကြားမှာ ပြန့်ခဲ့ဖူးပေမယ့်လည်း အခုအချိန်မှာ သူ့ကျန်းမာရေးဟာ ဒေါင်ဒေါင်မြည်ပါတယ်လို့ မာရီယမ်ဆန်တီယာဂိုက အခိုင်အမာပြောကြားနေတာပါ။ မဲဆွယ်ကာလမှာ မာရီယမ်ဆန်တီယာဂိုက ပြည်သူများအတွက် အခြေခံရေးလုပ်ငန်းစဉ်မှာ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး အစီအစဉ်က အဓိကလိုအပ်ချက်ဆိုတာကို ဂျက်ဂျိုးမားဘီနေးက မီးမောင်းထိုးပြောဆိုခဲ့တာပါ။ တောင်တရုတ်ပင်လယ်ကိစ္စမှာလည်း ဂျက်ဂျိုးမားဘီနေးရဲ့ အယူအဆဟာ တစ်မူထူးခြားပါတယ်။ တောင်တရုတ်ပင်လယ်မှာရှိတဲ့ ရေနံလို သဘာဝသယံဇာတတွေကို ဖိလစ်ပိုင်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့ ပူးတွဲရှာဖွေထုတ်လုပ်ဖို့ ဂျက်ဂျိုးမားဘီနေးက ပြောဆိုစည်းရုံးခဲ့တာပါ။ ဒုသမ္မတလောင်းတွေထဲမှာ ထူးထူးခြားခြားပြောရမယ့်သူကတော့ အာဏာရှင်ဖာဒီနန်မားကို့စ်ရဲ့သား မားကို့စ်ဂျူနီယာပါ။ မားကို့စ်ဂျူနီယာဟာ အောက်စဖို့ဒ်တက္ကသိုလ်ထွက်ဖြစ်ပြီး စည်းကမ်းပြည့်ဝပြီး ပြတ်သားတဲ့ခေါင်းဆောင်မျိုးဖြစ်စေရမယ်ဆိုတာကို ကတိပေးမဲဆွယ်စည်းရုံးနေတာပါ။ မားကို့စ်ဂျူနီယာဟာ အာဏာရှင်ဖခင်လက်ထက်က အမှားတွေကို မတောင်းပန်တဲ့အပြင် ၁၉၈၆ ခုနှစ် လူထုဒီမိုကရေစီအရေးတော်ပုံသာမဖြစ်ခဲ့ရင် အခုအချိန်မှာ ဖိလစ်ပိုင်နိုင်ငံဟာ စင်ကာပူနိုင်ငံအဆင့်ဖြစ်နေပြီလို့ မျက်နှာပြောင်တိုက် ပြောဆိုခဲ့တာပါ။ စီးပွားရေးမဂ္ဂဇင်း The Economist ကတော့ ရိုဒရီဂိုဒေးတာ့နဲ့ မားကို့စ်ဂျူနီယာတို့သာ ဖိလစ်ပိုင်နိုင်ငံရဲ့ သမ္မတနဲ့ ဒုသမ္မတတွေဖြစ်လာခဲ့ရင် လက်ရှိသမ္မတ ဘီနစ်နိုအကွီနိုလက်ထက်မှာ ရထားတဲ့စီးပွားရေးအခြေအနေကောင်းတွေ ပျက်ပြားသွားနိုင်တယ်လို့ သတိပေးထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖိလစ်ပိုင်နိုင်ငံရဲ့ ခေါင်းဆောင်သစ်တွေကို ရွေးချယ်ပေးရမယ့်သူတွေက ဖိလစ်ပိုင်ပြည်သူတွေပါပဲ။ မေ ၉ ရက် ရွေးကောက်ပွဲရလဒ်ကို ဖိလစ်ပိုင်ပြည်သူတွေနဲ့အတူ စောင့်ကြည့်ကြရမှာပါ။ ။

# လိုတိုရှင်း

ဦးဟန်ညွန့် (ဥပဒေ)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားမ အထူးအယူခံမှုတစ်မှု ယနေ့ရှိသည်။ လက်ခံရန်သင့်၊မသင့် လျှောက်လဲချက်ပေးရမည်။ တရားသူကြီးနှစ်ဦး ရုံးထိုင်ကြားနာသည်။ အမှုခေါ်စာရင်းတွင် အမှတ်စဉ် (၄) မှာ မိမိအလှည့်ကျသည်။

**လျှောက်လဲချက်ပေးခြင်း**

လျှောက်လဲချက်ပေးခြင်းတာဝန်မှာ တရားလွှတ်တော်ရှေ့နေတစ်ဦး၏ အဓိက တာဝန်တစ်ရပ်ဖြစ်သည်။ မိမိလိုက်ပါဆောင်ရွက်သော အမှုအတွက် ဥပဒေနှင့်အညီ တရားသူကြီးအား လျှောက်လဲတင်ပြခြင်းပါ။ ရှေ့နေတစ်ဦး၏ အခွင့်အရေးပါ။

**ရှည်လျားထွေပြား**

မိမိအလှည့်မကျမီ ရှေ့နေကြီးတစ်ဦးကလျှောက်လဲချက်ပေးသည်။ ရှည်လျားထွေပြားလှသည်။ လိုရင်းမရောက်။ စာရွက်ကြည့်လိုက်၊ နှုတ်ကပြောလိုက်၊ အေးအေးဆေးဆေး ပြောနေသည်။ လိုတာထက် ပိုနေသည်။ အကြောင်းအရာကိုလည်း ထပ်တလဲလဲ။ လျှောက်လဲချက်မပီသ။

**လျှောက်လဲချက်ပုံစံ**

အမှုဖြစ်စဉ်အကျဉ်း၊ သုံးသပ်ချက်၊ တင်ပြချက်များ ပါဝင်ဖို့ အဓိက။ ဤကား လျှောက်လဲချက်ပုံစံဖြစ်သည်။ ထိထိမိမိ၊ တိတိကျကျ၊ ဥပဒေပြဿနာကို သုံးသပ်ချက်နှင့် တကွ တင်ပြရန်သာဖြစ်သည်။ ထိုရှေ့နေကြီး သိပါသည်။

**တရားသူကြီးက ခပ်ပြုံးပြုံး**

ဘေးက ထိုင်နေသော ရှေ့နေကြီးများ၊ တာဝန်ရှိသူများ၊ အမှုသည်များ၊ (နယ်တကာမှ အမှုသည်များ) ထိုင်နေကြသည်။ နားထောင်နေကြသည်။နာရီတကြည့်ကြည့်နှင့်။ လျှောက်လဲချက်ပေးပြီးကြသည့်အခါ အရပ်တစ်ကာ၊နယ်တစ်ကာသို့ အချိန်မီ ပြန်ကြရမည်။ ရထားမမီ၊ လေယာဉ်မမီ၊ ကားမမီဖြစ်ကြမည်လား။ စကားများများပြောသော (လျှောက်လဲချက်အရှည်ကြီးပေးသော) ရှေ့နေကြီးကို သတိပေးရတော့မည်။ တရားခွင်ထက်က တရားသူကြီးက ခပ်ပြုံးပြုံး။ ရှေ့နေအခွင့်အရေးမို့ လွတ်လွတ်လပ်လပ် ပြောပါစေဟု အမူအယာပြသည်။ တားမြစ်ခြင်းမရှိ။ ပြုံးပြနေသည်။ ပြုံးပြနေသည်ကိုပင် ရှေ့နေကြီးမရိပ်မိ။ ရေးသားလျှောက်လဲချက် လေးစောင်လည်း ရုံးတော်သို့ တင်သွင်းပြီးသားပါ။ ဘေးက ရှေ့နေကြီးများကလည်း ဝိုင်းကြည့်နေကြသည်။ သို့သော် လိုတိုရှင်းမပြောသော ရှေ့နေကြီး ဘာမှမသိ။ မရိပ်မိ။

**လွှတ်တော်ကိုယ်စားလှယ်ကြီးများ**

"လွှတ်တော်၌ မေးခွန်းနှင့်အဖြေများကို တိုတိုနှင့်လိုရင်း ထိထိမိမိမေးမြန်းကြပါ။ ဖြေကြားကြပါ"ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကသတိပေးခဲ့ကြောင်း သတင်းစာများမှာ သတင်းဖတ်ရသည်။ ဥပဒေကြမ်းတင်သွင်းလျှင်လည်း တင်သွင်းမည့်ပုဂ္ဂိုလ်၊ ရှင်းလင်းမည့် ကိုယ်စားလှယ်တွေက ကြိုတင်ညှိနှိုင်းထားကြပါ။ စီစဉ်ထားကြပါဟုလည်း မှာကြားသည်။ ပြည်သူ့အသံ လွှတ်တော်အသံပီသမှု ဖြစ်ပေလိမ့်မည်။ ကြိုဆိုပါသည်။

**ဘာကို ဆိုလိုတာလဲ**

မိမိဘာကို ဆိုလိုတာလဲ။ ဘာကို ပြောချင်တာလဲ။ အဓိက ပစ်မှတ်ဘာလဲ။ ဦးတည်ချက်ဘာလဲ။ အချိန်မည်မျှရသလဲ။ မည်မျှ အချိန်ယူမလဲ။ ကိုယ်ယူချင်တိုင်းရော အချိန်ပေးနိုင်ရဲ့လား။ သဘောပေါက်သင့်သည်။ ကိုယ်ရည်သွေးစကားတွေ ပြောမနေသင့်။ ကိုယ့်တာဝန်ကိုယ် ကျေသင့်သည်။ လွှတ်တော်လိုင်းမို့ ရုပ်မြင်သံကြားတွေမှာ ပြည်သူအားလုံး မြင်နေရသည်။ သတိ၊ အသိရှိသင့်သည်။ အချိန်တွေက တန်ဖိုးရှိလှသည်။ လုပ်စရာအလုပ်တွေကလည်း များလွန်းလှသည်။

**ရုံးတွေ၊ ဌာနတွေ**

ရုံးတွေ၊ ဌာနတွေမှာလည်း လိုတိုရှင်း အရေးကြီးတာပါပဲ။ တာဝန်ခံအရာရှိနှင့် ရုံးချိန်မှာ တွေ့ရသည်။ရုံးကိစ္စဖြစ်သည်။မြန်မြန်ပြော၊ မြန်မြန်ဆွေးနွေး၊ မြန်မြန်ထ၊ မြန်မြန်ပြန်၊ ကိုယ့်နောက်မှာ စောင့်နေသူတွေ အများကြီး ရုံးကိစ္စပြောရင်း(ငယ်သူငယ်ချင်းမို့) ရှေးဟောင်းနှောင်းဖြစ်တွေပြောချင်သေးသည်။ အခြေအနေကြည့် အလိုက်သိသင့်သည်။ ကိုယ့်ကြောင့် သူတစ်ပါးကို အနှောင့်အယှက်မပြုသင့်။ ဒူးနေရာဒူး။

**တယ်လီဖုန်းကိစ္စ**

ရုံးတယ်လီဖုန်းကိစ္စ ပြောချင်သေးသည်။ ကိုယ်ပိုင်(လက်ကိုင်ဖုန်း)ကို ပိတ်ထားပြီး ရုံးတယ်လီဖုန်းသုံးကြသည်။ ရုံးကိစ္စကို ရုံးဖုန်းနှင့် ပြောတာကိစ္စမရှိ။ ရုံးဖုန်းကိုပင် ကိုယ်ရေးကိုယ်တာ ပြောကြသည်။ လိုတိုရှင်း မပြော။ အကြာကြီး ပြောသည်။ ကိုယ်ရေးကိုယ်တာ ပြောသည်။ အားမနာပါးမနာ ပြောသည်။ နောက်လူက ရုံးကိစ္စပြောချင်တာကို အလိုက်မသိ။ ရုံးတိုင်း၊ ဌာနတိုင်းမှာတွေ့ရဆဲ။ အစိုးရဘဏ္ဍာငွေ မချွေတာဘူးလား။

**ရှည်လျားသော အစီရင်ခံစာ**

ရှည်လျားသော အစီရင်ခံစာများ ရေးကြသူတွေ နောင်တမရသေး။ ဘာကို ရေးချင်တာလဲ။ ဘာစီမံချက်လဲ။ ဦးတည်ချက်ဘာလဲ။ အနှစ်သာရဘာလဲ။ ဆုံးဖြတ်ချက်ချရမှာဘာလဲ။ လိုတိုရှင်း ထိထိမိမိ မြင်မြင်သာသာ ရေးပါ။ စာရှည်တိုင်း ကောင်းသည်မဟုတ်။ အထက်လူကြီးမဖတ်နိုင်။ လိုတိုရှင်းအနှစ်သာရ သိရမှ လူကြီးကလည်း ဆုံးဖြတ်ချက်ချနိုင်မည်။ အလုပ်များသူများအတွက် အချိန်မရှိ။ သတိ။

**အဓိပ္ပာယ်နှစ်ခွ**

ဟိုလိုလို၊ ဒီလိုလို အဓိပ္ပာယ်နှစ်ခွ။ ဘာလုပ်ရမှာလဲ။ ဖြူရင်ဖြူ မည်းရင်မည်း။ သဲကွဲရမည်။ စာဖတ်သူ နားမလည်အောင် ရှုပ်ထွေးအောင်၊ ရှည်ရှည်ဝေးဝေး မရေးသင့်။

**အင်္ဂလိပ်စာ၊မြန်မာစာ**

ယနေ့ခေတ်မှာ အင်္ဂလိပ်စာတိုးတက်သည်။ မြန်မာစာကို သိပ်ပြီးဂရုမပြု။ မြန်မာစာရေးတတ်၊ ဖတ်တတ်ဖို့ ပညာရေးကအရေးကြီးသည်။ မြန်မာဖြစ်ပြီး မြန်မာစာမတတ်သူတွေအများကြီးရှိသည်။ ပြောချင်တာမပြောတတ်။ ဆိုချင်တာမဆိုတတ်။ ဝေ့လည်ကြောင်ပတ်ဖြစ်တတ်သည်။ အင်္ဂလိပ်စာလည်း တော်စေ။ မြန်မာစာကိုဖြင့် ပို၍ တော်ပါစေ။ နားလည်ကြစေ။ ပီသကြစေ။ ပြည်သူ့နီတိ ကျင့်ဝတ်လိုက်နာတတ်ကြစေ။

**၂၄ နာရီ**

တစ်ရက်မှာ ၂၄ နာရီရှိသည်။ အလုပ်များသူများအတွက်မလုံလောက်။ အချိန်ပိုတွေပင် လိုချင်သေးသည်။တန်ဖိုးရှိသောအချိန်ကို ဖြုန်းကြမည်လား။ အလွဲသုံးစား မလုပ်ကြသင့်။ အပိုစကားတွေ ပြောနေမည်လား။ အဓိက အနှစ်သာ ဆောင်ရွက်ကြမည်လား။ (အချိန်အား၍ လိုအပ်၍ အေးအေးဆေးဆေး ပြောကြ၊ ဆိုကြ၊တန်ဖိုးရှိရှိ သုံးစွဲခြင်းမျိုးကိုကား ခြွင်းချက်ထားပါသည်) လွဲမှားနေလျှင် ပြင်စေချင်သည်ပါ။ တန်ဖိုးမြင့်စေချင်တာ။

**တင်ပြချက်**

**(၁) လိုရင်းဖြစ်ပါစေ။**

**(၂) တိုတိုပြော၊ တိုတိုရေး။**

**(၃) ရှင်းလင်းပါစေမည်။**

**တစ်ရက်မှာ ၂၄ နာရီရှိသည်။ အလုပ်များသူများအတွက်မလုံလောက်။ အချိန်ပိုတွေပင် လိုချင်သေးသည်။ တန်ဖိုးရှိသောအချိန်ကို ဖြုန်းကြမည်လား။ အလွဲသုံးစားမလုပ်ကြသင့်။ အပိုစကားတွေ ပြောနေမည်လား။ အဓိက အနှစ်သာဆောင်ရွက်ကြမည်လား။**




## ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာများ အလုပ်ရုံဆွေးနွေးပွဲ သထုံတွင်ပြုလုပ်

**သထုံ မေ ၈**

ရန်ကုန်မြို့အခြေစိုက် တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း(CDES)နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့ ပူးပေါင်းကာ မွန်ပြည်နယ် သထုံမြို့ရှိ Two Lake Hotel & Resort တွင် ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် ငြိမ်းချမ်းရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက်မှ ၁၀ ရက်ထိ သုံးရက်ကြာ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဖက်ဒရယ်စနစ်၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်တို့မှာ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်မှုရှိသည့်အတွက် တိုင်းရင်းသားအများစုလိုလားသော ဖက်ဒရယ်စနစ်ကို မတည်ဆောက်နိုင်ပါက ငြိမ်းချမ်းရေးအစစ်အမှန်မရနိုင်သည့်အပြင် စစ်မှန်သော ဒီမိုကရေစီစနစ်လည်း ရနိုင်မည်မဟုတ်သည်ကို သိရှိစေလိုသည့်အတွက် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ဦးဆောင်ပြုလုပ်သူများက ရှင်းလင်းပြောကြားသည်။

"ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်တဲ့နေရာမှာ အထောက်အကူဖြစ်စေဖို့ရယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ဒီမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေ သိစေဖို့ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ပေးရတာပါ" ဟု တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်းမှ သုတေသနဒါရိုက်တာက ပြောသည်။

ဆွေးနွေးပွဲတွင် ဒီမိုကရေစီနှင့် မြန်မာ့အရေး၊ ဖက်ဒရယ်လှုပ်ရှားမှုသမိုင်းတိုင်းရင်းသား အများစုလိုလားသော ဖက်ဒရယ်ပြည်ထောင်စုစနစ်၊ ဖက်ဒရယ်စနစ်နှင့် အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံအရေးများအကြောင်း တို့ကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပအိုဝ်းလူငယ်အဖွဲ့အစည်းများနှင့် အခြားတိုင်းရင်းသားနှင့် လူငယ်များ စုစုပေါင်း ၅၀ တို့က တက်ရောက်ဆွေးနွေးသွားကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ရွှေ့လျားကျန်းမာရေး အခမဲ့ဆေးကုသမှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မောက်မယ် မေ ၈**

ကျေးရွာနေ တိုင်းရင်းသားပြည်သူများ ရောဂါဘယ ကင်းဝေးပြီး ကျန်းမာစေရေး ရည်ရွယ်၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်လျက်ရှိရာ မောက်မယ်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက ဦးဆောင်၍ မြို့နယ် လူမှုရေး အသင်းအဖွဲ့များနှင့် ကျန်းမာရေး စေတနာ့ဝန်ထမ်းများ ပူးပေါင်းပြီး မေ ၇ ရက် က မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကုန်းမလန်းကျေးရွာနှင့် အနီးအနားရွာရှိ ဆောင်ကဲကျေးရွာနှင့် နားတောင်ကျေးရွာ ရှမ်း၊ ပအိုဝ်း တိုင်းရင်းသားပြည်သူ ၂၀၀ ကျော်အား ကွင်းဆင်းပြီး ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ဆေးကုသရာဌာနသို့ မလာနိုင်သော သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ် နွေရာသီတွင် အယ်နီညို အမည်ရှိ အပူလှိုင်းဝင်ရောက်မည်ဖြစ်သောကြောင့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**



## ပူတာအိုမြို့နယ်အတွင်းရှိ တံတားများအား ပြင်ဆင်ဆောင်ရွက်သွားမည်

**ပူတာအို မေ ၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်အတွင်း မန်စေကျေးရွာနှင့် မန်စေခွန်ကျေးရွာအကြား ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းပိုင်းတွင် သွားလာရန်ခက်ခဲသည့် တံတားများအား ပြည်ထောင်စုဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ရက် (၁၀၀)အတွင်း ပြင်ထိန်းရန်ပုံငွေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောသီဟက ပြောကြားသည်။

အဆိုပါလမ်းပိုင်းတွင် ပြင်ဆင်ရန်တံတားများအား ယနေ့နံနက် ၉ နာရီက ခရိုင်ဦးစီးဌာနမှူး ဦးစောသီဟ၊ မြို့နယ်ဦးစီးဌာနမှူး ဦးရန်နိုင်စိုးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါလမ်းမကြီးမှာ အရှည် ခုနစ်မိုင်ရှိပြီး သစ်သားတံတား သုံးစင်း ပါဝင်ကာ အဆိုပါ တံတားများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြင်ထိန်းရန်ပုံငွေဖြင့် ရက် ၁၀၀ အတွင်း ပြည်သူများသွားလာနိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရာဇာဖွား(မြစ်ကြီးနား)**

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အသားပါသလား၊ ငါးပါသလား

## ဇာနည်စိုးထွန်း

ပြည်တွင်းက မွေးမြူထုတ်လုပ်တဲ့ငါးနဲ့ ကြက်သားတွေမှာ ပဋိဇီဝဆေးနှင့် ဓာတုဓာတ်ကြွင်းတွေပါဝင်နိုင်တဲ့အတွက် ကင်ဆာရောဂါ ဖြစ်စေနိုင်တယ်ဆိုတဲ့ စားသုံးသူကာကွယ်ရေး NGO အသင်းတစ်ခုရဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ တစ်ဦးက ဂျာနယ်မီဒီယာစာမျက်နှာမှာ ပြောကြားချက် ပါရှိလာပြီးတဲ့နောက် ပြည်ပကနေ တရားမဝင်တင်သွင်းလာတဲ့ အေးခဲအသားငါးတွေကြောင့် ပြည်တွင်းက မွေးမြူရေးလုပ်ငန်းရှင်တွေ နစ်နာထိခိုက်နေရတဲ့ အခြေအနေမှာ ဈေးကွက်ပါပျောက်ပြီး အရင်းအနှီးပြုတ် ဒေဝါလီခံရအောင်လုပ်လိုက်တာလားဆိုတဲ့ ဝေဖန်ချက်တစ်ခု လူမှုကွန်ရက်စာမျက်နှာမှာ တက်လာတာတွေ့ရပါတယ်။

ကျွန်တော်တို့တွေဟာ နေ့စဉ် အသက်ရှင်သန်ရေးနှင့် သွားလာလှုပ်ရှားမှုတွေအတွက် စွမ်းအင်လိုအပ်ချက် ရရှိအောင် အစားအစာတွေကို စားသုံးရာမှာ အခြေခံအချက်သုံးချက်နဲ့ ညီညွတ်ဖို့ အဓိကဖြစ်ပါတယ်။ (၁) ဘေးအန္တရာယ်ကင်းရှင်းလုံခြုံခြင်း (Safe)၊ (၂) အာဟာရဓာတ်ပြည့်ဝဖူလုံရေး (Nutritious)နှင့် (၃) ကျန်းမာရေးနှင့် ညီညွတ်ရေး (Healthy) ဆိုတဲ့ အချက်သုံးချက်ဖြစ်ပါတယ်။ အခုလို လူမှုအဖွဲ့အစည်း NGO ပညာရှင် တစ်ယောက်က ထုတ်ပြန်ပြောကြားခြင်းဟာ စားသုံးသူတွေကို အထက်ပါ အချက်သုံးချက်ထဲက ပထမအချက်ဖြစ်တဲ့ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေး (Safe) ဖြစ်အောင် တပ်လှန့်သတိပေးလှုံ့ဆော်ခြင်း (Public alert) လုပ်လိုက်တာ ဖြစ်တယ်လို့ သဘောထားကြဖို့ လိုအပ်ပါတယ်။

ပြည်ပက တရားမဝင်တင်သွင်းလာတဲ့ သားငါးတွေကို တားဆီးဖို့ရာနှင့် ဈေးကွက်ထဲမှာ ပြောင်ပြောင်တင်းတင်း တရားဝင်သကဲ့သို့ ရောင်းချနေတာကို ကာကွယ်အရေးယူဖို့ကိစ္စဟာ သက်ဆိုင်ရာတာဝန်ရှိတဲ့ ဌာနဆိုင်ရာတွေက ကြပ်မတ်ကွပ်ကဲအရေးယူဆောင်ရွက်ပေးဖို့ လိုအပ်သလို ပြည်တွင်းလုပ်ငန်းရှင်တွေကို အထက်ပါ အခြေခံအချက်သုံးချက်နဲ့ညီညွတ်ပြီး ယှဉ်ပြိုင်ရောင်းချနိုင်တဲ့ဈေးနှုန်းမျိုးနဲ့ မွေးမြူထုတ်လုပ်စီမံ ရောင်းချနိုင်အောင်လည်း အစိုးရဝန်ကြီးဌာနတွေက လိုအပ်သလို ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ လူသားအရင်းအမြစ် လေ့ကျင့်သင်ကြား မွေးထုတ်ရေးနှင့် ဈေးကွက်ရယူနိုင်ရေးမှာ လက်တွဲကူညီပံ့ပိုးပေးဖို့ လိုအပ်နေတာအမှန်ပါပဲ။ လက်ရှိဝန်ကြီးတာဝန်ထမ်းဆောင်နေတဲ့ ပြည်ထောင်စုအဆင့် တာဝန်ယူထားသူဟာလည်း ကိုယ်တိုင်က Technocrat တစ်ယောက်ဖြစ်နေတာကြောင့် ပိုမိုသိရှိတတ်ကျွမ်းပြီး အောင်မြင်စွာ လုပ်ကိုင်ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ရပါတယ်။

ဒီကနေ့ ကျွန်တော်တို့ စားသုံးနေကြရတဲ့ သားငါးတွေဟာ တကယ်ပဲ ပါမောက္ခပညာရှင် NGO ဥက္ကဋ္ဌ ပြောကြားသွားသလို (Biological Hazard) ဇီဝဘေးအန္တရာယ်၊ (Chemical Hazard) ဓာတုပစ္စည်းဘေးအန္တရာယ်တွေ ပါရှိနိုင်ပါသလား။ အဲဒါ စံချိန်စံညွှန်း ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်ကြီးကြပ်စီမံရေးနဲ့ စားသုံးရန်သင့်၊မသင့် စစ်ဆေးကြပ်မတ်တဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေက ဖော်ထုတ်အရေးယူပြီး ပြည်သူလူထုစားသုံးသူများသို့ အဆက်မပြတ် အချိန်နှင့်တစ်ပြေးညီ Just in time ထုတ်ဖော်ကြေညာအသိပေးသွားရမယ့် တာဝန်ရှိပါတယ်။ ဒီနေရာမှာ အသင့်ထုပ်ပိုးပြီး အလွယ်တကူ စီမံစားသောက်နိုင်တဲ့ (Packed Ready to Consume food staffs) တွေကိုသာမဟုတ်ဘဲ မချက်ပြုတ်၊ မစီမံရသေးတဲ့ သားငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်၊ ဟင်းခတ်အမွှေးအကြိုင်၊ ရသာဖြည့်စွက်ပစ္စည်း (Food Additives) ဥပမာ ကြက်သားမှုန့်၊ ဟင်းခတ်မှုန့်တွေကအစ သေချာတိကျမှန်ကန်ပြတ်သားစွာ စစ်ဆေးကြပ်မတ်ပြီး စားသုံးသူပြည်သူလူထုကို အမြဲသတိပေးထုတ်ပြန်ပေးသွားဖို့ လိုအပ်ပါလိမ့်မည်။ အဲဒီလိုလုပ်ငန်းစဉ်မျိုးနဲ့ ပတ်သက်လို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ ဈေးထဲနှင့် စူပါမတ်ကက်ထဲက သားငါးကုန်စိမ်းတွေကို သတ္တုပြင်းကူးစက်ပါဝင်မှု (Heavy Metal Contamination) ပါဝင်မှုရှိမရှိ Metal detectors ဖြင့်ဖြစ်စေ၊ X-ray inspection စက်ဖြင့်ဖြစ်စေ စစ်ဆေးဖော်ထုတ်အရေးယူနိုင်တာကို စံနမူနာယူပြီး မြန်မာနိုင်ငံမှာလည်း သက်ဆိုင်ရာအစိုးရဌာနတွေအနေနဲ့ သီးခြားဘတ်ဂျက်ခွင့်ပြုငွေ (အလွန်များပြားတဲ့ ငွေကြေးပမာဏလည်းမဟုတ်ပါဘူး)ကို လွှတ်တော်မှတစ်ဆင့်တောင်းခံပြီး လွှတ်တော်ကလည်း ပြည်သူ့ကျန်းမာရေး (Public Health) အရေးအဖြစ် ခွင့်ပြုနိုင်လိမ့်မယ်လို့ ယုံကြည်ရပါတယ်။ ကာကွယ်ရေးသည် ကုသရေးထက် ထိရောက်သည်လို့ ဆိုရိုးရှိရာမှာ အစားအစာမှတစ်ဆင့် ကူးစက်ခံစားရရှိနိုင်တဲ့ ရောဂါများကို ကြိုတင်ကာကွယ်ခြင်းသည် ၎င်းတို့ကို စားသုံးမိရာက ရရှိလာမည့် ရောဂါဘယတွေကို တစ်ဦးချင်း သို့မဟုတ် အစုလိုက်၊ အပြုံလိုက်ကုသပေးရခြင်းထက်စာရင် ကျန်းမာရေးအသုံးစရိတ် များစွာသက်သာလျော့နည်းသွားမှာကို တွက်ဆပြီး လွှတ်တော်နှင့်အစိုးရက လက်တွဲပူးပေါင်းခွင့်ပြု ဆောင်ရွက်ပေးသင့်ပါတယ်။

အမေရိကန်ပြည်ထောင်စု အစားအစာနှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာန FDA၊ စိုက်ပျိုး(မွေးမြူ) ရေးဌာန (USDA -United States Department of Agriculture) နှင့် ရောဂါဘယများ ကြိုတင်ထိန်းချုပ်ကာကွယ်ရေး ဗဟိုဌာန (CDC -Center of Disease Control and Prevention) ဆိုတဲ့ ညီနောင်ဌာနအဖွဲ့အစည်းရှိကြရာမှာ CDC ရဲ့ ၂၀၁၁ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ချက်အရ အမေရိကန်ပြည်ထောင်စုမှာ နှစ်စဉ် လူခြောက်ဦးလျှင် တစ်ဦးသည် အစားအစာမှ ဖြစ်ပွားသောရောဂါ Foodborne Diseases ကို ခံစားရပြီး စုစုပေါင်း ၄၈ သန်းရှိသည်ဟု သိရပါတယ်။ အဲဒီလို အစားအစာကြောင့် ဖြစ်ပွားရတဲ့ ရောဂါဘယတွေအထဲမှာမှ Salmonella bacteria ကူးစက်မှုကတစ်ဆင့် ဖြစ်ပွားတဲ့ရောဂါကို ကုသပေးဖို့ အသုံးပြုရတဲ့ ကျန်းမာရေးအသုံးစရိတ်ဟာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၆၈ သန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီအထဲမှာ ရောဂါဖြစ်ပွားလို့ အလုပ်မလုပ်နိုင်ဘဲ ခွင့်ယူပျက်ကွက်ရမှုကြောင့် ဖြစ်ပေါ်လာတဲ့ Productivity Loss တန်ဖိုးပမာဏ မပါဝင်သေးပါဘူး။

မြန်မာနိုင်ငံမှာ အများပြည်သူများ စားသုံးနေကြရတဲ့ အစားအစာတွေကို ကုန်ကြမ်းမွေးမြူ၊ စိုက်ပျိုး၊ ဖမ်းဆီး၊ ထုတ်လုပ်မှု (Raw)၊ သိမ်းဆည်းသိုလှောင်မှု (Storage)၊ သယ်ယူပို့ဆောင်မှု (Transport)၊ ပြုပြင်စီမံချက်ပြုတ်မှု (Processing)၊ ထုတ်ပိုးမှု (Packaging)နှင့် ရောင်းချဝန်ဆောင်မှု (Servicing) ဆိုတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်တွေကို Farm-to-Fork အဆင့်တိုင်းမှာ ထုတ်လုပ်သူ၊ ရောင်းချသူ၊ သယ်ယူပို့ဆောင်သူ၊ စစ်ဆေးကြပ်မတ်အရေးယူသူ၊ သင်ကြားလေ့ကျင့်ပညာပေးကူညီမှုစတဲ့ အရေးကြီးလိုအပ်ချက်အရပ်ရပ်ကို အစိုးရ၊ လွှတ်တော်နှင့် ပညာရှင်အဖွဲ့အစည်းများက အလေးထားဆောင်ရွက်ပေးဖို့ မျှော်လင့်ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

**ပြည်ပက တရားမဝင်တင်သွင်းလာတဲ့ သားငါးတွေကို တားဆီးဖို့ရာနှင့် ဈေးကွက်ထဲမှာ ပြောင်ပြောင်တင်းတင်း တရားဝင်သကဲ့သို့ ရောင်းချနေတာကို ကာကွယ်အရေးယူဖို့ကိစ္စဟာ သက်ဆိုင်ရာတာဝန်ရှိတဲ့ဌာနဆိုင်ရာတွေက ကြပ်မတ်ကွပ်ကဲအရေးယူဆောင်ရွက်ပေးဖို့ လိုအပ်သလို ပြည်တွင်းလုပ်ငန်းရှင်တွေကို အထက်ပါအခြေခံအချက်သုံးချက်နဲ့ညီညွတ်ပြီး ယှဉ်ပြိုင်ရောင်းချနိုင်တဲ့ဈေးနှုန်းမျိုးနဲ့ မွေးမြူထုတ်လုပ်စီမံရောင်းချနိုင်အောင်လည်း အစိုးရဝန်ကြီးဌာနတွေက လိုအပ်သလို ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ လူသားအရင်းအမြစ်လေ့ကျင့်သင်ကြား မွေးထုတ်ရေးနှင့်ဈေးကွက်ရယူနိုင်ရေးမှာ လက်တွဲကူညီပံ့ပိုးပေးဖို့လိုအပ် . . .**

## မြို့နယ် ခုနစ်မြို့နယ်မှ မြေတိုင်းဝန်ထမ်းများအား မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း ရက်တိုသင်တန်း ကသာမြို့၌ ဖွင့်

**ကသာ မေ ၈**

ကသာခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ သင်တန်းမတက်ရောက်ရသေးသည့် မြေတိုင်း(၅) ဝန်ထမ်းများအား လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း ရက်တိုသင်တန်းကို မေ ၆ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသား ၄၀ တက်ရောက်ပြီး စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးအတွက် အဓိကရည်ရွယ်လျက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် မြို့စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကားများ ပြောကြားကြပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မျိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**(ခရိုင်ပြန်/ဆက်)**



## သုံးခွမြို့နယ် ရပ်ကွက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးဆောင်ရွက်

**သုံးခွ မေ ၈**

ယနေ့ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အဖြစ် သောက်သုံးရေလိုအပ်လျက်ရှိသော ပြည်သူများကို သောက်သုံးရေလှူဒါန်းပေးလျက်ရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ပေါ်ရပ်ကွက်အချို့၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ကြက်ခြေနီအသင်း၊ ကြက်ခြေနီသူနာပြုတပ်ရင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ ဝန်ထမ်းများ၊ တပ်ဖွဲ့ဝင်များက မေ ၈ ရက် နံနက် ၉ နာရီက ဖြန့်ဝေလှူဒါန်းပေးကြသည်။

သောက်သုံးရေဖြန့်ဝေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရေဂါလန် ၆၀၀ ဆံ့ ရေသယ်ဘောက်ဆာတစ်စီး၊ မီးသတ်ဦးစီးဌာနက ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ဘောက်ဆာတစ်စီး၊ မြို့နယ်စည်ပင်သာယာရေးဌာနက ရေဂါလန် ၈၀၀ ဆံ့ ရေသယ်ဘောက်ဆာတစ်စီးတို့ ပူးပေါင်းကာ ရေလှူဒါန်းကြသည်။ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးသွင်ယုနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးမှူးနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀ ခန့်က သောက်သုံးရေလိုအပ်လျက်ရှိသော အမှတ်(၇)ရပ်ကွက် တိုးချဲ့ အေ၊ ဘီ၊ စီလမ်းများ၊ အမှတ်(၉)ရပ်ကွက် အောင်မင်္ဂလာပိုင်း၊ အမှတ်(၁၂)ရပ်ကွက် ရေချိုပိုင်းတို့၌ နေထိုင်သူပြည်သူများအား သောက်သုံးရေဂါလန် တစ်သောင်းနှစ်ထောင်နှင့် အလှူရှင်များက ရေသန့်ဘူး ၂၈၃ ဘူးတို့ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(ကြည်စိုးလွင်-သုံးခွ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးကျွန်းဒေသတွင် အုန်းနှင့်အုန်းထွက်ပစ္စည်းလုပ်ငန်းမှာ အခြေခံအားဖြင့်ရှိပြီးသားဖြစ်ပြီး ယခင်ကတည်းက လုပ်ဆောင်နေသည့်လုပ်ငန်းဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အောင်မြင်မည်ဟုယုံကြည်ကြောင်း၊ ဒေသအတွင်းတွင်လည်း အုန်းပင်အသစ်များ ပြန်လည်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ အုန်းနှင့် အုန်းထွက်ပစ္စည်းလုပ်ငန်းအပြင် နွားမွေးမြူရေးလုပ်ငန်းများကိုလည်း ခြံသွင်းစနစ်ဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်အောင် ဆောင်ရွက်သင့်ကြောင်း၊ တပ်မတော်အနေဖြင့် လိုအပ်သည့် အကူအညီများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့နိုင်ငံတော် သွားနေသည့် လမ်းကြောင်းမှာ ပြည်သူကရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြစ်ပြီး အခြားနိုင်ငံများနည်းတူ အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်အောင် ဝိုင်းဝန်းပါဝင်လုပ်ဆောင်ရန်လိုကြောင်း၊ မိမိဒေသ၏လိုအပ်ချက်များအပေါ် အားငယ်မနေဘဲ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာတိုးတက်ရေးဆိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်(ရေ)ရေတပ်အခြေစိုက်စခန်း နွားမွေးမြူရေးခြံ၊ အကျဉ်းစခန်းဟောင်း၊ ကိုကိုးကျွန်း ဘန်ဂလိုတည်ဆောက်မည့်နေရာများနှင့် ဂျပန်ကတုတ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂျပန်ကတုတ် ၂၂ လုံးရှိခဲ့ပြီး ယခုအချိန်တွင် ၁၂ လုံးသာကျန်ရှိခြင်းကြောင့် ၎င်းတို့ကို မူလအခြေအနေမပျက် ဆက်လက်ထိန်းသိမ်းထားရှိရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ရေတပ်အခြေစိုက်စခန်းရိပ်သာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် ရေတပ်အခြေစိုက်စခန်းခေတ္တစခန်းမှူးတို့က သဘော်ဆိပ်ခံတံတား Jetty ဆောက်လုပ်ခြင်းဆိုင်ရာအချက်အလက်များ၊ အုန်းပင်တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ အစားထိုးစိုက်ပျိုးခြင်းနှင့် မြေနေရာရွေးချယ်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုလက်ရှိဆောက်လုပ်နေသည့် Jetty မှာ ပင်လယ်ရေများ ကျော်လွန်နေမှုများ တွေ့ရှိရသဖြင့် ယင်းကဲ့သို့ မကျော်လွန်အောင် သတ်မှတ်ထားသည့် အမြင့်ရရှိစေအောင် ဆောင်ရွက်သွားရန်၊ အုန်းပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ ငါးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျစိုက်ပျိုးရန်၊ အုန်းကိုအခြေခံပြီး အိမ်တွင်းစက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်တို့အား မှာကြားသည်။

ယင်းနောက် ကိုကိုးကျွန်း မီတာ ၁၀၀ ဆိပ်ခံတံတား Jetty တည်ဆောက်နေမှုအခြေအနေများ၊ ကိုကိုးကျွန်းလေယာဉ်ကွင်း၊ လေယာဉ်ပြေးလမ်း တိုးချဲ့ပြီးစီးမှုအခြေအနေများနှင့် ကျွန်းမြေများကို ပင်လယ်ဒီရေတိုက်စားမှုမှ ကာကွယ်ရန်မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးကျွန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မုန်းချောင်း၊ မန်းချောင်း၊ ကျီးအုံကျီးဝရေလှောင်တမံများပျက်စီးမှုနှင့် ရာဇဂြိုဟ်ရေလှောင်တမံ ပြုပြင်မှုများကို ယခုနှစ် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်သွားမည်ဖြစ်

**ရန်ကုန် မေ ၈**

မုန်းချောင်း၊ မန်းချောင်း၊ ကျီးအုံကျီးဝရေလှောင်တမံများပျက်စီးမှုနှင့် ရာဇဂြိုဟ်ရေလှောင်တမံပြုပြင်မှုများကို ယခုနှစ် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပြောသည်။

မေ ၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်တွင် ပြုလုပ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးလုပ်ငန်းများ၏ ထိန်းသိမ်းရေးလုပ်ငန်းများ၊ လက်ရှိဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် အကြံဉာဏ်နှင့် အတွေ့အကြုံများကို ဆွေးနွေးအကြံပြုပေးနိုင်ရေးဆွေးနွေးပွဲတွင် ၎င်းက ပြောကြားခြင်းဖြစ်သည်။



၂၀၁၅ ခုနှစ် မိုးရာသီမတိုင်မီ ကျီးအုံကျီးဝ ရေလှောင်တမံအား တွေ့ရစဉ်။(ဓာတ်ပုံ-ဆည်မြောင်း)

"မိုးမကျမီ ၇ လပိုင်းဆို အားလုံးပြီးသွားမှာဖြစ်ပါတယ်။ ရေကျော်တဲ့အချိန်မှာ လုပ်နိုင်မှာမဟုတ်တဲ့အတွက် မိုးမရွာခင်၊ ရေမကျော်ခင်အချိန်မှာ ပြီးအောင်လူအင်အား၊ စက်ယန္တရားအင်အားတွေနဲ့ စီမံဆောင်ရွက်နေတယ်။ မုန်းချောင်းရေလှောင်တမံရဲ့ ရေပိုလွှဲပြုပြင်ခြင်းနဲ့ အကူရေပိုလွှဲ ထပ်မံတည်ဆောက်တာတွေ၊ ကျီးအုံကျီးဝရေလှောင်တမံ ထပ်မံတည်ဆောက်တာတွေနဲ့ ပင်မရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းတွေကို သတ်မှတ်ချိန်အတွင်းပြီးအောင် ခွင့်ပြုထားတဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးကျော်မြင့်လှိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်နယ်စပ်ရှိ ရာဇဂြိုဟ်အထက်ရှိ သဘာဝမြေပြိုကန်နှင့်ပတ်သက်ပြီး ကြားသိရသည့် အခြေအနေများနှင့် ဌာန၏သုံးသပ်ချက်အရ စိုးရိမ်စရာမလိုကြောင်း မြေပြိုကန်သို့ သွားရောက်ခဲ့သည့် ပညာရှင်များကလည်း ဓာတ်ပုံ/ဗီဒီယိုအထောက်အထားများဖြင့် ရှင်းလင်းတင်ပြပြီးဖြစ်ကြောင်းနှင့် ရာဇဂြိုဟ်ဆည်ကြောင့်လည်း ကလေးမြို့ ရေကြီးနစ်မြုပ်မှုမဖြစ်နိုင်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

"ဆည်တွေနဲ့ပတ်သက်လို့ ခိုင်ခံ့မှုအတွက် ရာခိုင်နှုန်းပြည့် အာမခံတယ်။ ရာသီဥတုပေါ်မှာ ဖြစ်ပေါ်လာတဲ့ ပြဿနာဟာ ဆည်မြောင်းဦးစီးဌာနရဲ့ ဆောင်ရွက်ချက်ကြောင့် မဟုတ်ဘူး။ ရာသီဥတုဘယ်လောက်ပဲဖောက်ပြန်သော်ငြားလည်း ပြီးခဲ့တဲ့ဖြစ်စဉ်အပေါ်မှာ ဆည်တွေကျိုးခြင်း၊ ပေါက်ခြင်း တစ်ခုမှမရှိခဲ့ဘူး။ ဆည်တွေနဲ့ပတ်သက်လို့ ပြင်ပမှာ ပြောဆိုဝေဖန်နေတဲ့အပေါ်မှာ ရေပိုလွှဲဆို ပိုတဲ့ရေပဲ စွန့်ထုတ်သွားမှာဖြစ်သလို ရေထုတ်ပြွန်ဆိုတာလည်း သတ်မှတ်တဲ့ဧက၊ ပေအတွက်ကိုသာလျှင် ရေကို ထုတ်လွှတ်နိုင်မှာဖြစ်တယ်။ ဆည်တွေက ထုတ်လွှတ်လို့ပါ၊ ရေပိုလွှဲတွေကနေ ထုတ်လို့ပါဆိုတာတွေဟာ လုံးဝလွဲမှားတဲ့အယူအဆ အသုံးအနှုန်းဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပြောသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့တွင် ပုလဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကျီးအုံကျီးဝတမံပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်နယ်စပ် ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝ မြေပြိုကန်တို့အတွက် ယခုလာမည့်မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့တင်သွင်းခဲ့ကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ တင်ပြချက်တွင် ဆည်မြောင်းတာတမံများ၏ ရေပိုလွှဲမှရေကျော်ကျမှုဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ခဲ့ပါကြောင်း ဆည်ကြီးများကျိုးပျက်မည်ဆိုပါက ယခင်နှစ်ကထက် ပိုမိုထိခိုက်ခံစားရနိုင်ပါကြောင်း၊ ပညာရှင်များ၏ ခန့်မှန်းချက်များအရ မြန်မာနိုင်ငံသို့ မုတ်သုံရောက်ရှိရန်မှာ မေလတတိယပတ်နှင့် နောက်ဆုံးပတ်အတွင်းဖြစ်ပြီး ဇူလိုင်လတွင် ဆည်ကြီးများနှင့် မြေပြိုကန်များအတွင်း မိုးရေများ အလုံးအရင်းနှင့် ဝင်ရောက်လာနိုင်ကြောင်း၊ ထို့ကြောင့် အချိန်မီ ပြင်ဆင်ကာကွယ်မှုများ မဆောင်ရွက်နိုင်ပါက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင်ရှိသည့် လူဦးရေ နှစ်သိန်းခွဲကျော်သည် ယခင်နှစ်ကထက် ကြီးမားသည့် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း တင်ပြထားသည်။

မြန်မာနိုင်ငံတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ တာဝန်ယူတည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံ ၂၃၅ ခု၊ ရေလွှဲဆည် ၁၀၆ ခု၊ ရေလှောင်ကန် ၇၁ ကန်၊ ရေထိန်းတံခါး ၁၆၉ ခုရှိကြောင်း သိရသည်။

**(သီသီမင်း)**

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ (၆၁)ကြိမ်မြောက် အလင်းဒါနပြုလုပ်ပြီးစီး

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ဘောက်ထော်ပြည်သာယာ၌ တည်ရှိသော သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ လစဉ် မျက်စိဝေဒနာရှင်များအား ကုသိုလ်ဖြစ်မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်ပေးလျက်ရှိရာ မေ ၂၊ ၅၊ ၇၊ ၈ ရက်များတွင် အထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် မျက်စိဝေဒနာရှင်ဦးရေ ၁၃၀ ကို ခွဲစိတ်ကုသအလင်းရအောင် ပြုလုပ်ပေးနိုင်ခဲ့ပြီး (၆၁)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင်ဦးရေ ၇၆၀၀ တို့ကို အလင်းရအောင် ပြုလုပ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လစဉ်မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်နိုင်ရန်အတွက် ရွှေပြည်ဟိန်းဆရာတော်ကြီး၏ ဦးစီးဦးဆောင်ပြုမှုနှင့်အတူ ကုသိုလ်ရှင်များကလည်း တတ်အားသရွေ့ အလှူငွေများ လှူဒါန်းပေးလျက်ရှိပြီး မေ ၂၁ ရက်(စနေနေ့) နံနက်ပိုင်းတွင် (၆၂)ကြိမ်မြောက် ခွဲစိတ်မှုအဖြစ် မျက်စိဝေဒနာရှင်များအား လက်ခံစစ်ဆေးပေးမည်ဖြစ်ကြောင်း၊ မျက်စိခွဲစိတ်ကုသလိုသူများအနေဖြင့် ကြိုတင်စာရင်းသွင်းလက်ခံစစ်ဆေးမှုခံယူနိုင်ရန်အတွက် ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ ဖုန်း- ၀၁-၅၄၁၄၉၃ နှင့် ၀၉-၇၃၀၅၆၅၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(ရာမည)**

## ပြည်တွင်းရေးရာ

**○ အင်းလေးကန်မှ**

ဆောင်ရွက်ရန် အင်းလေးကန်အတွင်း ရေလမ်းကြောင်းများ၊ နုန်းပို့ပြင်များ၊ သဲနုန်းများကို လေးပေမှ ၁၀ ပေအထိ တူးဖော်ခြင်းလုပ်ငန်းများ၊ ရေဝေ၊ ရေလဲဒေသများ၊ သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ အင်းလေးကန် ရေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းများ၊ စက်လှေများ အိတ်ဇောစနစ်ပြောင်းလဲပြီး ဆူညံသံလျှော့ချ၍ အသံထိန်းစနစ်များ၊ ရေပျော်ရှားပါးငါးမျိုးစိတ်များ သေကျေမှုမရှိရန် လုပ်ငန်းများ၊ ဓာတ်မြေဩဇာသုံးစွဲမှုထိန်းရန် လုပ်ငန်းများကို ကဏ္ဍအလိုက် စနစ်တကျ စီစဉ်ဆောင်ရွက်လုပ်ကိုင်နေပြီဖြစ်သည်။

အင်းလေးကန်ကို ၁၉၈၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စတင်၍ အင်းလေးကန်ရပ်ဝန်းဒေသထူထောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန်၉ ရက်တွင်အင်းလေးကန်ဇီဝအဝန်းနယ်မြေအဖြစ် တိတိပပသတ်မှတ်ခဲ့သည်။

နိုင်ငံတော်က ရှမ်းပြည်နယ် အင်းလေးကန်တောရိုင်းဘေးမဲ့တော အာဆီယံ အမွေအနှစ်ဥယျာဉ် (ASEAN Heritage Park)အဖြစ် ကမ္ဘာ့သစ်တောကဏ္ဍ သဘာဝစိမ်းလန်းစိုပြည်ရေး၊ ရေတိမ်ဒေသဂေဟစနစ်နှင့် မျိုးကွဲများ စဉ်ဆက်ထိန်းသိမ်းရာဒေသအဖြစ် ငွေကြေးဘီလီယံများစွာ အကုန်အကျခံ၍ လုပ်ဆောင်ပေးလျက်ရှိသည်။

ကမ္ဘာတွင် အင်းလေးကန်ရပ်ဝန်းဒေသသည် ဘူမိရုပ်သွင် ထူးခြားမှု၊ သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်မှု၊ သုတေသနပညာရှင်များစိတ်ဝင်စားမှုနှင့် ကမ္ဘာတွင် လုံးဝမရှိသော ငါးမျိုးစိတ် ၁၆ မျိုးတို့ကြောင့် အင်းလေးကန် ရေရှည်တည်တံ့စေရေးကို အလေးထားဆောင်ရွက်နေကြောင်း သိရသည်။

အင်းလေးကန်သည် ကမ္ဘာတွင် ထူးခြားသော ရုပ်သွင်ပြင်ထူးခြားချက်များက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှု တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ပြယုဂ်တစ်ခုဖြစ်သည်။

အင်းလေးကန်သည် ၁၉၅၈ ခုနှစ် သုတေသီတစ်ဦး၏ သုတေသနစစ်တမ်းအရ အင်းလေးရေပြင်အကျယ်မှာ ၂၅ ဒသမ ၈ မိုင်ရှိပြီး ရေပြင်နှင့် ကျွန်းပေါ်ရှိ ကျူတော၊ ဖောင်းတော အပါအဝင် ၇၅ ဒသမ ၄ မိုင်ကျယ်သည်ဟု သိရှိရပြီး ယခုအချိန်တွင် ရေပြင်အကျယ် အလျား ၁၁ မိုင်၊ အနံလေးမိုင်၊ ရေထုအနက် ၁၂ ပေသာ ကျန်လျက်ရှိကြောင်း သိရသည်။ ၁၉၉၃ ခုနှစ်တွင် UNDP နှင့် FAO တို့၏ ပူးပေါင်းသုတေသနပြုချက်အရ အင်းလေးကန်သည် တစ်နှစ်လျှင် ၃ ဒသမ ၅ စင်တီမီတာခန့် အနည်ပို့ချလျက်ရှိနေပြီး စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းမှုမရှိပါက အင်းလေးကန် ဧရိယာကျဉ်းမြောင်းလာမည်ဖြစ်ကြောင်း သိရသည်။

အင်းလေးကန်သည် တန်ခူးလ မရောက်ခင်အချိန်တွင် ရေနည်းလာတတ်ပြီး ဝါဆို၊ဝါခေါင်တွင် ရေပြန်လည်များပြားလာကြောင်း ဒေသခံများ၏ ပြောဆိုမှုအရ သိရသည်။

ဒေသခံမထွေးညိုက "ကျွန်မတို့ ဖောင်တော်ဦးနားတစ်ဝိုက်မှာတော့ ရေက အရင်နှစ်တွေလောက် သိသိသာသာမကျသေးပါဘူး။ ကျွန်မတို့ ငယ်ငယ်တုန်းကထက်စာရင်တော့ ကျတယ်။ ဒီနှစ်က ရေသိသိသာသာမကျဘူးဆိုတာက သဲနုန်းတွေ ဆယ်ထားတယ်။ အင်းလေးကန်ရေထွက်ပေါက်နေရာတွင် ထိန်းထားလို့ပါ။ ခရီးသွား ဧည့်သည်တွေကတော့ ပုံမှန်အတိုင်း လာနေကျပါ။ ဒီနှစ်က ပြည်တွင်းခရီးသွားဧည့်သည်တွေ ယခင်နှစ်ထက် ပိုမိုများပြားပါတယ်" ဟု ပြောသည်။

ညောင်ရွှေစက်လှေဆိပ်မှ စက်လှေမောင်းနှင်သူ ကိုအင်းမောင်မောင်က "ကျွန်တော်တို့ လှေဆိပ်က အရင်အရင်တုန်းက စက်နှိုးပြီးတန်းမောင်းထွက်လို့ရတယ်။ အခုဆိုရင် တုတ်ထောက်ပြီး လူနဲ့ကူတွန်းပြီးမှ ထွက်လို့ရတယ်။ အရင် စက်လှေတစ်စင်းကို ခရီးသည် ၁၅ ဦးလောက်တင်ပြီး မောင်းလို့ရတယ်။ ရေနည်းလာတဲ့အတွက်ကြောင့် ခုနစ်ဦး၊ ရှစ်ဦးလောက်ပဲတင်ပြီး ထွက်ရတယ်"ဟု ဆိုသည်။

အင်းလေးကန်သည် ဘူမိဗေဒပညာရှင်များ၏အဆိုအရ လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၀၀ ခန့်က ထုံးကျောက်များ အရည်ပျော်ရာမှ ဖြစ်ပေါ်လာသော ပျော်ဝင်ကန် (Solution Lake)တစ်ခုဖြစ်ပြီး ထုပြက်ရွှေ့ (Block Faulting)အင်းလေးကန်တစ်ဖက်တစ်ချက်ရှိ အက်ကြောင်းကြီးနှစ်ခု၏ အလယ်ထုသည် အောက်သို့ လျော့ကျမှုကြောင့် ဖြစ်ပေါ်လာသော ရေအိုင်ဟု ဆိုကြသည်။

အင်းလေးကန်သည် ရေကိုလိုသမျှ ပိတ်လှောင်ပြီး သိုလှောင်သောတမံ တစ်ခုမဟုတ်ဘဲ သဘာဝရေကန်အဖြစ် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးမှုမရှိအောင် ထိန်းသိမ်းပေးသော ရေသိုလှောင်တမံလုပ်ငန်းတစ်ခုဖြစ်သည်။

အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)တို့ ပူးပေါင်း၍အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၈ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ပြုလုပ်ခဲ့သည်။

ကန်အတွင်း ရောက်ရှိလာသည့်ရေသည် ရေဝေရေလဲနှင့် ရေဦးရေဖျားဒေသများမှ စီးဆင်းလာခြင်းကြောင့် ယင်းဒေသများ၌ ပတ်ဝန်းကျင်အခြေအနေပြောင်းလဲမှုများကြောင့် ကန်အတွင်းရှိ ရေသယံဇာတများနှင့် သက်ရှိများကို ကောင်းကျိုး၊ဆိုးကျိုး သက်ရောက်စေနိုင်သည့်အတွက် အင်းလေးကန်ရေရှည်တည်တံ့စေရန် ရေကန်တွင်းသာမက ရေဝေရေလဲ ဒေသကြီးတစ်ခုလုံးကို ထည့်သွင်းစဉ်းစား လုပ်ဆောင်သွားရန်နှင့် အင်းလေးကန်ကြီး စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ထူးခြားသည့် ဝိသေသများကို ထည့်သွင်းစဉ်းစားပြီး ကန်အတွင်းနှင့် ကန်၏ရေဝေရေလဲဒေသများအကြား အချင်းချင်းအကြောင်းအကျိုးကိစ္စရပ်များ ယှက်နွယ်ဆက်စပ်၍ စီမံခန့်ခွဲလုပ်ဆောင်ကာ ပြဿနာများကို မှန်မှန်ကန်ကန်ဖြင့် အောင်မြင်စွာဖြေရှင်းနိုင်ရန် အဓိကအခြေခံ၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။



အင်းလေးဒေသခံ
မထွေးညို

အင်းလေးကန်၏ အချို့ကျေးရွာများတွင် နွေရာသီကာလဖြစ်သည့်အတွက် ရေခန်းခြောက်လျက်ရှိသော်လည်း ဆည်မြောင်းဦးစီးဌာနအနေဖြင့် ထူးကဲသည့် ရေကျဆင်းမှုမဖြစ်ပေါ်စေရေးနှင့် အင်းလေးကန်၏ ချောင်းပေါ်တွင် ရေကျဆင်းမှုလျော့နည်းသက်သာစေရန်အတွက် ရေမြင့်အဆောက်အအုံသစ်နှစ်ခုဖြင့် ပိတ်ဆို့သင့်သော ရေလမ်းကြောင်းများကို ပိတ်ဆို့ပေးကာ တူးဖော်ပေးရန် လိုအပ်သော ရေလမ်းကြောင်းများကို တူးဖော်ပေးလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။

နေ့စဉ်နှင့်အမျှ အဓိကကျသော နမ့်ကတ်ချောင်းမှ ဖြတ်ကျော်၍ ဖောင်တော်ဦးဘုရားသို့သွားလာရာ ရေလမ်းမကြီးနှင့် အလိုပေါက်ဘုရား ရေလမ်းမကြီးတစ်လျှောက်တွင် အခက်အခဲမရှိ စက်တပ်လှေများဖြင့် ကူးသန်းသွားလာလျက်ရှိနေသည်။

အင်းလေကန် ရေရှည်တည်တံ့စေရေးနှင့် ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က သစ်တောပြုန်းတီးမှုကို ကာကွယ်ရန် အင်းလေကန်မိုင် ၂၀ ဝန်းကျင်၌ သစ်ပင်ခုတ်ခြင်းကို တင်းတင်းကျပ်ကျပ်တားမြစ်ပြီး ရှိပြီးသားသစ်တောကို ထိန်းသိမ်းကာ သစ်ပင်များစိုက်ရန် လိုအပ်ကြောင်းဒေသခံများအား ထင်းအစားထိုးစွမ်းအားမြင့်မီးဖိုများ အခမဲ့ပေးဝေပြီး လျှပ်စစ်ရရှိသည့် ကျေးရွာများတွင် လျှပ်စစ်နှင့် ချက်ပြုတ်နိုင်ရန် ဆွေးနွေးအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ အင်းလေးကန် ရေအရည်အသွေး နိမ့်ကျမှု ဖြစ်ပေါ်နိုင်သည့် စိုက်ပျိုးရေးတွင် အသုံးပြုသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ နေအိမ်များတိုးချဲ့ ဆောက်လုပ်ခြင်းနှင့် အညစ်အကြေးများ ရေထဲတိုက်ရိုက်စွန့်ထုတ်ခြင်းများကို ကုစားရန်လိုအပ်ကြောင်း၊ ကန်အတွင်းစီးဝင်သည့် အဓိက ချောင်းကြီးလေးချောင်းအား သဘာဝနုန်းစစ်အဖြစ် ကိုင်းပင်လိုအပင်ရှည်များ အကန့်လိုက်စိုက်ပျိုးပြီး ကန်အတွင်း ရေမှော်များ ခေတ်မီစက်များဖြင့် ရှင်းလင်းကာ မြက်စားငါးကြင်းများ ကောင်ရေသန်းချီမွေးရန် လိုအပ်ကြောင်းကို ပြောကြားခဲ့သည်။

အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်၊ ပြည်နယ်အစိုးရ၊ ပြည်သူလူထုနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပံ့ပိုးကူညီလုပ်ဆောင်မှုဖြင့် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်သွားပါက အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

## တိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**သီပေါ မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်ရှိ နေရာဒေသအချို့တွင် RCSS/SSA(ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ)တပ်ဖွဲ့များနှင့်TNLA ပလောင်လက်နက်ကိုင်အဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် မေလဆန်းမှစ၍ ဒေသခံရွာသူ ရွာသားများမှာ ထွက်ပြေး တိမ်းရှောင်နေရသည်။ ထိုသို့ နှစ်ဖက်တိုက်ပွဲဖြစ်ပွားနေမှုကြောင့် မေ ၈ ရက် နံနက်ပိုင်းအထိ သီပေါမြို့နယ် မန်လွယ်ကျေးရွာအိမ်ထောင်စု၅၆စုမှ ကလေးလူကြီး အမျိုးသား ၈၁ဦး၊အမျိုးသမီး၁၃၇ဦး စုစုပေါင်း၂၁၈ ဦး ဘော်ကြိုကျေးရွာသို့ရောက်ရှိလာခဲ့ကြသည်။ ၎င်းတိုက်ပွဲရှောင်များအားဘော်ကြိုကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့တို့က ကိုးခန်းဇရပ်အဆောက်အအုံတို့၌ ကယ်ဆယ်ရေးစခန်းဖွင့်၍ လက်ခံစောင့်ရှောက်ပေးခဲ့ကြသည်။

အဆိုပါတိုက်ပွဲရှောင်ပြည်သူများအား မေ ၈ရက်က သီပေါမြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိဦးစိုင်းဝင်းမြင့်နှင့်တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေး၍စေတနာရှင်များကလှူဒါန်းသော ဆန်အိတ် ၁၈ အိတ်နှင့် စားသောက်ကုန်များကို အလှူရှင်များကိုယ်စား ဦးမျိုးမြင့်လွင်ထံမှ လက်ခံရယူပြီး ဘော်ကြို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်ရွှေနှင့်တာဝန်ရှိသူများ ထံလွှဲပြောင်းပေးအပ်ခဲ့သည်။ဘော်ကြိုကျေးရွာရှိ ကျန်းမာရေးဌာနခွဲမှလည်း အချိန်ပြည့်ဆေးခန်း ဖွင့်လှစ်၍ တိုက်ပွဲရှောင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို လာရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သီပေါကိုလတ်)**

**❖ AFC Cup ပြိုင်ပွဲမှ**

မြန်မာကလပ် ရန်ကုန်အသင်းနှင့် မော်လ်ဒိုက်ကလပ် မာဇီယာအသင်းတို့က ငါးမှတ်စီရရှိထားသည်။ ယင်းသုံးသင်းတွင် အခွင့်အရေးအရှိဆုံးမှာ တောင်တရုတ်အသင်းဖြစ်ပြီး နောက်ဆုံးပွဲကို အနိုင်ရရုံဖြင့် အခြားနှစ်သင်း၏ ရလဒ်ကို စောင့်ကြည့်စရာမလိုဘဲ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်မည်ဖြစ်သည်။ တောင်တရုတ်အသင်းမှာ နောက်တစ်ဆင့် တက်ပြီးဖြစ်သည်။ မိုဟန်ဘေဂန်အသင်းနှင့် ကစားရမည်ဖြစ်၍ အခွင့်အရေးရှိနေသော်လည်း အဝေးကွင်းကစားရမည်ဖြစ်သည်။ ရန်ကုန်နှင့် မာဇီယာအသင်းတို့ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်နိုင်ပြီး အနိုင်ရသည့်အသင်းမှာ ရှုံးထွက်အဆင့်သို့ တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိသော်လည်း တောင်တရုတ်အသင်း သရေ(သို့မဟုတ်) ရှုံးပွဲကြုံတွေ့မှသာ အခွင့်အရေးရှိမည်ဖြစ်သည်။ ယင်းအတွက်ကြောင့် အုပ်စုနောက်ဆုံးပွဲစဉ်များကို တစ်ချိန်တည်းယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ရန်ကုန်အသင်းသည် မာဇီယာအသင်းနှင့် တွေ့ဆုံခဲ့သည့် ပထမအကျော့အဝေးကွင်းပွဲစဉ်တွင် တစ်ဂိုးစီ သရေကျခဲ့သည်။ ယခုပွဲမှာ ရန်ကုန်အသင်းအတွက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်သော်လည်း အဓိကကစားသမားဖြစ်သည့် တိုက်စစ်မှူး ကျော်ကိုကိုနှင့် အသင်းခေါင်းဆောင် ခင်မောင်လွင်တို့ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည့်မဟုတ်ပေ။

ဧရာဝတီအသင်းမှာ အုပ်စုနောက်ဆုံးပွဲအဖြစ် လာအိုကလပ် လာအိုတိုယိုတာအသင်းနှင့် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်သင်းစလုံးမှာ အုပ်စုတက်ခွင့်မရှိတော့သော်လည်း ဂုဏ်သိက္ခာပိုင်းအတွက်သာ ကစားရမည်ဖြစ်သည်။



ရှုံးထွက်အဆင့်တက်ရောက်ရန် အဆုံးအဖြတ်ပွဲကစားရမည့် ရန်ကုန်အသင်း။

## ရက် (၁၀၀) စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပေါင် မေ ၈**

ပေါင်မြို့နယ်ရှိ ရက် (၁၀၀) စီမံကိန်းလုပ်ငန်းများဖြစ်သည့် ဝဲပတန်းမြေသားရေကန်၊ အလှပ်-သပြေကုန်း တံတား၊ ထန်းပင်ချောင်- ညောင်ကုန်းလေးတံတား၊ နတ်မှော်-ဇရပ်ဖြူတံတားများ ဆောက်လုပ်နေမှု အခြေအနေတို့ကို မေ ၅ ရက်က သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးဝင်း ကွင်းဆင်းစစ်ဆေးပြီး မြေသားရေကန်အား မိုးမကျမီ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် တံတားဆောက်လုပ်နေမှုများကို ရက်(၁၀၀)အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(ကြေးမုံ)**

# နိုင်ငံတကာခရီးသည်ဝင်ရောက်မှုနှုန်း ငါးနှစ်ဆက်တိုက်မြင့်တက် ယခုနှစ်တွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ငါးသန်းလျာထား



**မန္တလေး မေ ၈**
မြန်မာနိုင်ငံ၏ လက်ရှိခရီးသွားဖွံ့ဖြိုးတိုးတက်မှုများအနေဖြင့် နိုင်ငံတကာမှဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၁ ခုနှစ်တွင် ရှစ်သိန်း၊၂၀၁၂ခုနှစ်တွင် တစ်သန်းကျော်၊၂၀၁၃ ခုနှစ်တွင် နှစ်သန်းကျော်နှင့် ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်းနှင့်၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၅ သန်းကျော်အထိ ဝင်ရောက်မှုတိုးတက်လာခဲ့သဖြင့် ယခုနှစ်တွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှုအား ငါးသန်းအထိလျာထားလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ကမ္ဘာ့ခရီးသွားကောင်စီ (WTTC)ကလည်း မြန်မာနိုင်ငံ၏လက်ရှိခရီးသွားဖွံ့ဖြိုးတိုးတက်မှုအား ဆက်လက်ထိန်းသိမ်းထားနိုင်ပါက နိုင်ငံပေါင်း ၁၈၀ တွင်၂၀၂၀ ခုနှစ်အတွင်း ထိပ်တန်းအဆင့်နိုင်ငံအဖြစ် ခန့်မှန်းထားကြောင်း သိရသည်။

ဆွဲဆောင်မှုအကောင်းဆုံးနိုင်ငံအဖြစ်နိုင်ငံတကာ၏ အသိအမှတ်ပြုမှုများစွာရရှိထားသော မြန်မာနိုင်ငံအား နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

"သဘာဝအမွေအနှစ်တွေဖြစ်တဲ့ သာယာလှပတဲ့ရှုခင်းတွေနဲ့ ဘိုးဘွားတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေပေါများတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံကို ဆွဲဆောင်မှုအကောင်းဆုံးနိုင်ငံအဖြစ် နိုင်ငံတကာရဲ့အသိအမှတ်ပြုမှုရရှိထားတဲ့အပြင် ပရဟိတလှူဒါန်းမှုမှာလည်း စံပြနိုင်ငံအဖြစ် ရွေးချယ်ခံထားရတဲ့အတွက် နိုင်ငံတကာခရီးသွားတွေ စိတ်ဝင်တစား လာရောက်လည်ပတ်မှုတွေ တိုးတက်နေပါတယ်" ဟု ၎င်းကပြောသည်။

ထိုသို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှခရီးစဉ်ဒေသအသစ်များဖော်ထုတ်၍ ရှိပြီးသားနေရာဒေသများအား ရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းခြင်း၊ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဟိုတယ်လုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ခရီးသွားပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းခွင်မပျက် သင်တန်းများ ဖွင့်လှစ်ပေးခြင်းစသည့်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ရောက်မှုတိုးတက်လာသည့်အလျောက် ဟိုတယ်အလုံးရေများလည်း တိုးတက်များပြားစွာ ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် ဟိုတယ်အလုံးပေါင်း ၈၀၀ ကျော်သာရှိခဲ့ရာမှ ယခု ၂၀၁၅ ခုနှစ်ကုန်ပိုင်းအထိ အလုံးပေါင်း ၁၂၆၀ ကျော်ရှိလာပြီး အခန်းပေါင်း ၄၃၀၀၀ ကျော် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ မန္တလေးမြို့တွင်လည်း လက်ရှိဟိုတယ် အလုံးပေါင်း ၁၇၄ လုံးနှင့် အခန်းပေါင်း ၇၀၀၄ ခန်းအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ခရီးသွားကုမ္ပဏီများအနေဖြင့်လည်း ယခင်က ၁၀၀၀ ပင်မပြည့်ခဲ့သော်လည်း ယခုအခါ ၂၀၀၀ ကျော်အထိရှိလာပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ Master Plan ခန့်မှန်းချက်အရ ၂၀၂၀ ခုနှစ်တွင် ဧည့်သည်ဝင်ရောက်မှုအား ၇ ဒသမ ၅ သန်းအထိ ခန့်မှန်းထားသော်လည်း လက်ရှိဝင်ရောက်မှုအနေအထားအရ ခန့်မှန်းထားသည်ထက် ပိုမိုစောစွာရည်မှန်းချက်ပြည့်မီနိုင်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**


## မုံရွာမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများ ဈေးကောင်းရရှိ

**မုံရွာ မေ ၈**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိကျေးလက်ဒေသများတွင် ပဲတီစိမ်းစိုက်တောင်သူများ စိုက်ပျိုးမှုဖြစ်ထွန်း၍ ထွက်နှုန်းကောင်းနေကြောင်း၊ သီးနှံဈေးမှာလည်း ယခင်နှစ်ဈေးနှုန်းကို မမီသေးသော်လည်း လက်ရှိ ဈေးကောင်းရောင်းနေရကြောင်းသိရသည်။

"ကျွန်တော်တို့တောင်သူတွေဟာ ဘယ်သီးနှံပဲစိုက်စိုက် ရိတ်သိမ်းခါနီးရင် ဈေးကွက်တက်ရိပ်ကိုမျှော်လင့်နေရတယ်။ ဘာကြောင့်လည်းဆိုတော့ကုန်ကျစရိတ်တွေကများတယ်။ တစ်နှစ်နဲ့တစ်နှစ်လည်းမတူဘူး။ ပဲတီစိမ်းစိုက်မယ်ဆိုတစ်ဧကကို ရှစ်ပြည်လောက်ကုန်တယ်။ လူတစ်ယောက်ငှားမယ်ဆိုရင် ငွေကျပ် ၂၀၀၀ ပေးရတယ်။ တစ်ဧကကို လူအယောက် ၆၀ လောက်ကုန်တယ်။ ကောက်ခကျွေးစရိတ်တို့ ပေါင်းလိုက်ရင် ငွေကျပ် ၆၅၀၀၀ လောက်ကုန်တယ်။ အခြားဟာတွေရောဆို တော်တော်ကုန်တာပေါ့။ တစ်ဧကကို သီးနှံကောင်းမယ်ဆိုရင် ၁၀ တင်းလောက်တော့ထွက်ပါတယ်။ သီးနှံဈေးကအခုတက်ရိပ်ရှိနေတော့ ပဲတီစိမ်းစိုက်တောင်သူတွေ အဆင်ပြေတာပေါ့၊ ဒါပေမယ့်မနှစ်ကဈေးတော့ မမီသေးဘူး။ မနှစ်က ဒီအချိန်ဆို လေးသောင်းကျော်လောက်ရှိတယ်။ ဒါပေမယ့် ယခုဈေးတိုင်းဆိုလည်း မဆိုးဘူးလို့ပြောရမှာပေါ့" ဟု ဒေသခံ ပဲတီစိမ်းစိုက် တောင်သူတစ်ဦးက ပြောသည်။

"သီးနှံဖြစ်ထွန်းမှုအားကောင်းပေမယ့် ရာသီဥတုဖောက်ပြန်လို့ သီးနှံပင်တွေ အချိန်မရွေးပျက်စီးမှုတွေတော့ ကြုံနိုင်တာပေါ့။ အပူရှိန်ပြင်းတော့ ရေပေးသွင်းတာ ယခင်နှစ်တွေထက်ပိုပေးရတယ်။ ဈေးနှုန်းကတော့ လက်ရှိပေါက်ဈေးထက်တော့ မကျဆင်းနိုင်လောက်ပါဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

**မင်းမင်း(မုံရွာ)**




## မူခင်းကျဆင်းရေးအတွက် ရပ်ရွာအခြေပြု စည်းကမ်းထိန်းသိမ်းရေးစနစ်လိုအပ်

**မကွေး မေ ၈**
မကွေးတိုင်းဒေသကြီးအတွင်း၌ နှစ်စဉ် မှုခင်းပေါင်း ၄၀၀၀ ခန့် ဖြစ်ပွားလျက်ရှိပြီး မှုခင်းကျဆင်းရေးတွင် ရဲတပ်ဖွဲ့အင်အားတစ်ခုတည်း ဆောင်ရွက်ရုံဖြင့် လုံလောက်မှုမရှိဘဲ ရပ်ရွာစည်းကမ်းထိန်းသိမ်းရေးစနစ်များ အားကောင်းရန်လိုအပ်ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်၏ ပြောကြားချက်အရ သိရသည်။

"ရပ်ရွာမှာ ကျေးရွာခေါင်းဆောင်တွေနဲ့ လူငယ်အဖွဲ့အစည်းတွေက နေပြီးတော့ အရက်သေစာသောက်စားမှုတွေလျှော့ချနိုင်ဖို့နဲ့ ပြဿနာတွေကို မဖြစ်စေဘဲနဲ့ ဆွေမျိုးစုတွေ၊ ညီအစ်ကိုတွေ၊ မိကြီးဖကြီးတွေက ဝိုင်းဝန်းထိန်းသိမ်းနိုင်မယ်ဆိုရင် ရဲစခန်းတွေ၊ ရုံးတွေကို ရောက်လာမှာမဟုတ်ပါဘူး။ ဒီကိုရောက်မလာဘူးဆိုရင် ပြည်သူတွေလည်းမိမိတို့ဝမ်းစာကို စိတ်အေးချမ်းသာစွာ လုပ်ကိုင်စားသောက်နိုင်ပြီး GDP တွေလည်း လျော့ကျသွားစရာအကြောင်းမရှိပါဘူး။ ဒါကြောင့် ရပ်ရွာထဲမှာ ပြဿနာတွေ၊ ပဋိပက္ခတွေလျှော့ချနိုင်ဖို့ဆိုရင် ရပ်ရွာအခြေပြု စည်းကမ်းထိန်းသိမ်းရေးစနစ်တွေ အားကောင်းဖို့လိုတယ်လို့ မြင်ပါတယ်"ဟု တိုင်းရဲတပ်ဖွဲ့မှူးက မေ ၇ ရက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင်ပြုလုပ်သော ရက်(၁၀၀)စီမံချက်အောင်မြင်ရေး ရှင်းလင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

ပြည်သူပူးပေါင်းပါဝင်သော ရဲလုပ်ငန်းများလုပ်မည်ဆိုလျှင် ပြည်သူယုံကြည်မှုရအောင်လုပ်ဖို့လိုသည်ဟု အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ထောက်ပြမှုများရှိနေပြီး ရပ်ရွာအပျိုခေါင်း၊ လူပျိုခေါင်း၊ လူငယ်ကွန်ရက် အဖွဲ့အစည်းများ၏ ကဏ္ဍကို လည်းမြှင့်တင်ရန် အမှန်တကယ်လိုအပ်ကြောင်း၊ ရပ်ရွာများတွင် ရှိသေလေးစားမှုအပေါ် အခြေခံသည့် ရပ်မိရပ်ဖများ၊ ကာလသားခေါင်းများ၏ဩဇာသက်ရောက်မှုမှာ ယခင်ထက်စာလျှင် ကျဆင်းနေဖွယ်ရှိကြောင်း၊ အရက်သေစာ သောက်စားမှုမြင့်တက်လာမှုကြောင့် လူမှုအဖွဲ့အစည်းများကြား ဂါရဝတရားများ ပျောက်ဆုံးလာမည်ဆိုလျှင် ရပ်ရွာအခြေပြုစည်းကမ်းထိန်းသိမ်းရေးအပိုင်း၌ တည်ဆောက်ရန် ခက်ခဲမည်ဖြစ်ကြောင်း မကွေးဒေသခံတစ်ဦးက ၎င်း၏ ထင်မြင်ချက်အားပြောသည်။

ဆင်းရဲမွဲတေမှု၊ ပညာရေးအဆင့်အတန်းနိမ့်ကျမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ မရရှိခြင်းစသည့် အချက်များသည် တရားဥပဒေစိုးမိုးမှုနှင့် ဆက်စပ်နေသော အကြောင်းအရာများဖြစ်ပြီး တရားဥပဒေစိုးမိုးမှု အားနည်းကျဆင်းလျှင် အမျိုးသား အသားတင်ထုတ်လုပ်မှုတန်ဖိုးကိုပါ ထိခိုက်နိုင်ကြောင်း။

မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အစိတ်အပိုင်းတစ်ခုအဖြစ် အထောက်အကူပြုသည့် မှုခင်းကျဆင်းရေးအတွက် ရပ်ရွာအခြေပြု စည်းကမ်းထိန်းသိမ်းရေးစနစ်များ ကောင်းမွန်ရန်လိုအပ်ပြီး ရက်(၁၀၀) စီမံချက်လုပ်ငန်းစဉ်များမှတစ်ဆင့် ပြည်သူ့ဝန်ဆောင်မှုကို ရှေးရှုသည့် ရဲလုပ်ငန်းစနစ်ကို လူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရဲတပ်ဖွဲ့မှူးက အတည်ပြုပြောကြားသည်။

**ဇေယျာတု(မကွေး)**

OO

## ဝေါလေမြိုင်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဝေါလေမြိုင် မေ ၈**
ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့တွင် ရပ်ကွက်များအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံဗျူဟာမှ တပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝေါလေမြိုင်မြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ သောင်ရင်းမြစ် မြစ်ဖျားခံရာ ဂေါ်လီချောင်းဘေးတစ်လျှောက် နေ့အလိုက်ရောင်းချသည့် နေ့ဈေးနေရာများနှင့် လမ်းဘေးဝဲ၊ ယာများတွင် အမှိုက်ကောက်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**



# စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် စိုက်ခင်းများမပျက်စီးစေရေး မြစ်ထိန်းနံရံများဖြင့် ကာကွယ်သင့်

**ရေတာရှည် မေ ၈**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြောက်မှတောင်သို့ စီးဆင်းသည့် စစ်တောင်းမြစ်သည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းလျက်ရှိသော်လည်း နွေရာသီကာလ မြစ်ရေအတိုးအလျော့ကြောင့် မြစ်ကမ်းပါးများ ပြိုကျမှုများရှိခဲ့ရာ တောင်သူများ၏ စိုက်ခင်းသီးနှံများပါ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရကြောင်း ကက္ကူကျေးရွာအုပ်စုနေ တောင်သူများက ပြောသည်။



"အခုအချိန်က ရေနည်းနေသေးတော့ ကမ်းပါးပြိုတာနှေးနေသေးတယ်။ မိုးဦးကျလောက်ဆိုရင် တအားပြိုတာ ကျွန်တော်တို့တောင်သူတွေရဲ့ပဲစိုက်ခင်းတွေ အတော်များများပါကုန်ပြီ။ မြစ်ထိန်းနံရံ တည်ဆောက်ဖို့ဆိုတာကလည်း မတတ်နိုင်ကြဘူးလေ။ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးမှ အဆင်ပြေမှာပါ" ဟု အထက်ပါတောင်သူများကပင် ပြောသည်။ ရေတာရှည်မြို့နယ်အတွင်း မြို့လှမြို့အရှေ့၊ ဆွာမြို့အရှေ့၊ ရွှေကဖောင်းကျေးရွာနှင့် ရေတာရှည်မြို့အရှေ့၊ ကျွဲရိုင်းပြင်ကျေးရွာများတွင် ကမ်းပါးပြိုကျမှုများနှင့် ရင်ဆိုင်ခဲ့ကြရသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## ယခုလအပူရှိန်မြင့်တက်နေခြင်းကြောင့် စိုက်ပျိုးမှုနောက်ကျ

**မလှိုင် မေ ၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဆယ်တိုတိုက်နယ်တွင် ကျေးရွာ အုပ်စု ၁၀ အုပ်စု ကျေးရွာပေါင်း ၅၈ ရွာရှိပြီး ဒေသခံကျေးလက်ပြည်သူများမှာ တောင်ယာစိုက်ပျိုးခြင်းအပြင် တစ်နိုင်တစ်ပိုင်မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဆည်တိုကျေးရွာမှာဆိုရင် တိုက်နယ်ဆေးရုံ၊ အထက်တန်းကျောင်းအပြင် လေယာဉ်လက်မှတ်အရောင်းနေရာတွေပါ ရှိပါတယ်။ ဒါပေမယ့် လျှပ်စစ်မီးမရှိသေးပါဘူး။ ကျေးလက်နေပြည်သူတွေကတော့ မိုးကိုအားကိုးပြီး စိုက်ပျိုးသီးနှံတွေ စိုက်ပျိုးကြပေမယ့် မလှိုင်မြို့နယ်က ပူပြင်းခြောက်သွေ့ပြီး မိုးနည်းရပ်ဝန်းဒေသဖြစ်တာကြောင့် ထင်သလောက် စိုက်ပျိုးသီးနှံတွေမဖြစ်ထွန်းမအောင်မြင်ပါဘူး။ ဒါကြောင့် ဆည်တိုကျေးရွာအုပ်စုမှာနေထိုင်ကြတဲ့ ကလေးလူကြီး ၇၅ ရာခိုင်နှုန်းဟာ နယ်ခြားမြို့တွေဖြစ်တဲ့ တာချီလိတ် စတဲ့မြို့တွေမှာ အလုပ်လုပ်ကိုင်သူများပါတယ်။ ဆယ်တိုနယ်ကကျေးလက်နေပြည်သူတွေက မိုးကိုအားကိုးပြီး နှမ်း၊ မြေပဲနဲ့ ဆီထွက်ပဲအမျိုးမျိုးကို စိုက်ပျိုးကြတာပါ။ ဒါပေမယ့် ယခုလအပူရှိန်ဟာ အလွန်မြင့်မားနေတာကြောင့် ဒေသခံတွေဟာ ထွန်ရေးတာပြင်တာရပေမယ့် မစိုက်ပျိုးနိုင်သေးပါဘူး။

"သစ်တောသစ်ပင်တွေ ပြုန်းတီးလာခြင်းကြောင့် မြေဆီလွှာထိန်းသိမ်းနိုင်မှုလျော့နည်းလာပြီ။ မြေတိုက်စားမှုများဖြစ်ပေါ်လာပြီ။ ဒီလိုရာသီဥတုဖောက်ပြန်ခြင်းဖြစ်လာတာလို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် မလှိုင်မြို့နယ်ကပြည်သူတွေကလည်း မိမိတို့အသိတစ်ခုနဲ့ သစ်တောသစ်ပင်ကြီးငယ်များကို ထိန်းသိမ်းကာကွယ်ပေးစေချင်ပါတယ်"ဟု ဆည်တိုတိုက်နယ်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်သည် မြို့ပေါ် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု ကျေးရွာပေါင်း ၂၄၇ ရွာ လူဦးရေနှစ်သိန်းခန့် နေထိုင်ကြပြီး မြို့နေလူဦးရေထက် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများပြားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# သာစည်-ပျော်ဘွယ် ခရီးတိုပြေးဆွဲသည့်RBE ရထားကြောင့် ဝန်ထမ်းများနှင့် ခရီးသည်များ သွားလာမှုအဆင်ပြေ

**သာစည် မေ ၈**
မြန်မာ့မီးရထားပို့ဆောင်ရေးဌာန၏ စီစဉ်မှုဖြင့် သာစည်-ပျော်ဘွယ်ခရီးတိုပြေးဆွဲနေသည့် ကားရထားနေရာတွင် မေ ၁ ရက်မှစတင်ပြီး စက်ခေါင်းမောင်းအခန်းနှင့်လူစီးထိုင်ခုံများတွဲလျက်ပါရှိသည့် ဂျပန်နိုင်ငံလုပ် RBE စက်ခေါင်းတွဲသစ်ဖြင့် စတင်ပြေးဆွဲနေရာ လိုက်ပါစီးနင်းသူခရီးသည်များအနေဖြင့် အဆင်ပြေချောမွေ့မှုများရှိကြောင်း သိရသည်။**(အောက်ပုံ)**

"အခုလိုခေါက်တိုပြေးဆွဲပေးတဲ့ RBE ရထားရှိလို့ ကျွန်မတို့ပန်းရောင်းနေရတဲ့ပန်းသည်တွေနဲ့ ဝန်ထမ်းတွေ အသွားအလာအဆင်ပြေနေတာပါ။ သာစည်မြို့က ဒေသထွက်ကုန်နဲ့ ပျော်ဘွယ်မြို့ကထွက်တဲ့ ဒေသထွက်ကုန်တွေ အပြန်အလှန် သယ်ယူရောင်းချနေရတဲ့အတွက် ရောင်းဝယ်မှုကောင်းမွန်ပြီး ဝင်ငွေလည်း ကောင်းပါတယ်။ ဒီရထားလေးကြောင့် ကျွန်မတို့တစ်တွေ အဆင်ပြေနေတာပါ" ဟု သနပ်ကန်ကျေးရွာမှ ပန်းသည် မခင်စန်းရီက ပြောသည်။

ထို RBE ရထားတွင် လူစီးထိုင်ခုံ ၄၀ ခန့်ပါရှိပြီး နေ့စဉ်သာစည်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာပြီး ပျော်ဘွယ်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် စိုက်ရောက်၍ ပျော်ဘွယ်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ထွက်ခွာလာပြီး သာစည်ဘူတာသို့ မွန်းလွဲ ၁ နာရီခွဲတွင် စိုက်ရောက်သည်။ ကြားဘူတာများဖြစ်သည့် နွားထိုး၊ ညောင်ရမ်း၊ ရှမ်းရွာဘူတာများတွင် ခေတ္တရပ်ထား၍ ခရီးသည်များ တင်ဆောင်ကြောင်းနှင့် ရထားစီးလက်မှတ်ခမှာ သာစည်မှနွားထိုးဘူတာသို့ ကျပ် ၅၀၊ ညောင်ရမ်းဘူတာသို့ ကျပ် ၁၀၀၊ ရှမ်းရွာဘူတာသို့ ကျပ် ၁၅၀ နှင့် ပျော်ဘွယ်ဘူတာသို့ ကျပ် ၂၀၀ တို့ဖြစ်သည်။

အဆိုပါ RBE ခေါက်တိုရထားဖြင့် သာစည်မှ ပျော်ဘွယ်မြို့သို့ ငါးကုန်သည်များ၊ အဝတ်အထည်မျိုးစုံရောင်းချသည့် အထည်ကုန်သည်များ၊ ရေမွှေးပန်းရောင်းချသည့် သနပ်ကန်ကျေးရွာမှ ပန်းသည်များနှင့် ညောင်ရမ်းကျေးရွာနှင့်ပျော်ဘွယ်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ထမ်းများ အားထားစီးနင်းကြကြောင်း သိရသည်။

**မောင်ကို (သာစည်)**






# စဉ့်ကူးမြို့နယ်တွင် အိမ်ရာမရှိသောဝန်ထမ်းများအား အငှားအိမ်ရာများချထားရန် လျှောက်လွှာများခေါ်ယူ

**စဉ့်ကူး မေ ၈**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် အိမ်ရာမရှိသော အမှုထမ်း၊ အရာထမ်းဝန်ထမ်းများအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အငှားအိမ်ရာများချထားရန် လျှောက်လွှာများကို သတ်မှတ်ထားသည့် ဝန်ထမ်း အိမ်ခန်းလျှောက်လွှာပုံစံတွင် လျှောက်ထားသူကိုယ်တိုင် ဖြည့်စွက်၍ မေ ၅ ရက် နောက်ဆုံးထားလျှောက်ထားကြရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

လျှောက်ထားရာတွင် သက်ဆိုင်ရာရုံးဌာနအကြီးအကဲ၏ မှန်ကန်ကြောင်း ထောက်ခံချက်များနှင့်အတူ အတူနေ အိမ်ထောင်စုဝင်စာရင်း၊ ကိုယ်ပိုင်အိမ်နှင့် မြေရှိ မရှိနှင့် နေထိုင်နေရသည့် အခက်အခဲများကို သီးခြားစာရွက်ဖြင့်ဖော်ပြပြီး အိမ်ထောင်စုစာရင်းပုံစံ(၁၀)မိတ္တူနှင့် ကိုယ်ပိုင်အိမ်မရှိကြောင်း ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်းများနှင့် လက်ရှိတွင် အမှန်တကယ် အိမ်ငှား/အိမ်ပိုင်/ပူးတွဲနေထိုင်ကြောင်း ရပ်ကွက်/ဌာနထောက်ခံချက်များ တင်ပြလျှောက်ထားကြရန် လျှောက်လွှာတွင် ဖော်ပြပါရှိကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်၍ မြန်မာမျိုးမာန်သစ်ဆောက်လုပ်ရေးနှင့် ကောင်းစည်ဟိန်းဆောက်လုပ်ရေးကုမ္ပဏီတို့က တာဝန်ယူဆောက်လုပ်ခဲ့ပြီး လေးခန်းတွဲသုံးထပ်၊ တိုက်ခန်းနှစ်လုံးတွင် ဝန်ထမ်းမိသားစု ၂၄ စု နေထိုင်နိုင်ကြောင်း သိရသည်။ စဉ့်ကူးမြို့တွင် အိမ်ငှားစရိတ်များ ကြီးမြင့်သည့်အပြင် အလွယ်တကူငှားရမ်းနေထိုင်ရန် အငှားအိမ်ရာများ(ပြင်ပ)မရှိသဖြင့် ယခုကဲ့သို့ ဝန်ထမ်းအငှားအိမ်ရာအဆောက်အအုံများ ယခုထက် ဆက်လက်တိုးချဲ့ဆောက်လုပ်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **(ဝင်းမောင်)**




## နိုင်ငံတကာ၌ အဖွင့်ပွဲစဉ်များတွင် မျက်နှာပန်းလှနေခဲ့သည့် Captain America: Civil War'

ယခုလပထမပတ်အတွင်းက ထွက်ရှိခဲ့သည့် စူပါဟီးရိုးနောက်ဆက်တွဲ ဇာတ်လမ်းသစ် Captain America: Civil War' သည် စတင်ရုံတင်ပြသသည့်အချိန်များမှာပင် ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၁၈၀ ရရှိခဲ့သဖြင့် ပဉ္စမမြောက်ရုံဝင်ငွေ အကောင်းဆုံးဇာတ်ကားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

ဒစ်စနေးနှင့် မာဘယ်ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးတွဲထုတ်လုပ်ထားသည့် အဆိုပါဇာတ်ကားသည်ပြသပြီး ပြည်တွင်းနှင့်ပြည်ပရုပ်ရှင်ရုံများတွင် ဝင်ငွေစံချိန်ချိုးနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်က ပြသခဲ့သည့် Iron Man 3 ဇာတ်ကားနှင့် Avengers: Age of Ultron ဇာတ်ကားတို့သည် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၄ သန်းနှင့် ၁၉၁ သန်းရရှိခဲ့သည်။

ယင်းဇာတ်ကားတွင် ကပ္ပိတိန်အမေရိကအဖြစ် ခရစ္စအယ်လ်ဗန်၊ အိုင်းရွန်းမန်း တိုနီစတက်အဖြစ် ပင်တိုင်ဝါရင့်သရုပ်ဆောင် ရောဘတ်ဒေါ်နေးဂျူနီယာနှင့် မင်းသမီးစကားလက်ဂျိုဟန်ဆန်တို့က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

နွေရာသီအားလပ်ရက်အချိန်တွင် အချိန်ကိုက်ထွက်ရှိလာခြင်းဖြစ်ပြီး ယခင်ဇာတ်ကားများကတည်းက လူကြိုက်များခဲ့သည့် စူပါဟီးရိုးဇာတ်ကား Captain America: Civil War' သည် ပြည်တွင်းရော ပြည်ပရုပ်ရှင်ရုံများတွင်ပါ အောင်မြင်မှုများစွာရနေသည့် ဇာတ်ကားတစ်ကားဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ဝင်ငွေရရှိနိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ထို့ပြင် ဒစ်စနေးမှထုတ်လုပ်ခဲ့သည့် ပြည်တွင်းတွင် ထိပ်တန်းစာရင်းဝင်နေသည့် The Jungle Book ဇာတ်ကားကလည်း ပြသပြီး စတုတ္ထပတ်တွင် ပထမနှင့်ဒုတိယနေရာတွင် ရပ်တည်နေပြီး ဝင်ငွေကောင်းနေဆဲဖြစ်ကြောင်း သိရသည်။

## We Got Married ဇာတ်လမ်းတွဲတွင် မြင်တွေ့ရတော့မည့် မော်ဒယ် ကင်ဂျင်ကျောင်း




တောင်ကိုရီးယားအနုပညာကြယ်ပွင့် မော်ဒယ်ကင်ဂျင်ကျောင်းအား We Got Married အမည်ရှိ ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်သစ်အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

"အပြစ်ကင်းစင်တဲ့မျက်နှာလေးနဲ့ ချစ်စဖွယ်အမူအရာလေးတွေရှိတဲ့ မော်လ်ဒယ်ကင်ဟာ အခုလက်ရှိ ပြည်တွင်းမှာ ရေပန်းစားနေတဲ့ ထိပ်တန်းမော်လ်ဒယ်တစ်ယောက်ပါ။ သူ့အတွက် ဒီဇာတ်ကားကနေ အစပြုပြီးတော့ နောက်ထပ် အနုပညာခြေလှမ်းပေါင်းများစွာ ထပ်လှမ်းနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု မော်လ်ဒယ်ကင်ဂျင်ကျောင်း၏အေဂျင်စီမှ မေ ၇ ရက်က ထုတ်ပြန်ခဲ့သည်။

မော်လ်ဒယ် ကင်သည် Korea's Next Top Model ၏ Third season တွင်လည်း ပါဝင်ခဲ့သူတစ်ဦးဖြစ်ကာ အခြားသော အနုပညာလှုပ်ရှားမှုများအဖြစ် Vogue Korea, W Korea, and Elle Korea တို့တွင်လည်း ပါဝင်ခဲ့သူ တစ်ဦးဖြစ်ပြီး ဒရာမာဇာတ်လမ်းတိုများ၊ တေးသီချင်းဗီဒီယိုများတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

## ပြင်သစ်နိုင်ငံ၌ကျင်းပမည့် (၆၉)ကြိမ်မြောက်တရုတ်ရုပ်ရှင်ပွဲတော်အား မေ ၂၄ ရက်မှ ဇူလိုင် ၁၉ ရက်အထိကျင်းပမည်

ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် (၆)ကြိမ်မြောက် တရုတ်ရုပ်ရှင်ပွဲတော်ကို မေ ၂၄ ရက်မှ ဇူလိုင် ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းရုပ်ရှင်ပွဲတော်တွင် တရုတ်ရုပ်ရှင်ဇာတ်ကား ၁၁ ကားအထိ ရွေးချယ်ထားခဲ့ပြီး လိုင်ယွန်၊ မာဆေးလ် စသည့်မြို့များအပါအဝင် ပြင်သစ်နိုင်ငံ၏မြို့အတော်များများတွင် ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ (၆)ကြိမ်မြောက် တရုတ်ရုပ်ရှင်ပွဲတော်တွင် ရွေးချယ်ထား သည့် တရုတ်ရုပ်ရှင်ဇာတ်ကားများတွင် "Tiger and Dragon 2", "Monster Hunt" and "Mojin-The Lost Legend." စသည့် ဇာတ်ကားများလည်း ပါဝင်လာခဲ့သည်။ ယင်းရုပ်ရှင်ပွဲတော်ကျင်းပရေးဆိုင်ရာ အစည်းအဝေးကိုမူ မေ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**ဖြိုးစန္ဒာမြင့် - စုစည်းသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၉ - ၅ - ၂၀၁၆ (တနင်္လာနေ့)]

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ဘဝပေးတဲ့ အခွင့်အရေး" တရားတော် [ဆရာတော် အရှင်သူရိယ (ရှမ်းစုအောင်စကြာ)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၆)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၄)
၁၀း၀၅ ရန်ကုန်မြင်ကွင်းကျယ် (၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ အထိမ်းအမှတ် အခမ်းအနား)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၄၅ Forever Music Tribute အဝေးတစ်နေရာ(အပိုင်း-၂) (ပထမပိုင်း)
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၇၂)
၁၂း၄၅ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ(ရွှေလင်းယုံ ဆရာတော်ကြီး)၏ သက်တော် (၈၀) ပြည့်နှစ်ပတ္တမြားရတုဝိဇာတ မွေးနေ့အလှူမင်္ဂလာအခမ်းအနား
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၈)
၃း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၅၆)
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ်
-Clarins Beauty Spaမိတ်ဆက်ပွဲ အခမ်းအနား
-နှစ် (၇၀) ပြည့်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၇)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၉)
၈း၁၅ Drive It
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၅)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၇၃)
၁၀း၂၀ MRTV-4 Stage
၁၀း၅၀ World of Knowledge (Predator CSI:Elephant Graveyard)

### Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၂၀ ပြည်သူ့နီတိ "ကျေဇူးပဲလောကကြီးရေ"
၆း၃၀ ကာတွန်းအစီအစဉ် "Bambi II"(Part-1)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ"(အပိုင်း-၄၀)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း -၄၀)
၈း၄၀ တေးဂီတအစီအစဉ်
၉း၀၀ ဆရာဇော်ဂျီ(အပိုင်း-၃)
၉း၃၀ နိုင်ငံတကာ ရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၄၀ တေးဂီတအစီအစဉ်
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်မလွယ်မုန်းခက် အဆုံးသတ်"

### MWD

၆း၀၀ မြဝတီအဖွင့်
၆း၀၁ အဖွင့်နှုတ်ခွန်းဆက်စကား
၆း၀၂ နိုင်ငံတော်သီချင်း
၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ ရွှေဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈း၃၅ မြဝတီနေ့စဉ်သတင်း
၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၁၀း၅၉ အပိတ်နှုတ်ဆက်စကား
၁၁း၀၀ ပြီး ပါ ပြီ ။
ညပိုင်း
၄း၀၀ မြဝတီအဖွင့်
၄း၀၁ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ နိုင်ငံတော်သီချင်း
၄း၀၃ အဖွင့်သီချင်း
၄း၀၅ တစ်ပတ်အတွင်း မွေးမြူရေးသတင်း
၄း၁၅ မျိုးချစ်တပ်မတော်
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၁၉)
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အာရုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၁၈)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ အမျိုးသားရေးတေးကဗျာ
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သောဧကရီ အပိုင်း(၂၇)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေးသုံးပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
၂၄။ မေးမြန်းစူးစမ်း
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟိုတယ်ဘုရင် အပိုင်း(၂၆)
၂၇။ မြဝတီရုပ်မြင်သံကြားသတင်း
၂၇။ တရားတော်
၂၈။ သင့်အတွက် မနက်ဖြန်

# ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုကြောင့် ချန်ပီယံလိဂ်နာကျင်မှုကို သက်သာစေခဲ့ဟု ရှမင်နစ်ဂ်ဖွင့်ဟ



ဘိုင်ယန်မြူးနစ်အသင်းသည် အဝေးဂိုးစည်းမျဉ်းကြောင့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်မှပင် ထွက်ခွာခဲ့ရသော်လည်း ဘွန်ဒက်စ်လီဂါဖလားအား လေးကြိမ်ဆက်ရရှိခဲ့ရာ ယင်းအောင်မြင်မှုက ချန်ပီယံလိဂ်နာကျင်မှုအား အနည်းငယ် လျော့ပါးစေခဲ့ကြောင်း ဘိုင်ယန်မြူးနစ် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ရှမင်နစ်ဂ်က ဖွင့်ဟခဲ့သည်။ဘိုင်ယန်မြူးနစ်အသင်းသည် မေ ၇ ရက်၌ အင်ဂေါ့စတက်အား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ဘွန်ဒက်စ်လီဂါဖလားအား လေးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်နည်းပြ ဂွါဒီယိုလာမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကလပ်အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ရာ သူ၏ဘိုင်ယန်နည်းပြ နောက်ဆုံးရာသီတွင် ဖလားသုံးလုံး ရယူပေးရန် ဆန္ဒရှိခဲ့သော်လည်း အဝေးဂိုးစည်းမျဉ်းကြောင့် အက်သလက်တီကိုအား အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ရှမင်နစ်ဂ်က " ဘိုင်ယန်အနေနဲ့ ဘွန်ဒက်စ်လီဂါ ချန်ပီယံအောင်ပွဲအတွက် ညစာစားပွဲကို ဒီနေ့ည(မေ ၈ ရက်ည)မှာပဲ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်က ထွက်ခွာခဲ့ရတာက ကျွန်တော့်ကို နာကျင်စေပါတယ်။ တကယ်လို့ ဘိုင်ယန်သာ ချန်ပီယံလိဂ် ဗိုလ်လုပွဲသာ တက်ရောက်နိုင်ရင် အသင်းအတွက်ပြီးပြည့်စုံတဲ့ ရက်သတ္တပတ်ဖြစ်လာမှာပါ။ ဒါပေမယ့် ဘွန်ဒက်စ်လီဂါ အောင်မြင်မှုက ချန်ပီယံလိဂ်က ထွက်ခွာခဲ့ရတဲ့ နာကျင်မှုကိုတော့ အနည်းငယ်လျော့ပါးသက်သာစေပါတယ်" ဟု ဆိုလိုက်သည်။

ဘိုင်ယန်မြူးနစ်အသင်းအား အားလုံးက ကမ္ဘာ့အကောင်းဆုံးအသင်းတစ်သင်းအဖြစ် လက်ခံထားပြီး ၂၀၁၁ ခုနှစ်မှ စတင်၍ အနိမ့်ဆုံးအဆင့်အဖြစ် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်သို့ နှစ်စဉ်နှစ်တိုင်း တက်ရောက်နိုင်ခဲ့သော်လည်း ၂၀၁၃ ခုနှစ် တစ်နှစ်တွင်သာ ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။ **(မေလှဲ့သင်း)**

# စပါးအသင်းကို မကြာမီအချိန်အတွင်း ပရီမီယာလိဂ် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ရန် ပိုချက်တီနို စွမ်းဆောင်ပေးနိုင်မည်

စပါးအသင်းနည်းပြ ပိုချက်တီနိုအနေဖြင့် မကြာမီအချိန်အတွင်း စပါးအသင်းအား ပရီမီယာလိဂ် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ရန် လမ်းညွှန်မှုပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဖောင်တီက ဆိုလိုက်သည်။ ပိုချက်တီနိုနှင့် ဖောင်တီတို့သည် ပိုချက်တီနို ဆောက်သမ်တန်အသင်းအား ကိုင်တွယ်



စဉ်က လက်တွဲခဲ့ဖူးပြီး ဆရာဟောင်း၏ အရည်အချင်းအရ မကြာမီအချိန်အတွင်း ပရီမီယာလိဂ်ဖလားကိုအရယူပေးနိုင်မည်ဟု ယုံကြည်မိကြောင်း ဖောင်တီက ထောက်ခံခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ချန်ပီယံလက်စတာအား အနီးကပ်ဆုံး ဖိအားပေးနိုင်ခဲ့သော်လည်း ချယ်လ်ဆီးနှင့် နှစ်ဂိုးစီသရေကျခဲ့ခြင်းကြောင့် ချန်ပီယံဆုအား လက်တစ်ကမ်းအလိုရောက်မှ လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ လက်စတာအသင်းသည် ပရီမီယာလိဂ်ချန်ပီယံဆုကို ၁၃၂ နှစ်ကြာမှ ဆွတ်ခူးခဲ့သလို စပါးအနေဖြင့်လည်း ၅၅ နှစ်အကြာတွင် ချန်ပီယံဖြစ်ရန် အနီးကပ်ဆုံးအခြေအနေတစ်ရပ်ကို ရောက်ရှိခဲ့ခြင်းဖြစ်သည်။ဖောင်တီက သူ၏ကစားသမားဘဝတစ်လျှောက်တွင် လက်ရှိဆောက်သမ်တန်နည်းပြ ရော်နယ်လ်ကိုးမန်းနှင့် ပိုချက်တီနိုတို့မှာ အကောင်းဆုံးနည်းပြများဖြစ်ပြီး ပိုချက်တီနိုမှာ လာမည့်ဘောလုံးရာသီမှာပင် စပါးအသင်းအား ချန်ပီယံဖြစ်စေရန် ဦးဆောင်မှုပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(မေလှဲ့သင်း)**

# နောက်တန်းကစားသမားဂွါန်တယ်ရီချယ်လ်ဆီးအသင်းနှင့်လက်ကျန်နှစ်ပွဲလွဲချော်မည်

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂွါန်တယ်ရီသည် ဆန်းဒါးလန်းအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၆)တွင် အနီကတ်ပြစ်ဒဏ်ကျခံခဲ့ရခြင်းကြောင့် ချယ်လ်ဆီးအသင်း၏ လက်ကျန်နှစ်ပွဲတွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း၏ ပရီမီယာလိဂ်လက်ကျန်နှစ်ပွဲမှာ လီဗာပူးအသင်း၊ လက်စတာအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ သို့ရာတွင် ပွဲပယ်ပြစ်ဒဏ်ကျခံထားရခြင်းကြောင့် အဆိုပါပွဲစဉ်နှစ်ပွဲတွင် နောက်ခံလူ ဂွါန်တယ်ရီပါဝင်လာမည်မဟုတ်ပေ။ နောက်တန်းကစားသမား ဂွါန်တယ်ရီသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်သော်လည်း အသက်(၃၅)နှစ်အရွယ်ရှိ ဂွါန်တယ်ရီအား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းတော့မည်မဟုတ်ကြောင်း သိရသည်။

ဂွါန်တယ်ရီသည် အသက်(၁၄)နှစ်အရွယ်ကတည်းက ချယ်လ်ဆီးအသင်းသို့ ရောက်ရှိနေခဲ့သူဖြစ်ပြီး အသက်(၁၇)နှစ်အရွယ်တွင် ချယ်လ်ဆီးပထမအသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့သည်။ ဂွါန်တယ်ရီသည် ချယ်လ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ပရီမီယာလိဂ်ဖလားလေးကြိမ်နှင့် အက်ဖ်အေဖလားငါးကြိမ်တို့ကို ဆွတ်ခူးနိုင်ခဲ့သည်။ ဂွါန်တယ်ရီသည် ချယ်လ်ဆီးအသင်းနှင့် ကစားသမားဘဝဖြတ်သန်းခဲ့ရာ၌ ပရီမီယာလိဂ်ပွဲပေါင်း ၄၈၃ ပွဲ ပါဝင်ကစားပေးထားသည်။ **(ငွေကြယ်)**



# မန်ယူသို့ ပြောင်းရွှေ့ရန် ရီးယဲလ်မှ ထွက်ခွာတော့မည့် ဗာရာနီ

ရီးယဲလ်မက်ဒရစ်အသင်းတွင် နေရာပျောက်နေသည့် နောက်ခံလူ ဗာရာနီက မန်ယူသို့ ပြောင်းရွှေ့ရန် ရီးယဲလ်မှ လာမည့် နွေဈေးကွက်အတွင်း ထွက်ခွာတော့မည်ဟု အသင်းတာဝန်ရှိသူများအား သတိပေးပြောကြားလိုက်သည်။ ဗာရာနီမှာ ဘိုင်ယန်မြူးနစ်(သို့မဟုတ်) မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် စဉ်းစားနေကြောင်း ပြင်သစ်အားကစားမီဒီယာ Le 10 sport ကဖော်ပြသည်။

ဗာရာနီမှာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပွဲစဉ်နှစ်ကျော့စလုံးတွင် အရန်ကစားသမားအဖြစ်သာ အချိန်ကုန်ဆုံးနေရသောကြောင့် သူ့အနေဖြင့် အသင်းပြောင်းရန်အတွက်သာ စဉ်းစားထားပြီဖြစ်ကြောင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ ရီးယဲလ်နည်းပြ ဇီဒန်းက ဗဟိုခံစစ်တွင် ပီပီနှင့် ရာမို့စ်အတွဲကိုသာ အသုံးပြုနေသဖြင့် ဗာရာနီမှာသူ၏ လက်ရှိအနေအထားအတွက် အလွန်အမင်း စိတ်ပျက်နေခြင်းဖြစ်သည်။ ဇီဒန်းမှာ ရီးယဲလ်နည်းပြ မော်ရင်ဟိုလက်အောက်အားကစား ဒါရိုက်တာအဖြစ် ဆောင်ရွက်စဉ် ဗာရာနီအား ဝယ်ယူရန် တိုက်တွန်းခဲ့သူဖြစ်သော်လည်း



၎င်းနည်းပြဖြစ်လာချိန်တွင် ဗာရာနီအား အရန်ကစားသမားအဖြစ်သာ အသုံးပြုနေသည်။ **(မေလှဲ့သင်း)**

# ချန်ပီယံလိဂ် ဗိုလ်လုပွဲတက်ရောက်မှုက လာလီဂါ ချန်ပီယံအိပ်မက်ကို ထိခိုက်စေမည်မဟုတ်ဟု ဆီမြွန်နီ ယုံကြည်

အက်သလက်တီကိုနည်းပြ ဆီမြွန်နီက ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းက လာလီဂါအမှတ်ပေးချန်ပီယံဆုအတွက် အာရုံစိုက်မှုကို ထိခိုက်စေမှာ မဟုတ်ကြောင်း သူရဲ့ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အက်သလက်တီကိုဟာ လက်ရှိအချိန်မှာ လာလီဂါအမှတ်ပေးဇယားထိပ်ရှိ ဘာစီလိုနာနဲ့ ရမှတ်တူပေမယ့် ဂိုးကွာခြားမှုကြောင့်သာ အမှတ်ပေးဇယား အဆင့်(၂)နေရာမှာ ရပ်တည်နေရတာဖြစ်ပါတယ်။ အက်သလက်တီကိုဟာ လက်ရှိမှာ လာလီဂါမှာရော ချန်ပီယံလိဂ်မှာပါ ချန်ပီယံဖြစ်နိုင်တဲ့ အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးနိုင်စွမ်းရှိတာကြောင့် အားလုံးက အက်သလက်တီကိုရဲ့ အခြေအနေကို စောင့်ကြည့်အကဲခတ်နေကြတာ ဖြစ်ပါတယ်။

ဆီမြွန်နီကတော့ မေ ၂၈ ရက် မီလန်မြို့မှာ ကစားမယ့် ချန်ပီယံလိဂ် ဗိုလ်လုပွဲကို အရေးထားပေမယ့် လက်ရှိအချိန်မှာတော့ လက်ကျန်လာလီဂါပွဲစဉ်တွေအတွက်သာ အာရုံစိုက်သွားမှာဖြစ်ပြီး နောက်ဆုံးအချိန်ထိ လာလီဂါ ချန်ပီယံဆုအတွက် တိုက်ပွဲဝင်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။ အက်သလက်တီကိုဟာ ၂၀၁၄ ခုနှစ်ကလည်း ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သေးပေမယ့် ရီးယဲလ်မက်ဒရစ်ကို အချိန်ပို မိနစ် ၃၀ မှာ သုံးဂိုးပေးခဲ့ရပြီး လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ကာ ချန်ပီယံဖလား လက်လွှတ်ခဲ့ရပါတယ်။

အက်သလက်တီကိုဟာ ရီးယဲလ်မက်ဒရစ်နဲ့ နောက်ဆုံးလာလီဂါ ခြောက်ကြိမ်တွေ့ဆုံခဲ့ရာမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေဆိုတဲ့ မှတ်တမ်းကောင်းကိုရရှိခဲ့ပေမယ့် ပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာလည်း ရီးယဲလ်ကိုပဲ အရေးနိမ့်ကာ ပြိုင်ပွဲကို လက်ပြခဲ့ရတာကြောင့် မေ ၂၈ ရက် ဗိုလ်လုပွဲမှာ အက်သလက်တီကို အနေနဲ့ အရှုံးရလဒ်ကို ပြန်ဖျက်နိုင်မှာလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ **(မေလှဲ့သင်း)**

# မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီ ယူရို ၂၀၁၆ ပြိုင်ပွဲလွဲချော်မည်

ဘယ်လ်ဂျီယံနှင့် မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီသည် ပေါင်ဒဏ်ရာပြဿနာကြုံတွေ့နေခဲ့ခြင်းကြောင့် ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်း ၎င်း၏ ဖေ့ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြချက်အရ သိရသည်။

အသက်(၃၀)အရွယ်ရှိ နောက်တန်းကစားသမား ကွန်ပနီသည် ရီးယဲလ်မက်ဒရစ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့တွင်လည်း မန်စီးတီးအသင်းနှင့်အတူ ပွဲချိန်ပြည့်ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ပွဲကစားချိန် ၁၀ မိနစ်တွင် ဒဏ်ရာပြဿနာကြောင့် လူစားလဲကစားခံခဲ့ရသည်။

နောက်တန်းကစားသမား ကွန်ပနီသည် ယခုနှစ်ဘောလုံးရာသီတွင် မတူကွဲပြားသည့် ဒဏ်ရာပြဿနာငါးမျိုးကို ခံစားခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီ မန်စီးတီး ယှဉ်ပြိုင်ကစားခဲ့ရသည့် ပွဲစဉ်ပေါင်း ၅၇ ပွဲတွင် ၂၂ ပွဲသာ ပွဲထွက်ကစားနိုင်ခဲ့သူဖြစ်သည်။ ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အတွင်းကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံအသင်းသည် အုပ်စုတွင်း ပွဲစဉ်များအဖြစ် အီတလီအသင်း၊ ဆွီဒင်အသင်း၊ အိုင်ယာလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နောက်တန်းကစားသမား ကွန်ပနီအနေဖြင့် ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်မည်မဟုတ်သောကြောင့် ဘယ်လ်ဂျီယံအသင်းကို အသင်းခေါင်းဆောင်အဖြစ် ချယ်လ်ဆီးကစားသမား ဟာဇက်က တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။ ထိုသို့ နောက်တန်းကစားသမား ကွန်ပနီက ၎င်းပါဝင်မကစားနိုင်ခြင်းကြောင့် ဝမ်းနည်းမိပါကြောင်း ပြောကြားခဲ့သည်။ **(ငွေကြယ်)**

**၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ် မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)**



(တက္ကသိုလ် ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၈)

**တစ်ခုတည်းသောရပ်ဝန်း တစ်ခုတည်းသော လမ်းကြောင်းစီမံချက်နှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ အမြင်နှင့်သဘောထား**

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ၂၀၁၅ ခုနှစ် မတ်လအတွင်း "ပိုးလမ်းမစီးပွားရေးလမ်းကြောင်းနဲ့ ပင်လယ်ရေကြောင်း ပိုးလမ်းမ ပူးတွဲတည်ထောင်ခြင်းဆိုင်ရာ ရည်မှန်းချက်နှင့် လုပ်ငန်းအစီအစဉ်များ" ခေါင်းစဉ်နဲ့ ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်မှာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ဟာ စီးပွားရေးအရ တက်ကြွလှုပ်ရှားသစ်လွင်လျက်ရှိတဲ့ အာရှဒေသအသိုက်အဝန်းနဲ့ ဖွံ့ဖြိုးပြီးဖြစ်တဲ့ ဥရောပဒေသ စီးပွားရေးအသိုက်အဝန်းတို့ကို ပေါင်းကူးဆက်သွယ်ပေးမှာဖြစ်သလို စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ အများအပြားရှိတဲ့ နိုင်ငံတွေကိုပါ ဝန်းပတ်ကာရံထားကြောင်း၊ အထူးသဖြင့် ပိုးလမ်းမစီးပွားရေးလမ်းကြောင်းဟာ တရုတ်နိုင်ငံ၊ အာရှအလယ်ပိုင်း ဒေသနိုင်ငံများ၊ ရုရှားနိုင်ငံနဲ့ ဥရောပရှိ ဘောလ်တစ်နိုင်ငံများကို ပေါင်းစည်းပေးသွားမှာ ဖြစ်သလို တရုတ်နိုင်ငံနဲ့ ပါရှန်ပင်လယ်ကွေ့၊ မြေထဲပင်လယ်တို့ကို အလယ်ပိုင်းအာရှဒေသနဲ့ အနောက်အာရှဒေသတွေကတစ်ဆင့် ဆက်သွယ်ပေးသွားမှာဖြစ်ကြောင်း၊ အလားတူ တရုတ်နိုင်ငံနဲ့ တောင်အာရှဒေသ၊ အရှေ့တောင်အာရှဒေသ၊ အိန္ဒိယသမုဒ္ဒရာတို့ကို ပေါင်းစည်း ဆက်သွယ်ပေးသွားမှာဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။

တရုတ်အစိုးရရဲ့ လုပ်ငန်းအစီအစဉ်ကြေညာချက်အရ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်မှာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွေ အဓိကပါဝင်နေသလို သံတမန်ရေးရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အစီအစဉ်တွေလည်း ပါဝင်နေပါတယ်။ စီးပွားရေးဆိုင်ရာ အစီအစဉ်တွေမှာတော့ တရုတ်နိုင်ငံရဲ့ အနောက်ပိုင်းဒေသတွေနဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်မှာပါဝင်တဲ့ နိုင်ငံတွေအကြား စီးပွားရေးအရ စွမ်းဆောင်ရည် မြှင့်တင်ရေးနဲ့ ပေါင်းစည်းဆက်နွှယ်မှု ခိုင်မာလာစေရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာ စီမံချက်အမျိုးမျိုးမှာ အမြောက်အမြား ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားဖို့ ရှိပါတယ်။ ဒီအချက်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း တရုတ်နိုင်ငံရဲ့ နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုမှာ သမ္မတ ရှီကျင့်ဖျင် ပြောကြားတဲ့မိန့်ခွန်းမှာ အလေးအနက် ထည့်သွင်းပြောကြားခဲ့ပါတယ်။

တရုတ်နိုင်ငံ အကောင်အထည်ဖော်နေတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မူဝါဒအမြင်အရ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ဟာ တရုတ်နိုင်ငံရဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ရဲ့ အဓိကကျတဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီရဲ့ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးမှာ "တရုတ်နိုင်ငံအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အခြေပြုတဲ့ ငွေကြေးအဖွဲ့အစည်းတွေ တည်ထောင်သွားမှာဖြစ်သလို တရုတ်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံများ၊ ဒေသများအကြား ဆက်သွယ်ပေးမယ့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ တိုင်းပြည် ဘက်စုံ တံခါးဖွင့်မူဝါဒပုံစံသစ်ကို ပီပြင်စွာ ဖွဲ့စည်းလာနိုင်ရန်အတွက် ပိုးလမ်းမ စီးပွားရေးလမ်းကြောင်းနဲ့ ပင်လယ်ရေကြောင်းပိုးလမ်းမတို့ကို တည်ထောင်သွားနိုင်ဖို့ လှုံ့ဆော်ရေးကို ... " ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ဟာ စီးပွားရေးအရ ကမ္ဘာလုံး

**"ပင်လယ်ရေလမ်းကြောင်းလုံခြုံရေးကို ထိန်းသိမ်းထားရှိနိုင်ဖို့အတွက် သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေဖြစ်တဲ့ ပင်လယ်ဓားပြ တိုက်ဖျက်ရေး၊ ပင်လယ်ပြင်ကယ်ဆယ်ရေး လုပ်ငန်းတွေနဲ့ နိုင်ငံစုံပါဝင်တဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းတွေကို ပူးတွဲ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။"**



(တရုတ်ပြည်အရှေ့ပိုင်း ရှန်တုန်းပြည်နယ် ကျင်းတောင်မြို့မှ အာရှအလယ်ပိုင်းနိုင်ငံများအထိ ကုန်ပစ္စည်းပို့ဆောင်ပေးနိုင်မည့် ရထားလမ်းပိုင်းကို ၂၀၁၅ ခုနှစ် ဇူလိုင်လက စတင်ဖွင့်လှစ်ခဲ့သည်)

ဆိုင်ရာ ပေါင်းစည်းဆက်နွှယ်မှုဖြစ်စဉ်ကနေ နိုင်ငံအများအပြား ပူးပေါင်းဆောင်ရွက်တဲ့ ကမ္ဘာ့ပုံစံသစ် လမ်းကြောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ ပွင့်လင်းမှုရှိတဲ့ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ကိုကိုင်စွဲပြီး ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်စွာ ကုန်သွယ်ရေး ယန္တရားဖြစ်စဉ်တစ်ရပ်ကို ဖန်တီးနိုင်ဖို့လည်းဖြစ်ပါတယ်။ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ရဲ့ ရည်မှန်းချက်က စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်တွေကို လွတ်လွတ်လပ်လပ်နဲ့ စနစ်တကျဖန်တီးဖော်ဆောင်နိုင်မှုမြှင့်တင်ရေး၊ ဈေးကွက်များ နက်နက်ရှိုင်းရှိုင်း ပေါင်းစည်းလာစေရေးနဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေကို လိုအပ်တဲ့နေရာမှာ ထိထိရောက်ရောက်သုံးစွဲနိုင်ရေး စီမံချက်မှာ ပါဝင်အကျုံးဝင်နေတဲ့ နိုင်ငံများအကြား ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေကို စံနှုန်းစံထားအဆင့်မြင့်မြင့်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လာစေရေး အားပေးတိုက်တွန်းသွားခြင်းဖြင့် သက်ဆိုင်သူအားလုံး အကျိုးအမြတ် ဖြစ်ထွန်းစေမယ့် မျှတတဲ့ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပုံစံသစ်ကို ဖန်တီးသွားဖို့ ဖြစ်ပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ဟာ အခြားပြည်နယ်များနဲ့ နှိုင်းယှဉ်ရင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ တရုတ်နိုင်ငံ အနောက်ပိုင်းက ပြည်နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးသွားနိုင်ဖို့လည်း ရည်မှန်းထားရှိပါတယ်။ တရုတ်နိုင်ငံအနောက်ပိုင်းက ကုန်းတွင်းပိတ်ဒေသတွေဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်နဲ့ ပြင်ပကမ္ဘာကြီးကို တံခါးဖွင့်ရာမှာ ရှေ့တန်းကနေ ပါဝင်ဆောင်ရွက်ခွင့်ရရှိလာမယ့် အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မှာဖြစ်သလို တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုချက်ဒေသတွေကိုလည်း ပိုမိုဖော်ထုတ်ပေးလာနိုင်မှာ ဖြစ်ပါတယ်။ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုစီမံချက် အောင်မြင်မှုရရှိလာတာနဲ့အမျှ တရုတ်နိုင်ငံအတွက် စွမ်းအင်အရင်းအမြစ် ခိုင်မာမှုတွေ ပိုမိုရရှိလာမှာဖြစ်သလို နိုင်ငံရဲ့ အရှေ့ပိုင်းကမ်းရိုးတန်းဒေသတွေမှာ စုစည်းတည်ရှိနေပြီး လုပ်ငန်းအောင်မြင်မှုတွေ ရရှိနေတဲ့ စက်မှုလုပ်ငန်းတွေကို နိုင်ငံရဲ့ အလယ်ပိုင်းနဲ့ အနောက်ပိုင်း ဒေသတွေဆီကို ရွှေ့ပြောင်းနေရာချလာနိုင်မှာလဲဖြစ်ပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုစီမံချက် အောင်မြင်မှု ရရှိစေဖို့အတွက် စီးပွားရေးနဲ့ သက်ဆိုင်မှုမရှိတဲ့ ကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်သွားဖို့ လိုအပ်တယ်လို့ တရုတ်နိုင်ငံ လူမှုရေးသိပ္ပံအကယ်ဒမီအသင်းကြီး (Chinese Academy of Social Sciences-CASS) ကထောက်ပြပါတယ်။ ပထမပူးပေါင်းဆောင်ရွက်မှုက သယ်ယူပို့ဆောင်မှုလမ်းကြောင်းတွေ၊ အထူးသဖြင့် ပင်လယ်ရေလမ်းကြောင်းတွေ လုံခြုံစိတ်ချမှု ရှိစေရေးအတွက် အာမခံချက်ရှိဖို့ဖြစ်ပါတယ်။ ပင်လယ်ရေလမ်းကြောင်းလုံခြုံရေးကို ထိန်းသိမ်းထားရှိနိုင်ဖို့အတွက် သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေဖြစ်တဲ့ ပင်လယ်ဓားပြ တိုက်ဖျက်ရေး၊ ပင်လယ်ပြင်ကယ်ဆယ်ရေး လုပ်ငန်းတွေနဲ့ နိုင်ငံစုံပါဝင်တဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းတွေကို ပူးတွဲဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒုတိယအချက်က နိုင်ငံရေးတည်ငြိမ်မှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးဖြစ်စေတဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းတွေကို ဒေသဆိုင်ရာအဆင့်မှာ တိုးချဲ့ဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်လမ်းကြောင်း တစ်လျှောက်မှာ ပါဝင်နေတဲ့ နိုင်ငံအများအပြားမှာ ရှိနေဆဲဖြစ်တဲ့ အကြမ်းဖက်မှုတွေဟာ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို အဓိကအဟန့်အတား ဖြစ်စေတဲ့အချက် ဖြစ်ပါတယ်။ တတိယအချက်က မြေပြင်ပိုင်နက်နဲ့ ရေပြင်ပိုင်နက် ပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုတွေကို ဖြေရှင်းသွားနိုင်မယ့် လုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင် သွားဖို့ဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု တစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေနဲ့ ဖြစ်ပေါ်နေတဲ့ နယ်မြေအငြင်းပွားမှုတွေကို ကိုင်တွယ်ဆောင်ရွက်သွားနိုင်ဖို့နဲ့ အဆုံးတစ်နေ့မှာ ဖြေရှင်းသွားနိုင်ဖို့ အရေးပေါ်အခြေအနေ ကိုင်တွယ်ဆောင်ရွက်ရေးနဲ့ အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်တွေ ဖွဲ့စည်းသွားဖို့ဖြစ်ပါတယ်။ စတုတ္ထအချက်က ပင်လယ်ပြင်ရှိ သယံဇာတတွေကို အတူတကွ ဖော်ထုတ်ခံစားသွားနိုင်ဖို့အတွက်လည်း ဦးစားပေးဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ မြေပြင်ပိုင်နက်နဲ့ ရေပြင်ပိုင်နက် အငြင်းပွားမှုတွေဟာ အချိန်တိုအတွင်းမှာ ဖြေရှင်းသွားနိုင်မယ့် အခြေအနေမှာ မရှိတာကြောင့် ပင်လယ်ပြင်ရှိ သယံဇာတတွေကို သက်ဆိုင်တဲ့ နိုင်ငံတွေအကြား အတူတကွဖော်ထုတ်သုံးစွဲသွားနိုင်မယ့် လုပ်ငန်းစဉ်တစ်ရပ် တည်ထောင်ခြင်းဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ဟာ ကမ္ဘာ့ဒေသ အနှံ့အပြားက နိုင်ငံပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသလို မတူညီတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကွဲပြားခြားနားမှု အခြေအနေတွေ ရှိနေတာကြောင့် တရုတ်နိုင်ငံအနေနဲ့ အဆိုပါနိုင်ငံများနဲ့ ရေရှည်ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်သွားရမယ့် လုပ်ငန်းစဉ်တစ်ရပ်လို့လည်း တွက်ဆထားကြပါတယ်။ ၂၀၁၃ ခုနှစ် မတ်လအတွင်း ဟိုင်နန်ကျွန်းမှာ ကျင်းပခဲ့တဲ့ ဘိုအောဖိုရမ်မှာ တရုတ်သမ္မတ ရှီကျင့်ဖျင်က "ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ကို ဖော်ဆောင်သွားနိုင်ဖို့ တရုတ်နိုင်ငံဟာ ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးမှုတွေ၊ အပြန်အလှန်အထောက်အကူပြုမှုနဲ့ အကျိုးအမြတ်မျှဝေခံစားမှု 'မူ' တွေအပေါ် အခြေခံဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေမှာ မည်သည့်နိုင်ငံကိုမျှ ဖယ်ကြဉ်သွားမှာမဟုတ်ဘဲ ပွင့်ပွင့်လင်းလင်းနဲ့ အားလုံးပါဝင်လာနိုင်တဲ့ အစီအစဉ်သာဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပဲ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်ဟာ လက်ရှိ ရှိပြီးသား ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေကို အစားထိုးသွားဖို့ ရည်ရွယ်ချက်မရှိကြောင်း၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်မှာ အကျုံးဝင်တဲ့ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ အသီးသီးနဲ့ မိမိတို့ရဲ့ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာအစီအစဉ်များနဲ့ ကိုက်ညီမှုရှိလာစေဖို့ တရုတ်နိုင်ငံက အကူအညီပေးသွားမှာဖြစ်ကြောင်း" ပြောကြားခဲ့ပါတယ်။

# ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ



**လားရှိုး မေ ၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့နှင့်အတူ လားရှိုးမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား မေ ၆ ရက် ညနေ ၄ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံခဲ့ကြောင်းသိရသည်။

ယင်းနေ့တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ လူထုအခြေပြုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်(၁၂)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို တွေ့ဆုံပြီး မိမိအား လားရှိုးမြို့ပြည်သူများ၏ကိုယ်စား မွေးထုတ်ပေးလိုက်သည့်အတွက် မြို့မိမြို့ဖများနှင့်တွေ့ဆုံရသည်မှာ ဝမ်းသာကြောင်း၊ မိမိတို့အစိုးရအဖွဲ့ လိုအပ်ချက်များရှိပါက မြို့မိမြို့ဖများအနေဖြင့် အကြံကောင်း ဉာဏ်ကောင်းများပေးနိုင်ကြောင်း၊ ပြည်သူကိုယ်စားပြု မြို့မိမြို့ဖများအနေဖြင့်လည်း လိုအပ်ချက်များကို တင်ပြဆွေးနွေး အကြံပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လားရှိုးမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့မိမြို့ဖများက မြို့မဈေးကြီးဘေးပတ်လည် မော်တော်ယာဉ်ပိတ်ဆို့မှု ကင်းရှင်းရေးအတွက် မြို့မဈေးကုန်ဈေးတန်းအပေါ်ထပ်ကို မော်တော်ယာဉ်ရပ်နားရန်နေရာ အသုံးပြုခွင့်ပြုရေး၊ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေဘဲ အဆင်ပြေချောမွေ့ပြီး ခရီးသည်များ စိတ်ချမ်းမြေ့ လွယ်ကူစွာသွားလာနိုင်ရေး၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးရေး၊ ရပ်ကွက်(၁၂)ရှိ အေတီတံတားမြောက်ဘက်နေ ပြည်သူလူထုအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရန် ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် မိုင်းရယ်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ မိုင်းရယ်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့်စာသင်ကျောင်းများ ပြန်လည်ပြင်ဆင်ပေးရေးတို့ကို အသီးသီးတင်ပြဆွေးနွေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လိုအပ်ချက်များကို စာရင်းဇယားများဖြင့် တိကျစွာတင်ပြသွားရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဟန်ဌေး(လားရှိုး)**

# အရာတော်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ထန်းခေါက်တောင်း ရက်လုပ်နည်းသင်တန်းဖွင့်




**အရာတော် မေ ၈**

ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ထန်းခေါက်တောင်းရက်လုပ်နည်းသင်တန်းဖွင့်ပွဲကို မေ ၇ ရက် နံနက် ၉ နာရီက အရာတော်မြို့နယ် နောင်ကြီးအိုင်ကျေးရွာ ကျေးလက်နေအိမ်ဝင်းအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းခေါက်တောင်းရက်လုပ်နည်းသင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏက အမှာစကားပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးညီညီဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာတွင် မိမိတို့ဌာန၏ ရည်မှန်းချက်ဖြစ်သည့် ကျေးလက်နေပြည်သူများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ ပို့ချပြီး တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်တတ်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ သင်တန်းများကို ပို့ချခြင်းဖြစ်ကြောင်း၊ မိမိတို့ဒေသသည် အပူပိုင်းမိုးနည်းရပ်ဝန်းတွင်ပါဝင်သည့် ဒေသဖြစ်ရာ ထန်းပင်များ ပေါများစွာပေါက်ရောက်လျက်ရှိကြောင်း၊ အဆိုပါထန်းပင်မှရရှိသည့် ပင်စည်၊ အလက်၊ အရွက်များကို ရောင်းတန်းဝင်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ကျေးလက်နေလူငယ်များကို ယခုလို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ထန်းခေါက်တောင်း ယက်လုပ်သည့် အတတ်ပညာကျွမ်းကျင်သည့် အတတ်ပညာရှင်များက ပညာအမွေ လက်ဆင့်ကမ်းခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများမှ ကြိုးစားပြီး သင်ယူကြမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏနှင့် သင်တန်းသို့တက်ရောက်လာသူများက ထန်းခေါက်တောင်း ရက်လုပ်ခြင်းလက်တွေ့ သင်ကြားပြသနေမှုအခြေအနေများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏက သင်တန်းနည်းပြများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ထန်းခေါက်တောင်းရက်လုပ်နည်းသင်တန်းအား မေ ၇ ရက်မှ ၂၁ ရက်ထိ ၁၅ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ရာ အရာတော်မြို့နယ်အတွင်းမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

**သူရ(အရာတော်)**

# စစ်ကိုင်းမြို့ အရောင်မဲ့လက်များ လူမှုကူညီရေးအသင်းမှ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများခဲ့သည့် ကံကြီးကျေးရွာသို့ အလှူငွေကျပ် ၁၀ သိန်းနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းအတွက် ကျပ် ၂ သိန်း လှူဒါန်း

**စစ်ကိုင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကံကြီးကျေးရွာတွင် မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းစသည့် သဘာဝဘေးဒဏ်များကြောင့် လူနေအိမ် ၃၂၂ လုံး အမိုးများပျက်စီးခြင်း၊ နေအိမ် ၄၁ လုံး ပြိုကျခြင်း၊ ကျွဲနွားတိရစ္ဆာန် ၅၅ ကောင် သေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများခဲ့သည့်အတွက် စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက် ဝါဆိုကျောင်းတိုက် နာယကဆရာတော် ဥူးသီလဝံသ ဦးစီးတည်ထောင်သော အရောင်မဲ့လက်များ လူမှုကူညီရေးအသင်းမှ အလှူငွေကျပ် ၁၂ သိန်းကို မေ ၇ ရက် နံနက် ၈ နာရီက ကံကြီးကျေးရွာ ရွာလယ်ဓမ္မာရုံတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းငွေကျပ် ၁၂ သိန်းအား စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက် ဝါဆိုကျောင်းတိုက် ဆရာတော် ဥူးသီလဝံသနှင့် အသင်းအမှုဆောင် ဦးတင်ဖေ၊ ဦးထွန်းရီတို့သည် ကံကြီးကျေးရွာ သဘာဝဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေကျပ် ၂ သိန်းကို ကံကြီးကျေးရွာ ရာအိမ်မှူးဦးအေးဆွေမြင့်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စစ်ကိုင်း)**

# စေတုတ္တရာမြို့နယ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**စေတုတ္တရာ မေ ၈**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မေ ၆ ရက် နံနက်ပိုင်းက မင်းဘူးခရိုင် အယ်နီညိုသက်ရောက်မှုဖြစ်စဉ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းကော်မတီမှ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဝင်း၊ ခရိုင်စိမ်းလန်းစိုပြည်ရေးဦးစီးမှူး ဦးမြင့်ဟန်နှင့် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးသန်းဌေးတို့က ကွင်းဆင်းသွားရောက်၍ စိုက်ပျိုးရေးလုပ်ငန်းများ၊ သောက်သုံးရေဖူလုံစွာရရှိမှုအခြေအနေများ၊ စစ်ဆေးကြည့်ရှု၍ ကျေးလက်နေပြည်သူများအား အယ်နီညိုရာသီဥတုနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောပွဲများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက အယ်နီညိုရာသီဥတုကာလအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများအပေါ် လိုအပ်သည့်ကဏ္ဍများအလိုက် ခရိုင်လုပ်ငန်းကော်မတီမှ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

စေတုတ္တရာမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် နွေရာသီကာလများတွင် အယ်နီညိုဖြစ်စဉ်၏သက်ရောက်မှုကြောင့် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ အပူချိန်မြင့်မားခြင်းများဖြစ်ပေါ်လာနိုင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းနှင့် အပူကြောင့်ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ကြုံတွေ့နိုင်သဖြင့် စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ ရေပေးဝေရေး၊ လျှပ်စစ်မီးရရှိရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းများကို ခရိုင်အဆင့်၊ မြို့နယ်အဆင့် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စေတုတ္တရာမြို့သည် ရပ်ကွက်(၂)ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ ကျေးရွာပေါင်း ၁၁၈ ရွာတွင် အိမ်ခြေ ၁၀၁၇၉ အိမ်၊ အိမ်ထောင်စု ၁၀၀၃၆ စု၊ လူဦးရေ ၄၄၀၆၆ ဦး မှီတင်းနေထိုင်လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသည်။

စေတုတ္တရာမြို့နယ်တွင် ကျေးရွာအုပ်စု ၁၈ အုပ်စု၌ နွေစပါး ၁၂၅၇ ဧက စိုက်ပျိုးရန် လျာထားခဲ့သော်လည်း ၉၉၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေနှမ်း ၂၅၀ ဧက လျာထားခဲ့ရာ ၄၄၀ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ နွေစပါးမစိုက်ပျိုးနိုင်သည့် ဧရိယာများတွင် နွေနှမ်း ၁၉၄ ဧက အစားထိုးစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးရေလုံလောက်စွာရရှိ၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အလှူရှင်များနှင့်ပူးပေါင်း၍ ခဲပြစ်ကျေးရွာတွင် သောက်သုံးရေ ဖူလုံစွာရရှိစေရန် တွင်းနက်တစ်တွင်း၊ ကျောက်ပုံကျေးရွာတွင် တွင်းနက်တစ်တွင်းနှင့် တစ်နာရီ ၁၅၀၀ ဂါလန်ထွက်ရှိသော ပန့်နှင့်ရေစစ်ရုံ၊ ရေကန်များ ဆောက်ရွက်ပေးနိုင်ခဲ့သည်။ ကြောင်သိုက်ကျေးရွာတွင် အလှူရှင်လှူဒါန်းမှုဖြင့် စက်ရေတင်လုပ်ငန်းတစ်ခု၊ ပန်းချက်ကျေးရွာတွင် လက်တူးတွင်းကျယ် (ကျောက်စီခွေချ) တွင်းနှစ်တွင်း၊ အလယ်ဟန်ဒေါက်ကျေးရွာတွင် စိမ့်စမ်းရေသွယ်လုပ်ငန်းတည်တံ့စေရန် စိမ့်စမ်းရေထွက်ရှိသည့် တောတောင်များ သစ်မခုတ်ရန်နှင့် အခြားကျေးရွာများမှ သစ်မခုတ်ကြရန် ပညာပေး စည်းရုံးဟောပြောခြင်း၊ စည်းကမ်းထိန်းသိမ်းထားရှိခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အခြားစိမ့်စမ်းရေထွက်ရှိသည့်နေရာများတွင်လည်း စိမ့်စမ်းရေ အလျဉ်မပြတ်ထွက်ရှိနိုင်ရန် အနီးဆုံးရေထိန်းတောများကို ကျေးလက်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ကျေးလက်နေပြည်သူများပူးပေါင်း၍ သစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ(ပန်းချီ)ပြိုင်ပွဲ ကျင်းပ

**တောင်ငူ မေ ၈**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ(ပန်းချီ) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၈ နာရီခွဲက တောင်ငူမြို့ ခပေါင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ငူခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းထွန်းက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုအကြောင်းကိုလည်းကောင်း၊ တောင်ငူပညာရေးကောလိပ်၊ စီမံရေးရာဌာနမှူး ဦးမြင့်သူက ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ(ပန်းချီ) ပြိုင်ပွဲစည်းကမ်းချက်များအားလည်းကောင်း ရှင်းလင်းပြောကြားပြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ပညာရေးမှူးတို့က ပြိုင်ပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ မြို့နယ်များမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဇွန် ၂၆ ရက်တွင် ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရက် ၁၀၀ စီမံချက်ဖြင့် နှစ်လက်မစက်ရေတွင်း တူးဖော်

**မြင်းခြံ မေ ၈**

မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိစေရန် ညောင်ပင်သာကျေးရွာ၌ နှစ်လက်မစက်ရေတွင်း တူးဖော်နေမှုကို မေ ၆ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျုံးလျန်ဗွိုင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးကံချွန်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်း အကုန်အကျခံကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းအောင်**

# ထိုင်း-မြန်မာနယ်စပ် ဒုက္ခသည်များ နေရပ်ပြန်ပို့ရန်စီစဉ်



**ဗန်ကောက် မေ ၈**

ထိုင်း-မြန်မာနယ်စပ် ထိုင်းဘက်ခြမ်း ဒုက္ခသည်စခန်းရှိ မြန်မာဒုက္ခသည်များကို နေရပ်ပြန်ပို့ရန် စီစဉ်လျက်ရှိကြောင်း ထိုင်းနိုင်ငံ တတ်ခရိုင် ဒုအုပ်ချုပ်ရေးမှူး မစ္စတာစွတ်ဌာဆိုင်ဝါနစ်က မေ ၅ ရက်က ထိုင်းရုပ်မြင်သံကြားဌာနတစ်ခုသို့ ထုတ်ဖော်ပြောဆိုခဲ့ကြောင်း သိရသည်။

ပြောဆိုရာတွင် တတ်ခရိုင် ဖုတ်ဖရမြို့နယ် အုန်းပျန်ဒုက္ခသည်စခန်း၊ ထားဆောင်ယန်မြို့နယ် မယ်လဒုက္ခသည်စခန်းနှင့် အွန်းဖန်မြို့နယ် နုဖိုးဒုက္ခသည်စခန်းတို့တွင် နေထိုင်ကြသည့် မြန်မာဒုက္ခသည်ပေါင်း ၁၀၀၀၀ နီးပါးရှိကြောင်း၊ ၎င်းတို့အနက် ၈၅ ဦးမျှသာ နောက်ဆုံးအသုတ်အဖြစ် တတိယနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ရန် လျှောက်ထားအောင်မြင်သူများဖြစ်ပြီး ကျန်သည့်ဒုက္ခသည်အားလုံးကို နေရပ်မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်တော့မည်ဖြစ်ကြောင်း၊ လက်ရှိမြန်မာအစိုးရကလည်း ဒုက္ခသည်ပြန်လည်နေရာချထားရေး ပေါ်လစီ ချမှတ်ထားပြီးဖြစ်ရာ ဒုက္ခသည်ပြန်လာရန် လက်ကမ်းကြိုဆိုနေကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မကြာမီ ထိုင်း-မြန်မာနှင့် ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးUNHCR အဖွဲ့တို့ သုံးပွင့်ဆိုင်ဆွေးနွေးပြီး ဒုက္ခသည်စခန်းသုံးခုရှိ ဒုက္ခသည်များအား နေရပ်ပြန်ပို့ရန် Road Map ရေးဆွဲသွားမည်ဖြစ်ပြီး ဒုက္ခသည်အားလုံး မြန်မာဘက်ခြမ်းသို့ ပြောင်းရွှေ့နေထိုင်သော်လည်း အစပိုင်းတွင် UNHCR မှ ဆက်လက်ကူညီစောင့်ရှောက်ပေးထားမည်ဖြစ်ကြောင်း တတ်ခရိုင် ဒုအုပ်ချုပ်ရေးမှူးက ပြောသည်။ **ကျော်စိုး(ကော့သောင်း)**

# သောက်ရေသန့်များ ပေးဝေလှူဒါန်း

**ဝက်လက် မေ ၈**

ဝက်လက်မြို့နယ်အတွင်းရှိ နွေရာသီတွင် သောက်သုံးရေရှားပါးသည့် ကျေးရွာတစ်ရွာဖြစ်သော ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်သမိုင်းဝင် ဟန်လင်းပျူမြို့ဟောင်း တောင်ပိုင်းရပ်ကွက်ရှိ ပြည်သူများအတွက် သောက်ရေသန့်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧပြီ ၅ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းနှင့် ဝန်ထမ်းများက ဌာနမော်တော်ယာဉ်ဖြင့် သောက်ရေသန့်ဘူးကြီး ၁၀၀ ကို သွားရောက်လှူဒါန်း ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ယင်းပြင် သုံးရေများကိုလည်း ဟန်လင်းနှင့် နတ်ကုန်းကျေးရွာများသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်များ မြင့်တက်လျက်ရှိရာ ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ သောက်သုံးရေလိုအပ်သည့် ကျေးရွာများကို ရေများ အချိန်မီဖြန့်ဝေပေးနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဦးဆောင်၍ အခြားဌာနဆိုင်ရာများ ပူးပေါင်းကာ ကူညီထောက်ပံ့မှုများပေးနိုင်ရန် စီစဉ်ထားသည်။

**နန်းမြင့်(ဝက်လက်)**



# တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ စောစီးစွာ ထုတ်ချေးနိုင်ရေးအတွက် ကြွေးကျန်တောင်သူများ အမြန်ဆုံးပြန်လည်ပေးဆပ်ရန် နှိုးဆော်

**ရွှေဘို မေ ၈**


စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ စောစီးစွာထုတ်ချေးနိုင်ရေးအတွက် ကြွေးကျန်တောင်သူများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ အသိပေးနှိုးဆော်နေကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ အသိပေးနှိုးဆော်ရာတွင် ခင်ဦးမြို့နယ်အတွင်းရှိ ကြွေးကျန်ကျေးရွာအုပ်စုများမှ တောင်သူများသည် ၂၀၁၅ မိုးချေးငွေကို ယနေ့ထိ ပေးဆပ်ခြင်းမရှိသေးပါ။ ထိုသို့ပေးဆပ်ခြင်းမရှိသေးသော တောင်သူများကြောင့် တာဝန်ကျေစွာပေးဆပ်ပြီးသည့် လယ်သမားအချို့မှာ မြို့နယ်ဘဏ်ခွဲသို့ လာရောက်မေးမြန်းစုံစမ်းခြင်းများလည်း ရှိနေပါသည်။ ၂၀၁၆ မိုးချေးငွေကို မည်သည့်နေ့တွင် ထုတ်ချေးမည်နည်း၊ ထိုသို့ထုတ်ချေးရာတွင် ၂၀၁၅ မိုးချေးငွေကို ယခုထိ မပေးဆပ်သေးသည့် တောင်သူများကို အရေးယူပေးပါရန် တောင်းဆိုလာသည်။

သို့ပါ၍ တောင်သူလယ်သမားများအနေဖြင့် သတ်မှတ်ထားသောကာလအတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို ပြေကျေအောင် မပေးဆောင်နိုင်ပါက သတ်မှတ်ချေးငွေအတိုးအပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေ(၃၃)အရ ဒဏ်တိုးကိုပါ ပေးဆောင်ကြရမည်ဖြစ်သည့်အတွက် ငွေကြေးပိုမိုကုန်ကျမှု ရှိလာနိုင်သလို နိုင်ငံတော်ငွေ ပြည်သူ့ဘဏ္ဍာငွေများဖြစ်၍ သတ်မှတ်ကာလအတွင်း သတ်မှတ်ငွေကြေး ပြန်လည်ကောက်ခံရရှိခြင်းမရှိသဖြင့် စိုက်ပျိုးစရိတ် ကြွေးသစ်များထပ်မံထုတ်ချေးရန် ကန့်သတ်ချက် ဖြစ်လာပါမည်။ ပြဋ္ဌာန်းထားရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေ(၂၉)အရ ကြွေးဟောင်းရှိသူကို ကြွေးသစ်ထပ်မံထုတ်ချေး၍ မရသည့်အတွက်လည်းကောင်း၊ တောင်သူလယ်သမားများအတွက် ချေးငွေအဟောင်း အပြေအကျေပေးဆပ်ခြင်းမှာလည်း ကြွေးသစ်ရရှိရေးအတွက် မဖြစ်မနေ သတ်မှတ်လိုအပ်ချက်ဖြစ်ပါသည်။

ထိုသို့ဖြစ်သည့်အတွက် ချေးငွေသစ်ကို ယခုမေလမှ ဇူလိုင်လအတွင်း အပြီးထုတ်ချေးရာတွင် ယခု မေ ၉ ရက်အတွင်း ပေးဆပ်နိုင်မှသာ ချေးငွေရန်ပုံငွေ ထည့်သွင်းတောင်းခံရာတွင် ထုတ်ချေးခွင့်ပါဝင်မည်ဖြစ်ပါသဖြင့် လူကြီးမင်းတို့ ရပ်ကွက်/ကျေးရွာအုပ်စုတွင်းရှိ ကြွေးကျန်တောင်သူများ မိမိအစုအဖွဲ့အလိုက် တာဝန်သိစိတ် တာဝန်ယူစိတ်ဖြင့် ပေးဆပ်ကြရန်နှင့် အကယ်၍ မေ ၉ ရက်နောက်ပိုင်းမှ ပေးဆပ်နိုင်သူများကို ချေးငွေပြေကျေအောင်တောင်းခံပြီး ကျေးရွာအုပ်စုအလိုက် ချေးငွေအသစ်ထုတ်ချေးခြင်း မပြုနိုင်ပါကြောင်းစသည်များ ပါရှိသည်တို့ကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကြွေးကျန်တောင်သူများအား သိရှိစေရန်နှင့် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ စောစီးစွာထုတ်ချေးနိုင်ရေးအတွက် ကြွေးကျန်တောင်သူများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်နေကြောင်း သိရသည်။

**ရောင်နီတင်ဝင်း**





# ပညာရေးဖောင်ဒေးရှင်း ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**တံတားဦး မေ ၈**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပညာရေးဖောင်ဒေးရှင်း ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ချီးမြှင့်ခြင်းကို မေ ၇ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ပညာရေးဖောင်ဒေးရှင်းအသင်းဥက္ကဋ္ဌ ဒေါက်တာဦးကျော်တင်က ဖောင်ဒေးရှင်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တံတားဦးမြို့နယ် ပညာရေးဖောင်ဒေးရှင်းအသင်းအတွင်းရေးမှူး ဦးဌေးဦးက ဖောင်ဒေးရှင်းအသင်း တည်ထောင်စဉ်မှစ၍ ယနေ့အထိ ရသုံးငွေစာရင်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ တံတားဦးမြို့နယ် ပညာရေးဖောင်ဒေးရှင်း ပညာသင်စရိတ်ထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများလက်ဝယ်အရောက် တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မိမိတို့မြို့နယ် ပညာရေးဖောင်ဒေးရှင်းကို ၂၀၁၁ ခုနှစ်မှစတင်ခဲ့ရာ နှစ်စဉ် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးကို တစ်နှစ်လျှင် ပထမအရစ် ထောက်ပံ့ငွေကျပ် နှစ်သိန်းငါးသောင်း၊ ဒုတိယအရစ်ထောက်ပံ့ငွေကျပ် နှစ်သိန်းငါးသောင်း စုစုပေါင်းငွေကျပ် ငါးသိန်းစီကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ဒါ့ပြင် ကျွန်တော်တို့ဖောင်ဒေးရှင်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုထောက်ပံ့ပေးနိုင်ရေး အသင်းရန်ပုံငွေတိုးပွားရရှိရေးတို့ကိုလည်း လုပ်ဆောင်မည်ဖြစ်ကြောင်း မြို့နယ်ဖောင်ဒေးရှင်းအသင်းဝင် ဦးစိုးမိုးအောင်က ပြောသည်။ **ရဲတင့်(ပြန်/ဆက်)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် တွေ့ဆုံ

**မန္တလေး မေ ၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များတွေ့ဆုံပွဲကို မေ ၅ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၄ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ အိုရီယမ်တယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခန်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ အခမ်းအနားတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အစိုးရသစ်၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အရေးကြီးပုံများကို အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌဦးစိန်မြင့်က အဖွဲ့၏ခရိုင်နှင့် မြို့နယ်များတွင် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဆောင်ရွက်မှုများကိုလည်းကောင်း ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်များက ဆောင်ရွက်မှုများကိုလည်းကောင်း တင်ပြကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအား ဖြည့်စွက်ဆွေးနွေးခဲ့သည်။ **သီဟကိုကို(မန္တလေး)**

## ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုအတွင်း မြေစာပြိုကျမှုကြောင့် သေဆုံးသွားသူများ၏ မိသားစုများအတွက် ထောက်ပံ့ငွေများပေးအပ်

**မြစ်ကြီးနား မေ ၈**

ဖားကန့်မြို့နယ်အတွင်း ဆိပ်မူကျေးရွာအုပ်စု ဘဇံချောက်ကျေးရွာတွင် မေ ၅ ရက် ညပိုင်းအချိန်တွင် တစ်သုံးလုံးကုမ္ပဏီလုပ်ကွက်ဧရိယာအတွင်း အမြင့်ပေ ၁၅၀၊ အကျယ်ပေ ၂၀၀ နှင့် ထု ပေ ၈၀၀ ခန့်ရှိသော မြေစာထုပြိုကျခဲ့မှုဖြစ်ပွားခဲ့သဖြင့် မေ ၆ ရက်တွင် ရှာဖွေကယ်ဆယ်မှုများဆောင်ရွက်ခဲ့ရာ သေဆုံးသူ အမျိုးသား ၁၃ ဦးတို့၏ အလောင်းများ တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုအတွင်း မြေစာပြိုကျမှုကြောင့် သေဆုံးသွားသူ ၁၃ ဦးတို့၏ မိသားစုများအား ကူညီထောက်ပံ့နိုင်ရေးအတွက် မိုးညှင်းခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်နိုင်ထွေးဦးဆောင်၍ မေ ၇ ရက် နံနက်ပိုင်းတွင်း ဖားကန့်ဒေသသို့ သွားရောက်ပြီး လူတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မြဝတီ မေ ၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို မေ ၇ ရက် နံနက် ၇ နာရီက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တာဝန်ရှိသူများနှင့် ပါတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများနှင့် ပါတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာလူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များ၊ ကုန်တင်ကုန်ချဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက မြဝတီမြို့ သံတံတားကားဝင်းမ. ထ. သရုံးအနောက်ရှိ သောင်ရင်းမြစ်ကမ်းဘေးနှင့် ချစ်ကြည်ရေးလမ်းရှိ ဂေါက်ကွင်းအနီး လမ်းဘေးဝဲယာနေရာများတွင် ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များဆယ်ယူခြင်းနှင့် အမှိုက်ကောက်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးရေမြောင်းများ ရေစီးဆင်းနေမှုအခြေအနေများ၊ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့နယ် သတင်းစာဆရာအသင်း၏ ဒုတိယအကြိမ် အမှုဆောင်သစ်ရွေးချယ်

**စစ်ကိုင်း မေ ၈**

စစ်ကိုင်းမြို့နယ် သတင်းစာဆရာအသင်း၏ ဒုတိယအကြိမ် အမှုဆောင်အဖွဲ့သစ်ရွေးချယ်ခြင်းအခမ်းအနားကို မေ ၆ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ ထုံးဘိုရပ်ရှိ ဟိန်းမင်းဂစ်တာလုပ်ငန်းတွင် ကျင်းပရာ စုစုပေါင်းအသင်းဝင် ၂၄ ဦးရှိသည့်အနက် ၁၇ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားမှူးအဖြစ် ဦးဇေယျာနောင် (ဂွန်ကောလင်း) က ဆောင်ရွက်ပြီး ရှေးဦးစွာ အသင်းနာယကဆရာကြီးဦးအေးကို (မင်းကို-စစ်ကိုင်း) က အဖွင့်အမှာစကားပြောကြားကာ အမှုဆောင်အဖွဲ့ဝင်သစ်များအဖြစ်လျာထားသည့် အမည်စာရင်းကို ဖတ်ကြားခဲ့သည်။

ယင်းနောက် အမှုဆောင်အဖွဲ့သစ်ရွေးချယ်ခြင်းနှင့်ပတ်သက်၍ အခမ်းအနားတက်ရောက်လာကြသော အသင်းဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး အမှုဆောင်အဖွဲ့သစ်ကို အတည်ပြုဖွဲ့စည်းခဲ့သည်။

အတည်ပြုလိုက်သည့် အမှုဆောင်အဖွဲ့ဝင်သစ်အမည်များကို အသင်းနာယက ဦးအောင်နိုင်ထွန်း (မင်းဥဒိန်) က ဖတ်ကြားရာ ဥက္ကဋ္ဌဦးဇော်နောင်ဟိန်း (ဇော်နောင်ဟိန်းဂစ်တာ)၊ ဒုဥက္ကဋ္ဌ ဦးဇော်မြင့် (ဇော်မြင့်-စစ်ကိုင်း)၊ အတွင်းရေးမှူး ဦးဇေယျာနောင် (ဂွန်ကောလင်း) အပါအဝင် စုစုပေါင်း ၁၀ ဦးရှိကြောင်း သိရသည်။

ယင်းနောက် စစ်ကိုင်းမြို့နယ် သတင်းစာဆရာအသင်းတည်နေရာအဖြစ် ဦးဇော်နောင်ဟိန်း (ဇော်နောင်ဟိန်းဂစ်တာ) ၏ နေအိမ် (ဟိန်းမင်းဂစ်တာလုပ်ငန်း) ကို သတ်မှတ်ကြောင်းနှင့် စစ်ကိုင်းမြို့ရှိ အချို့သောဌာနဆိုင်ရာများ၊ NGO များ၊ ရပ်မိရပ်ဖများနှင့် စစ်ကိုင်းမြို့နယ် သတင်းစာဆရာအသင်းတို့ မိတ်ဆက်တွေ့ဆုံပွဲကို မေ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဆက်လက်ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**ဇေယျာနောင်**

## ကျေးလက်ဦးစီးဌာနရန်ပုံငွေဖြင့် ရက် ၁၀၀ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်

**တမူး မေ ၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိ ကျေးရွာများတွင် ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနရန်ပုံငွေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေအနေနဲ့ တမူးမြို့နယ် အူးစူးကျေးရွာ၊ သာယာကုန်းကျေးရွာနှင့် မြို့သစ်မြို့နယ်အတွင်းရှိ နောင်ကတ်(သစ်)ကျေးရွာ၊ မန်တော်ကျေးရွာ၊ နန်းအောင်မော် စသည့်ကျေးရွာများတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှုမဖြစ်ပေါ်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရေးအတွက် ကွန်ကရစ်ဝှေ့ချရေတွင်းများ၊ ရေတွင်းပလက်ဖောင်း၊ ရေတွင်းအမိုးနှင့် လက်နှိပ်တုံကင်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပြီးစီးနိုင်ရန် ကလေးခရိုင် ကျေးလက်ဦးစီးမှူးက လာရောက်ပေါင်းစပ် စစ်ဆေးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း တမူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းစဉ်များ ကျေးရွာများတွင် အကောင်အထည်ဖော်ခြင်းဖြင့် ကျေးလက်နေပြည်သူများ မိသားစုဘဝဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာသန်စွမ်းစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နိုင်စေမည် ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

## ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများထောက်ပံ့ပေးအပ်

**တောင်ကြီး မေ ၈**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ကန်သာရပ်ကွက်ရှိ ကန်သာဦးတံတား ပြန်လည်ပြုပြင်ရန်အတွက် ကုန်ကျစရိတ် အလှူငွေကျပ်သိန်း ၃၁၀ ကို မေ ၅ ရက်တွင် တောင်ကြီးဘဏ်ခွဲတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်စန္ဒာဝင်းက သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အလားတူ တောင်ကြီးမြို့တွင် တည်ဆောက်လျက်ရှိသည့် Dhamma School အတွက် အလှူငွေကျပ် သိန်း ၁၄၀၀ ကို သိမ်တောင်ပရိယတ္တိဆရာတော် ဦးတေဇဝန္တထံသို့လည်းကောင်း၊ ရှမ်းပြည်(တောင်ပိုင်း) ပင်းတယမြို့ ရေရှိရေးအတွက် ဇော်ဂျီရေထွက်မှရေကို ပိုက်ဖြင့်သွယ်တန်းပြီး ပြည်သူများအား ဖြန့်ဝေပေးနိုင်ရန် အလှူငွေကျပ် သိန်း ၅၀၀ ကိုလည်းကောင်း၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ မြန်မာနိုင်ငံအနှံ့အပြားတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လျက်ရှိသော လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ အပူရှိန်လွန်ကဲခြင်းတို့ကြောင့် လူနှင့်တိရစ္ဆာန်တို့ သေကြေပျက်စီးခဲ့ပြီး နေအိမ်နှင့် စိုက်ခင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဖောင်ဒေးရှင်းမှ လူသားချင်းစာနာထောက်ထားမှုများဖြင့် ကူညီလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိရာ မြစ်သားမြို့နယ်ရှိ ကျေးရွာများတွင် လုံးဝပျက်စီးသွားခဲ့သည့် အိမ်ခြေ ၃၅၀ နှင့် အမိုးအကာပျက်စီးသွားသော အိမ်ခြေပေါင်း ၁၁၃၄ အိမ်အတွက် ပြန်လည်ပြုပြင်တည်ဆောက်ရန် ငွေကျပ် သိန်း ၅၀၀ ကိုလည်းကောင်း၊ မန္တလေးတိုင်း ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်များတွင် လေပြင်းတိုက်ခတ်ခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားသော အိမ်များအတွက် ကျောက်ဆည်မြို့နယ်တွင် အိမ်မိုးသွပ်ပြားချပ်ရေ ၆၀၀၀၊ စဉ့်ကိုင်မြို့နယ်တွင် အိမ်မိုးသွပ်ပြားချပ်ရေ ၄၀၀၀ တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသွားသော လယ်ယာသုံး ခိုင်းနွားများအတွက် တောင်သူလယ်သမားများကို ဖောင်ဒေးရှင်းမှ ကူညီထောက်ပံ့လျက်ရှိရာ လယ်ယာသုံးခိုင်းနွားတစ်ကောင်လျှင်ကျပ် ၁၀ သိန်းနှုန်းဖြင့် ယနေ့ထိ လယ်ယာသုံးခိုင်းနွား စုစုပေါင်း ၁၇ ကောင်အတွက် ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ယင်းအပြင် အယ်နီညိုရာသီဥတုကြောင့် မြန်မာပြည်နေရာအနှံ့ရှိ ရေရှားပါးသော နေရာဒေသများသို့ ရေဘောက်ဆာကားကြီးများဖြင့် သောက်သုံးရေများ လိုက်လံဖြန့်ဝေပေးလျက်ရှိပြီးစက်ရေတွင်းပေါင်း ၁၁၂ တွင်းတူးဖော်ခဲ့ရာ ရေအောင်တွင်းပေါင်း ၇၃ တွင်းရှိပြီဖြစ်သည်။ **(ကြေးမုံ)**



**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်း)*

# စာသင်အရွယ် လူမမယ်လေးများကို ကာကွယ်ပါ

အိမ့်ချမ်းမြေ့

ထိုင်းနိုင်ငံမှာ အင်္ဂလိပ်စာလာသင်ပေးတဲ့ ဗြိတိန်နိုင်ငံမှ ကျောင်းဆရာအချို့ဟာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခဲ့ဖူးသူများ ဖြစ်ကြောင်းကို ဗြိတိန်အစိုးရက ထိုင်းနိုင်ငံကို မကြာသေးခင်က သတိပေးခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ စာသွားသင်သူ ကနေဒါမှ ကျောင်းဆရာတစ်ဦးဟာလည်း ကျောင်းသားလေးတွေကို လိင်ကိစ္စကျူးလွန်မှုနဲ့ အဖမ်းခံရဖူးတယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က စာရေးသူ နေထိုင်သောမြို့မှ ကျောင်းဆရာတစ်ဦးလည်း ကမ္ဘောဒီးယားနဲ့ ထိုင်းနိုင်ငံများမှ အသက်မပြည့်သေးတဲ့ ကလေးတွေကို ဖျားယောင်းပြီးလိင်ဆက်ဆံမှုကြောင့် ဖမ်းဆီးထောင်ချခြင်း ခံလိုက်ရပါတယ်။ ထို့အပြင် Beijing World Youth Academy (BWYA) မှာ ၁၀ နှစ်ကျော် စာသင်နေသူ နီးရော်ဘင်ဆန်အမည်ရှိ အမေရိကန်ကျောင်းဆရာတစ်ဦးဟာလည်း ကျောင်းသူလေးများကို မဖွယ်မရာပြုမှုနဲ့ ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခံလိုက်ရပါတယ်။

နိုင်ငံခြားကျောင်းဆရာ၊ဆရာမများ အနေနဲ့ ပြစ်မှုကျူးလွန်ခဲ့ဖူးခြင်း ရှိ၊မရှိကို တရုတ်ပြည်မှ ကျောင်းအများစုက အလုပ်မခန့်ခင်မှာ သက်သေအထောက်အထား တောင်းခံလေ့ရှိပေမယ့် နီးရော်ဘင်ဆန်ကတော့ ဆရာအဖြစ် ၁၀ နှစ်ကျော် အလုပ်လုပ်နေခဲ့တယ်လို့ ဆိုပါတယ်။ နီးရော်ဘင်ဆန်ဟာ ဝရမ်းပြေးတစ်ယောက်ဖြစ်တယ်ဆိုတာကို ဆိုရှယ်မီဒီယာတစ်ခုမှာ မတော်တဆ ရှာဖွေတွေ့ရှိတော့မှ တရုတ်အာဏာပိုင်တွေက သွားရောက်ဖမ်းဆီးခဲ့ကြရတယ်လို့ ဆိုတယ်။

တစ်ခါကလည်း ဂျန်ဆူပြည်နယ် နန်ကျင်းမြို့က ပရိုင်းဗိတ်ကျောင်းတစ်ကျောင်းမှာ အမေရိကန်နှစ်ဦးဖြစ်တဲ့ ဝယ်စလီရိုးနဲ့ ဝိမ်းပရီတီဆိုသူ ကျောင်းဆရာနှစ်ဦး အလုပ်အတူတူလုပ်ကြတယ်။ ဆရာဝယ်စလီရိုးဟာ ကျောင်းသူလေးနှစ်ဦးနဲ့အတူတူ အိမ်ခန်းတစ်ခန်းထဲမှာ အတူတူငှားနေရုံသာမက၊ အခြားကျောင်းသူလေးတွေနဲ့ ဆက်ဆံရေးဟာ သာမန်ပုံစံမဟုတ်ဘူးလို့ ဝိမ်းပရီတီက ထင်နေတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံတွင်း လိင်မှုကျူးလွန်သူများကို စာရင်းပြုစုတဲ့ အစိုးရဝက်ဘ်ဆိုက်မှာ သွားရှာတဲ့အခါ ထင်ထားတဲ့အတိုင်း ဝယ်စလီရိုးရဲ့အကြောင်းကို သိလိုက်ရတယ်။ အမေရိကန်ပြည်နယ်သုံးခုက ကျောင်းသုံးခုမှာ လိင်မှုကျူးလွန်ခဲ့သူဖြစ်လို့ အမေရိကန်မှ လွင့်လာခဲ့သူဖြစ်တယ်ဆိုတာ သိလိုက်ရတယ်။ အဲဒီအကြောင်းကို သက်ဆိုင်ရာကျောင်းကိုသာမက နန်ကျင်းရဲဌာနကိုပါတိုင်ကြားခဲ့ပေမယ့် ဘယ်သူကမှ အရေးယူမှု မပြုခဲ့ကြဘူးလို့ ဆိုပါတယ်။ ဒီလိုတိုင်ကြားခဲ့တဲ့အတွက် အခြေအနေပေးရင် ပေးသလို ကလေးငယ်များကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုကျင့်ဖို့ နန်ကျင်းမြို့မှာ အလုံးအရင်းရောက်နေကြတဲ့ ကျောင်းဆရာတစ်ဖြစ်လဲ ရာဇဝတ်ကျူးလွန်ထားသူများဟာ ဝိမ်းပရီတီကို ခြိမ်းခြောက်မှုတွေတောင် ပြုခဲ့ကြတယ်လို့ ဆိုပါတယ်။

အမည်မဖော်လိုသူ ဗြိတိန်မှ ကျောင်းဆရာတစ်ဦးဟာလည်း သူလက်ရှိ ဆရာလုပ်နေသော ဂျန်ဆူပြည်နယ်မှ နိုင်ငံခြားသား ကျောင်းဆရာများဟာ အသက် ၁၆နှစ်မှ ၁၈ နှစ်အရွယ် ကျောင်းသူလေးများနဲ့ ကျောင်းသူနဲ့ ဆရာထက်ပိုတဲ့ ဆက်ဆံရေးမျိုးတွေရှိနေတာကို မြင်တွေ့နေရပြီး ရွံရှာစက်ဆုပ်မိတယ်လို့လည်း ဆိုပါတယ်။

Canadian International School of Beijing(CISB) မှာ အလုပ်လုပ်သူ ဂရေ့စ်မကာလန်ဆိုသူ ဆရာမကတော့ သူမ အလုပ်လုပ်နေတဲ့ကျောင်းက အလွန်စည်းကမ်းကြီးပြီး ဆရာနဲ့ ကျောင်းသူ၊ ဒါမှမဟုတ်လည်း ဆရာမနဲ့ ကျောင်းသား နှစ်ယောက်တည်း စာသင်ခန်းထဲမှာ ကျန်မနေရဆိုတဲ့ စည်းကမ်းချက်ကို ချမှတ်ထားတယ်လို့ ဆိုပါတယ်။

လိင်ပိုင်းဆိုင်ရာ ကျူးလွန်တတ်သူတွေ သွားလေ့ရှိတဲ့ တိုင်းပြည်များကတော့ ထိုင်း၊ ဖိလစ်ပိုင်နဲ့ ကမ္ဘောဒီးယားနိုင်ငံတွေဖြစ်တယ်။ အာရှယဉ်ကျေးမှုကို စိတ်ဝင်စားလို့၊ လေ့လာချင်လို့၊ အတွေ့အကြုံရချင်လို့ အာရှယဉ်ကျေးမှုကို မြတ်နိုးလို့ ကျောင်းဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြီး ရိုးသားစွာနေထိုင်လိုသူ စစ်မှန်သော ကျောင်းဆရာ၊ ဆရာမများ များစွာရှိနေသလို၊ အရေခြုံများစွာဟာလည်း အာရှကျောင်းများကို စားကျက်သဖွယ် ချောင်းမြောင်းနေတတ်ကြတာတွေကိုလည်း တွေ့နေရတယ်။ လိင်ပိုင်းဆိုင်ရာကျူးလွန်လိုသူများဟာ လူအများစုနဲ့ ထိတွေ့နိုင်တဲ့ ကျောင်းဆရာ၊ NGO စသည်အနေနဲ့ အရေခြုံပြီး ဝင်လာတတ်တဲ့ သဘောရှိတယ်။

အသက်မပြည့်သေးတဲ့ ကျောင်းသူ၊ ကျောင်းသားလေးတွေနဲ့ ပညာသင်ကြားပို့ချပေးတဲ့ ကျောင်းဆရာ၊ ဆရာမများကြားမှာ သာမန်မဟုတ်တဲ့ ဆက်ဆံရေးမျိုးရှိခဲ့ရင် ကျောင်းဆရာ၊ ဆရာမမှာ လုံးဝတာဝန်ရှိပါတယ်။ တက္ကဆက်ပြည်နယ်မှာ အသက် ၄၅ နှစ်အရွယ် ဂျေးဘန်းဆိုသူကျောင်းဆရာဟာ အသက်မပြည့်သေးတဲ့ ကျောင်းသူနှစ်ဦးကို မဖွယ်မရာပြောဆို ပြုမူဆက်ဆံခြင်း၊ မူးယစ်ဆေးများကျွေးခြင်းစတဲ့ ပြစ်မှုကျူးလွန်မှုတွေကြောင့် ထောင်ဒဏ် နှစ်ပေါင်း ၁၁၀ ကျခံဖို့ တက္ကဆက်ပြည်နယ်တရားရုံးက မကြာသေးခင်လပိုင်းအတွင်းမှာပဲ အမိန့်ချမှတ်လိုက်ပါတယ်။ အချို့သော နိုင်ငံခြား တက္ကသိုလ်များမှာ ကျောင်းပေါ်လစီများ ရှိတတ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသားများဟာ အသက်ပြည့်ပြီးရင်တောင် မိမိရဲ့ ဆရာ၊ ဆရာမများနဲ့ ပရော်ဖက်ရှင်နယ်ကျကျစွာ ဆက်ဆံကြရတဲ့သဘောရှိပါတယ်။ ဆရာနဲ့ ကျောင်းသားထက် ပိုတဲ့ဆက်ဆံရေးမျိုးကို လုံးဝတားမြစ်ထားတဲ့ သဘောပါ။

အသက်မပြည့်သေးသူ ကျောင်းသူ၊ ကျောင်းသားလေးများဟာ ဆရာ၊ ဆရာမများရဲ့ မဖွယ်မရာပြုမူမှုတွေကြောင့် ရှက်ရွံ့စိတ်၊ နားမလည်နိုင်အောင်ဖြစ်ရတဲ့စိတ်တွေကို ကြိုတ်ခံစားကြရတယ်လို့ဆိုတယ်။ ကျောင်းစာလိုက်လို့မမှီ၊ မှိုင်တွေငေးမောနေတဲ့အခါမှာ အကောင်းဆုံးကျောင်းမှာ ထားတာတောင်မှ ခုလိုဖြစ်ရပါမလားဆိုပြီး မိဘတွေက ပြဿနာအရင်းမြစ်ကိုမသိဘဲ စိတ်ဆိုးတတ်ကြတယ်လို့ ဆိုတယ်။ ဒါ့အပြင် အချို့သော ပုဂ္ဂလိကကျောင်းများကလည်း ကျောင်းသူ၊ ကျောင်းသားတွေရဲ့ လုံခြုံရေးထက် နိုင်ငံခြား ကျောင်းဆရာများကို ခန့်အပ်ပြီး စာသင်ပေးနေတယ်ဆိုတဲ့ ဂုဏ်ကို ပိုတန်ဖိုးထား တတ်ကြတယ်လို့လည်း ဆိုကြတယ်။

> **အချို့သော ပုဂ္ဂလိက ကျောင်းများကလည်း ကျောင်းသူ ကျောင်းသားတွေရဲ့လုံခြုံရေး ထက် နိုင်ငံခြား ကျောင်းဆရာများကို ခန့်အပ်ပြီး . . . .**

အာရှမှ ကျောင်းအများစုကတော့ နိုင်ငံခြားသား ကျောင်းဆရာ၊ ဆရာမများကို စိစစ်တတ်ကြပါတယ်။ ပြစ်မှုကျူးလွန်ခဲ့ဖူးခြင်း ရှိ၊မရှိ သက်သေအထောက်အထား၊ ရဲစခန်းထောက်ခံချက်ကို တောင်းခံလေ့ရှိတယ်လို့ ဆိုပါတယ်။ ထို အာရှတိုင်းပြည်များကတော့ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်၊ ထိုင်ဝမ်၊ အင်ဒိုနီးရှား၊ ဟောင်ကောင်နဲ့ ဂျပန်နိုင်ငံများပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း တောင်းခံတာကတစ်ပိုင်း၊ စာရွက်တွေ စစ်မှန်မှု ရှိ၊မရှိ စစ်ဆေးတာက တစ်ပိုင်းဖြစ်တယ်လို့လည်း ဆိုကြတယ်။ ဂျပန်နိုင်ငံကတော့ Japan Exchange & Teaching Programme (JET) မှာ ဆရာအဖြစ်နဲ့ လုပ်ကိုင်ချင်ရင် FBI ထောက်ခံချက်တောင် တောင်းဆိုလေ့ရှိတယ်လို့ ဆိုပါတယ်။

မြန်မာပြည်မှ သက်ဆိုင်ရာကျောင်းများအနေနဲ့ မိမိရဲ့ကျောင်းသားလေးများကိုကာကွယ်ဖို့ မိမိကျောင်းမှာခန့်မယ့် နိုင်ငံခြားသားဆရာတွေထံက ရာဇဝတ်မှုကျူးလွန်ထားခြင်း ရှိ၊မရှိ ရဲစခန်းထောက်ခံချက်၊ ဘွဲ့လက်မှတ်၊ ဆရာဖြစ်သင်တန်းအောင်လက်မှတ်၊ လုပ်ငန်းအတွေ့အကြုံ၊ စာရိတ္တထောက်ခံစာ အနည်းဆုံး သုံးစောင် စသည်များကို တောင်းခံသင့်ပါတယ်။ ကိုယ်တိုင်လည်း ထိုကျောင်းဆရာများ နေထိုင်သော နိုင်ငံခြားတိုင်းပြည်များမှ အစိုးရ၊ ရဲ စသည့် ဝက်ဆိုက်များမှာ ကိုယ်ခန့်အပ်မယ့် ကျောင်းဆရာ၊ဆရာမများရဲ့ ရာဇဝတ်မှုဆိုင်ရာ ရာဇဝင်များကို လက်လှမ်းမှီသမျှ စစ်ဆေးရန်လိုပါတယ်။ ထိုသူများရဲ့ ဘွဲ့ရလက်မှတ်များ၊ ဆရာဖြစ်လက်မှတ်များကို မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရန်လည်း လိုအပ်ပါတယ်။

လူတစ်ယောက် ရာဇဝတ်မှုကျူးလွန်ထားတဲ့ သမိုင်းကြောင်းကို တိုင်းပြည်ပေါ်မှာမူတည်ပြီး ထိုတိုင်းပြည်ရဲ့ တည်ဆဲဥပဒေများအရ ထုတ်ပြန်ခြင်း မရှိပါဘူး။ လူထုကို စာရင်းချမပြနိုင်ခြင်းအကြောင်းရင်းတွေကတော့ လူ့အခွင့်အရေး၊ ပရိုင်ဗေစီဥပဒေ စသည်တို့ကြောင့်ပါ။ ဒါ့အပြင် ရဲများ၊ ပုလိပ်များက ရာဇဝတ်မှုကျူးလွန်ထားဖူးတဲ့အချက်တွေကို အသုံးချပြီး လူတစ်ဦးအပေါ်မှာ မတရားကိုင်တွယ်မှာစိုးလို့လည်းဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ ရာဇဝတ်မှုကျူးလွန်ထားတဲ့ သမိုင်းကြောင်းကို တိုင်းပြည်တိုင်းက မထုတ်ပြန်တဲ့နေရာမှာ ဥပမာပြရရင်၊ ကနေဒါနိုင်ငံ ဘီစီပြည်နယ်က အပါအဝင်ဖြစ်ပါတယ်။

ဗရိုင်ဗေစီ၊ လူ့အခွင့်အရေး စသည်တို့နဲ့ ငြိနေတဲ့အတွက် ဒီမိုကရေစီနိုင်ငံများမှာ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်တာဝန်ကိုယ်ယူကြရတဲ့ သဘောတွေကို တွေ့ရတတ်ပါတယ်။

ဖက်လဲတကင်းနေတတ်တာ အနောက်နိုင်ငံတွေရဲ့ ယဉ်ကျေးမှုလို့ ဦးနှောက်ဆေးကြောခြင်းခံခဲ့ကြရတယ်။ အမှန်ကတော့ အနောက်နိုင်ငံမှ ရုံးတွေ၊ ကျောင်းတွေမှာ အထက်အရာရှိ ယောကျ်ားများနဲ့ လက်အောက်ငယ်သား အမျိုးသမီး၊ ဆရာနဲ့ကျောင်းသူ၊ ဆရာဝန်ယောကျ်ားနဲ့ လူနာအမျိုးသမီး စသည်တို့ ဖက်လဲတကင်းနေတာမျိုးထက် ပရော်ဖက်ရှင်နယ်ကျစွာ နေကြပါတယ်။ ဆံပင်ကိုင်ခြင်း၊ ပခုံးကိုင်ခြင်း၊ ဝတ်ထားသော အဝတ်အစား၊ ဆံပင် စသည်တို့ကို လှသည်၊ ကြည့်ကောင်းသည် မှတ်ချက်ပေးခြင်းမျိုး ဟာလည်း လက်သင့်မခံတဲ့ အပြုအမူတွေဖြစ်ပါတယ်။ အမျိုးသမီးများ၊ ကျောင်းသူလေးများ အနေနဲ့ ကိုယ့်အထက်အရာရှိ ဒါမှမဟုတ် ဆရာတစ်ဦးဦးက မိမိကိုအနေရခက်စေတယ်၊ လိပ်ပြာမသန့်သလိုခံစားရစေတယ်ဆိုရင် နိုင်ငံခြားသားမို့လို့၊ ဒါတော့ သူတို့ယဉ်ကျေးမှုဖြစ်မှာပါဆိုပြီး အားနာဖို့ မလိုပါ။ ဖက်လဲတကင်းနေခြင်း၊ လက်မောင်း၊ ခါး၊ ပခုံးတို့ကို ရင်းနှီးသည့် ပုံစံဖြင့် ကိုင်တွယ်ခြင်းတို့ဟာ အနောက်နိုင်ငံတွေရဲ့ ယဉ်ကျေးမှုဖြစ်တယ်ဆိုတာ လုံးဝမဟုတ်ပါ၊ အထူးသဖြင့် ပရော်ဖက်ရှင်နယ်အသိုင်းဝိုင်းတွေမှာ ဘောင်တွေစည်းတွေရှိပြီးသား ဖြစ်ပါတယ်။ အနေအထိုင်မတတ်လို့ လိင်ကိစ္စနဲ့ ထောင်၊ အချုပ်ကျကြရတဲ့ ဥပမာများကို အထက်မှာ ရေးခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းတွေမှာလည်း အရွယ်မရောက်၊ တရောက် ကျောင်းသူ၊ ကျောင်းသားများနဲ့ နိုင်ငံခြားသား ဆရာပဲဖြစ်ဖြစ် ပြည်တွင်းက ဆရာပဲဖြစ်ဖြစ်နဲ့ လက်ပွန်းတတီးနေတာကို မိဘများအနေနဲ့ သတိထားဖို့လိုပါတယ်။

အာရှယဉ်ကျေးမှုကို မြတ်နိုးလို့ ကျောင်းဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြီး အာရှတိုင်းပြည်တွေမှာ ရိုးသားစွာနေထိုင်လိုသူ စစ်မှန်ဖြူစင်သော ကျောင်းဆရာ၊ ဆရာမများနဲ့ ရောနှောပြီး၊ နိုင်ငံရပ်ခြားမှ လိင်မှုဆိုင်ရာကျူးလွန်သူတွေက ရိုးသားတဲ့လူတွေနေထိုင်ရာအရပ်ကို စားကျက်ကွင်းအနေနဲ့ သွားနေတဲ့သတင်းတွေ သိမြင်နေရလို့ ဤစာကို ရေးပါတယ်။ တံခါးဖွင့်ဝါဒ ကျင့်သုံးနေပြီဖြစ်တဲ့ မြန်မာပြည်အနေနဲ့ လူမမယ် ကျောင်းသားကလေးငယ်များကို စောင့်ရှောက်နိုင်ရန်လည်း ဆန္ဒပြုပါတယ်။

## ဗိုဗီနမ်ကစားနည်း နည်းပြ၊နည်းစနစ်နှင့် ဒိုင်လူကြီးသင်တန်းကို ပထမဦးဆုံးအကြိမ် ဖွင့်လှစ်မည်

**ရန်ကုန် မေ ၈**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ဗိုဗီနမ် နည်းပြ၊ နည်းစနစ်နှင့် ဒိုင်လူကြီး သင်တန်း(၁/၂၀၁၆)ကို မေ ၁၀ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားနှင့် ကာယပညာသိပ္ပံ၊ ပြည်ထောင်စုခန်းမ၌ ပထမဦးဆုံးအကြိမ်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ဗိုဗီနမ်နည်းစနစ်လေ့ကျင့်ခန်းများကို ကိုယ်တိုင်လိုက်ပါလေ့ကျင့်ဆောင်ရွက်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နည်းပြနှစ်ဦး၊ ဒိုင်တစ်ဦးတို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး၊ နည်းပြနှင့် ဒိုင်လုပ်ငန်းများကို ထမ်းဆောင်ရန်စိတ်ဝင်စားသည့် လက်ရွေးစင် အားကစားသမားဟောင်းများ အနေဖြင့် မိမိတို့ အစီအစဉ်ဖြင့် တက်ရောက်နိုင်မည်ဖြစ်သည်။

ဗိုဗီနမ်အားကစားနည်းသည် ဗီယက်နမ်နိုင်ငံ အားကစားနည်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ်တွင် စတင်ရောက်ရှိလာသည့် အားကစားနည်းဖြစ်သည်။ ဗိုဗီနမ်အားကစားနည်းကို မြန်မာနိုင်ငံသိုင်း အဖွဲ့ချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြိုင်ပွဲလုပ်ငန်းများ၊ သင်တန်းများနှင့် ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသလို မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်အနေဖြင့် ပထမအကြိမ်တိုင်းဒေသကြီးနှင့် ပြည်နယ် ဗိုဗီနမ်ပြိုင်ပွဲကိုလည်း ယခုနှစ် ဇူလိုင်လအတွင်း ကျင်းပသွားရန် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း မြန်မာဗိုဗီနမ်အသင်းမှ သိရသည်။ စိတ်ဝင်စားသူများ ၀၁-၅၈၀၇၁၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## အုတ်ခုံခံသစ်သားတံတား ပြုပြင်ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**မြင်းခြံ မေ ၈**

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းအဖြစ် မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြင်းခြံ-တလုတ်-ဆီမီးခုံ လမ်းပေါ်ရှိ အုတ်ခုံပါသစ်သားတံတားအမှတ်(၁) ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို မေ ၇ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျိုးလျှန်ဗို့ပွင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးကံချွန်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



အဆိုပါတံတားသည် အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၉ ပေရှိပြီး အဆင်ပြေစွာအသုံးပြုဖြတ်သန်းသွားလာနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သိန်းဖြင့် ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်းသိရသည်။

**ဝင်းအောင်**

# မွေးရနံ့သင်းပျံ့သော ရှင်သန်မှု

ခဲ မြင့်ကျော်(ဇလွန်)

လူတို့သည် နေ့စဉ် စား၊ ဝတ်၊ နေရေး ကိစ္စများဖြင့် ပုံမှန်လည်ပတ်ခြင်းဖြင့် အချိန်များကို ကုန်ဆုံးလွန်မြောက်ကြသည်။ ထိုသို့ လွန်မြောက်ပြီးဆုံးသွားသော အချိန်ကာလများအပေါ် သတိဖြင့် ပြန်လည်ဆင်ခြင်ကြသူများရှိသလို မေ့မေ့ပျောက်ပျောက် ပေါ့ပေါ့လျော့လျော့ နေသူများလည်း အများအပြားရှိကြသည်။ လူတိုင်း လူတိုင်း မိမိတို့၏ ဘဝ ရှင်သန်ရပ်တည်ရေးအတွက် ပုံမှန် စားသောက်နေထိုင်ရသော ဖြစ်စဉ်ထဲတွင် ကျင်လည်နေကြရသောသဘောရှိသည်။ မိမိဘဝရပ်တည် ရှင်သန်ရေးအတွက် သမာအာဇီဝဖြင့် ရှာဖွေလုပ်ကိုင်ကြသူများရှိသလို အကုသိုလ် လုပ်ငန်းများဖြင့် လောဘဇောကို ရှေ့တန်းတင်၍ ဒေါသ၊ မောဟ၊ မာန်မာနများ တန်ဆာဆင်ပြီး ကျော်လွှားဖြတ်သန်းကြသူများလည်းရှိပါသည်။ သာမန်အားဖြင့် လူတို့သည် စိတ်ကောင်း၊ နှလုံးသားကောင်းဖြင့် မွန်မြတ်သော လူတန်းစား ဖြစ်လိုကြပေသည်။ မိမိဘဝ ရှင်သန်ရပ်တည်ရေးအတွက် အခြေအနေ အချိန်အခါနှင့် ပတ်ဝန်းကျင်ပုံစံများကိုလိုက်၍ ဖြစ်တည်ကြရသူများလည်း ရှိတတ်ကြသည်။

လူတို့၏ ဘဝရှင်သန်မှုတွင် မိမိ၏ စိတ်နေသဘောထား သတ်မှတ်ချက်နှင့် လူနေမှု ပုံစံများ မဖြစ်မနေ ပါဝင်ပတ်သက်နေပေသည်။ အဆိုပါ ပတ်သက်ဆက်နွယ်မှုများကို လူအများစုက ဂရုမူ သတိထားတတ်နိုင်ကြသူ နည်းပါးလှကြောင်း လေ့လာတွေ့ရှိကြရမည်ဖြစ်သည်။ မိမိ၏ ကိုယ်ကျင့်စရိုက်လက္ခဏာနှင့် နေ့စဉ်လူနေမှု ဘဝအပေါ် မည်သို့မည်ပုံ ဖြတ်သန်းလွန်မြောက်ခဲ့သနည်း၊ လက်တွေ့ လူမှုနယ်ပယ်တွင် မိမိ၏ လူနေမှုစရိုက်များသည် အကုသိုလ်ကင်းပြီး သူတစ်ပါးထိခိုက်နစ်နာမှုကို ရှောင်ရှားနိုင်ခဲ့ပါ၏လောဆိုသော အတွေးမျိုး အယူအဆမျိုး ဆင်ခြင်သုံးသပ်နိုင်သည့် လူမျိုးသည် လောကတွင် အလွန်ရှားပါးသော အနေအထားတစ်ရပ်ဖြစ်ပေသည်။ သူလို ငါလို အများစု ကျင့်ကြံဖြတ်သန်းမှုမျိုးဖြင့်သာ ဘဝတွင် အချိန်များကို ကုန်လွန်စေသူများက များလှသည်သာဖြစ်၏။ ကောင်းသည့် အမူအကျင့်၊ ကောင်းသည့် နှုတ်ထွက်စကား၊ ကောင်းသည့် စိတ်နေစိတ်ထား ဆိုသည်မှာ အပြောလွယ်သလောက် လိုက်နာကျင့်ကြံရခက်ခဲသော သဘောရှိသည်။ လူတိုင်း လူတိုင်း လူကောင်း ဖြစ်လိုကြသည်မှာလည်း ဓမ္မတာပင် ဖြစ်သည်။ သို့သော် ဘဝပေးအကြောင်း အထွေထွေကြောင့် လူကောင်းများသည်လည်း ပြင်မရနိုင်သော လူဆိုးလူသွမ်း လူသရမ်းများ အဖြစ်သို့ ရောက်ရှိသွားနိုင်ကြသည်။

လူကောင်းတစ်ယောက်ဖြစ်ရေးအတွက် အဓိကအခြေခံအကြောင်းတရား ရှိစမြဲပင်ဖြစ်သည်။ အဆိုပါ အခြေခံအကြောင်းတရားမှာ မိမိ၏ ပြောဆိုလုပ်ကိုင် ကြံစည်မှုတိုင်းတွင် အသိတရား၊ သတိတရားဖြင့် အချိန်ပြည့် စဉ်းစားသုံးသပ်ပြီး လောကအမှန်တရား သတ်မှတ်ချက်များနှင့် လူ့ကျင့်ဝတ်စည်းကမ်းများကို တိတိပပ လိုက်နာလုပ်ဆောင်ရေးပင်ဖြစ်သည်။ လူတို့၏ သဘောသဘာဝအရ မကောင်းမှုတွင် မွေ့လျော်တတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ စောင့်ထိန်းခြင်းနှင့် လိုက်နာခြင်းသည် လူတစ်ဦးချင်းစီအတွက် တန်ခိုးမြင့်မား တန်ဖိုးတက်စေသော အခြေခံအကြောင်းတရားပင် ဖြစ်လေသည်။ အရာရာတိုင်း သတိဖြင့် ဖြတ်သန်းနိုင်မှုသည် လူအချင်းချင်း ကိုးကွယ်တန်ဖိုးထားစေသော အဖိုးတန် ရတနာအကျင့်မြတ်ဖြစ်ပေသည်။

အသက်အရွယ် ကြီးရင့်ခြင်းနှင့် ငယ်ရွယ်နုပျိုခြင်းဆိုသော သတ်မှတ်ချက်များသည် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရား နှုတ်ထွက်စကားနှင့် စိတ်နေစိတ်ထားဆိုသော သာမန်လူမှုဆက်ဆံရေး ပုံစံများက လေးစားထိုက်၊ တန်ဖိုးထားထိုက်သည်ဆိုသော အခြေအနေကို မှတ်ကျောက် တင်ပေးတတ်သော

> မိမိ၏အမှား မိမိ၏လို အပ်ချက်များကို သူတစ် ပါးက ထောက်ပြ၍ဖြစ် စေ မိမိကိုယ်တိုင်သိမြင် လာ၍ဖြစ်စေ၊ အချိန်မီ ပြင်ဆင်နိုင်သောသူမျိုး ဖြစ်သင့်သည်။ မိမိ၏အ မှားကိုအတ္တဖုံးပြီး တရား သေဆုပ်ကိုင်ထားခြင်း မျိုးကို အထူး . . .

သဘောရှိနေပေသည်။ လူတိုင်းလူတိုင်း အခြေခံအားဖြင့် အသက်အရွယ် ကြီးမြင့်သူများကို ဂါရဝတရားဖြင့် ဆက်ဆံတတ်ကြသည်။ သို့ရာတွင် အဆိုပါ အသက်အရွယ်ကြီးရင့်သူ၏ ကိုယ်ကျင့်သိက္ခာ နှုတ်ထွက်စကား၊ စိတ်ထားနှင့် အမူအကျင့်များက တစ်ဖက်စောင်းနင်း သူတော်ကောင်းတရားနှင့် ခပ်ကင်းကင်းဖြစ်နေပါမူ အဂါရဝ စိတ်များဖြစ်ပေါ်ကာ နှာခေါင်းရှုံ့ အဖက်မလုပ်တတ်ကြသော အခြေအနေများလည်း ဖြစ်ပေါ်တတ်ကြလေသည်။ လူတိုင်းလူတိုင်းတွင် သတ်မှတ်ချက်များကို အလိုအလျောက် နားလည်လက်ခံနေကြသော လူနေမှုပုံစံများ ရှိကြပေသည်။ အဆိုပါ လူနေမှုပုံစံများသည် လူတိုင်းအတွက် မဖြစ်မနေ ဖြတ်သန်းကျော်လွှားရသော နေ့စဉ်ဘဝများတွင် မလွဲမသွေ ပါဝင်ပတ်သက်နေမြဲဖြစ်သည်ကို လူတိုင်းနားလည် သိမြင်တတ်ကြရန် အထူးလိုအပ်ပေသည်။ မိမိ၏ ပေါ့ဆမှု သတိမမူမိမှုများသည် မိမိဘဝအတွက် ပြင်မရ ဖျက်မလွယ်သော ဘဝအမဲစက်များ ဖြစ်တတ်နိုင်သည်ကိုလည်း အထူးဂရုပြုကြရမည်ဖြစ်သည်။

မိမိတို့ ရှာဖွေမှုသည် မိမိ၏ ကောင်းမွန်မြင့်မြတ်သော ကိုယ်ကျင့်တရားကို မပွန်းရှ မထိခိုက်စေရေးသည် အထူးအရေးပါသော အကြောင်းတရားအဖြစ် မှတ်ယူနားလည်နိုင်ကြရန်ဖြစ်သည်။ လူတိုင်းတွင်ရှိသည့် လိုချင်တပ်မက်မှုကို တတ်နိုင်သမျှ ကိုယ်ချင်းစာတရားဖြင့် ထိန်းကွပ်ကြရမည်ဖြစ်သည်။ မိမိ၏ ရလိုမှု ရမွက်ဇောသည် သူတစ်ပါးအတွက် ဒုက္ခသုက္ခမျိုး မဖြစ်စေရေးမှာ လူနှင့် လူ့ပတ်ဝန်းကျင်အတွက် မရှိမဖြစ် လိုအပ်လှပေသည်။ လူတစ်ယောက် အသက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် လေ၊ ရေ၊ အစားအစာနှင့် ဇီဝဖြစ်စဉ်များ ပုံမှန် မှန်ကန်စွာ လည်ပတ်ရန် လိုအပ်သလို လူတစ်ဦးတစ်ယောက်၏ ရှင်သန်ရပ်တည်မှုတွင် မိမိနှင့် မိမိပတ်ဝန်းကျင်က အမြဲလိုအပ်နေသော သူတစ်ဦးဖြစ်ရေးမှာ မိမိ၏ စိတ်နေသဘောထား ကိုယ်ကျင့်တရားနှင့် လူနေမှုပုံစံပင်ဖြစ်သည်။

မိမိ၏ ရှင်သန်မှုတိုင်းသည် အမြဲတမ်း ကောင်းမှုကုသိုလ်များဖြင့် ထုံမွှန်းနေသောသဘော မရှိနိုင်ပါ။ ထို့အပြင် မိမိလုပ်သမျှမှန်၊ မိမိပြောသမျှတရားမျှတပြီး မိမိစိတ်ကြံစည်သမျှ ကောင်းမြတ်သည်ဟု မမှတ်ယူထိုက်ပေ။ မိမိသည် အရာရာ ပြည့်စုံကောင်းမွန်နေသောသူဖြစ်၏ဆိုသော ခံယူချက်မျိုးသည် တရားသေလက်ကိုင်စွဲမထားအပ်သော ခံယူချက်မျိုးဖြစ်သည်။ မိမိ၏အမှား၊ မိမိ၏လိုအပ်ချက်များကို သူတစ်ပါးက ထောက်ပြ၍ဖြစ်စေ မိမိကိုယ်တိုင်သိမြင်လာ၍ဖြစ်စေ အချိန်မီပြင်ဆင်နိုင်သောသူမျိုးဖြစ်သင့်သည်။ မိမိ၏အမှားကို အတ္တဖုံးပြီး တရားသေဆုပ်ကိုင်ထားခြင်းမျိုးကို အထူးသတိထား ရှောင်ရှားကြရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း အမှားကျူးလွန်ဖူးသူချည်းဖြစ်သည်။ အမှားကို သက်ဆိုးရှည်စွာ မွေးမြူသူ၊ အမှားကို အလေ့အထအဖြစ် ဖန်တီးသူသည် အမိုက်တကာ့အမိုက်ဆုံး တွင်းတူးမိုက်သူထက် ဆိုးသူသာဖြစ်သည်။ တစ်ပါးသူအပေါ် စီရင်ခြင်းထက် မိမိကိုယ်ကို အတွေးမှား၊ အယူအဆမှား၊ ယုံကြည်ချက်အမှားဖြင့် စီရင်နေသူသည် အများအတွက်သာမက မိမိအတွက်ပါ ပြင်မရသော အမှားများကို ထပ်ဆင့်ပြုမူနေသူသာ ဖြစ်ပေလိမ့်မည်။ ပတ်ဝန်းကျင်အတွက်သာမက မိမိအတွက်ပါ ဒုက္ခများစေသောသူကို ရန့်ဆိုးများထွက်နေသော လူ့အပုပ်ကောင်ဟုသာ ထင်မြင်နေကြမည်ဖြစ်သည်။ အရာရာတိုင်း ကိုယ်တိုင်အသိကိုယ်တိုင် ခံစားမှုဖြင့် မိမိ၏အားနည်းချက် အားသာချက်များကို လောကပါလ တရားများဖြင့် တိုင်းတာပြီး မိမိရှင်သန်ရာ ပတ်ဝန်းကျင်တွင် နေထိုင်ဖြတ်သန်းရဲကြမှသာ မွေးရနံ့သင်းပျံ့သော ရှင်သန်မှုဟု အများက မှတ်ယူတန်ဖိုးထားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## အပြည်ပြည်ဆိုင်ရာသူနာပြုနေ့နှင့် သားဖွားဆရာမများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဥတ္တရသီရိ မေ ၈**

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့နှင့် သားဖွားဆရာမများနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သူနာပြုနှင့်သားဖွားအသင်းရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။


အခမ်းအနားတွင် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှ ပေးပို့သော သဝဏ်လွှာအား နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံမှ သူနာပြုအုပ်ကြီး ဒေါ်ခင်သန်းက ဖတ်ကြားခဲ့သည်။

ယင်းနောက် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့အကြောင်းကိုရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ်မှ သားဖွားဆရာမများက တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ပွင့်ငုံဖူးတို့ မကြွေစေချင်၊ ပွင့်သောပန်းတိုင်းလန်းစေချင် တစ်ခန်းရပ် ပြဇာတ်နှင့် ဂရုဏာရှင် သားဖွားဆရာမများ တေးသီချင်း၊ ထာဝစဉ်အလေးထား သားဖွားဆရာမများတေးသီချင်းတို့ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ သူနာပြု၊ သားဖွားဆရာမ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**





## လေဘေးသင့်သူများအား အသုံးအဆောင်နှင့် အလှူငွေပေးအပ်

**ပွင့်ဖြူ မေ ၈**

ပွင့်ဖြူ လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တန်ဖိုးငွေကျပ် ၅၇၆၁၁၄၀ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် အိမ်ပြိုလဲပျက်စီးခဲ့သည့် အိမ်ထောင်စု ၂၉၀ စုအား အိမ်ပြန်လည်ဆောက်လုပ်နိုင်ရန် ထောက်ပံ့ငွေကျပ် ၄၅၃ သိန်းတို့အား တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမြင့်စိုးက လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲကို မေ ၆ ရက် မွန်လွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ထောက်ပံ့မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေထံ ထောက်ပံ့ငွေကျပ် ၄၅၃ သိန်းအား ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများအား သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် လေဘေးသင့် ပြည်သူများထံ စနစ်တကျထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မေ ၄ ရက်က မိုးသက်လေပြင်း တိုက်ခတ်ခဲ့မှုကြောင့် ပွင့်ဖြူမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာများရှိ လူနေအိမ် အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ အမိုးလန်ခြင်း၊ ယိုင်နဲ့ ပြိုကျပျက်စီးခြင်းများ ဖြစ်ပွားခဲ့ရာ ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ ကျေးရွာ ၄၅ ရွာမှ လူနေအိမ် ၂၉၀ လုံး ပြိုလဲပျက်စီးခဲ့သည်။ အိမ် ၁၅၄၀ လုံး အမိုးလန်ပျက်စီးပြီး လူဦးရေ ၁၄၅၀ ဦး လေဘေးသင့်ခဲ့ကြောင်းကောက်ယူရရှိသောစာရင်းများအရ သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# အလုပ်သမားအခွင့်အရေးတောင်းဆိုမှုများ

မောင်ဆွေဝင်း(ပဲခူး)

၁၈၄၈ ခုနှစ်မှာ ကားလ်မာ့က္ခ် (Karl Marx) ရေးသားတဲ့ ကွန်မြူနစ်ကြေညာစာတမ်း (Communist Manifesto) ဆိုတာ ထွက်ပေါ်လာတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့ နှစ်ထက်နှစ်ပေါင်း ၁၀၀ စောပါတယ်။ ဒီကြေညာစာတမ်းက အဲဒီခေတ်က အများစုဖြစ်တဲ့ အလုပ်သမားလူတန်းစားတွေကို လူနည်းစု အရင်းရှင်တွေက ခေါင်းပုံဖြတ်အမြတ်ထုတ်နေတာမို့ အများစုလူတန်းစားအလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို အပြည့်အဝရရှိစေဖို့ အရင်းရှင်စနစ်ကို တိုက်ဖျက်ဖို့ဆိုတာကို အဓိကဇောင်းပေးလှုံ့ဆော်ထားတာဖြစ်ပါတယ်။ တကယ်တော့ ၁၈ ရာစု အင်္ဂလန်မှာ ပေါ်ပေါက်ခဲ့တဲ့ စက်မှုတော်လှန်ရေး (Industrial Revolution) ရဲ့ နောက်ဆက်တွဲဖြစ်ရပ်တွေဟာ အလုပ်ရှင်၊ အလုပ်သမားဆိုတဲ့ လူတန်စားနှစ်ရပ်ကိုသိသိသာသာ ဖြစ်ထွန်းစေခဲ့တာပါ။

နှစ်စဉ် မေ ၁ ရက်ကို ကမ္ဘာ့အလုပ်သမားနေ့ (InternationalWorker's Day) အဖြစ်သတ်မှတ်ထားပါတယ်။ ဒီနေ့ဟာ ကမ္ဘာတစ်ဝန်းရှိ လူမျိုးဘာသာမရွေး၊ အလုပ်သမားလူတန်းစားများအတွက် အရေးပါတဲ့နေ့လည်း ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကစလို ပစ္စည်းမဲ့အလုပ်သမားလူတန်းစားတွေကို အဘက်ဘက်က ဖိနှိပ်ချုပ်ချယ်ခဲ့တဲ့ အရင်းရှင်စနစ် (Capitalism) ကို တော်လှန်ပြီး အလုပ်သမားတို့ရဲ့ ဘဝသစ်တည်ဆောက်ဖို့ အလုပ်သမားထုတစ်ရပ်လုံး သွေးစည်းညီညွတ်လိုက်တဲ့နေ့ ဖြစ်လို့ပါပဲ။ အဲဒီနေ့ကို မေဒေး (May Day) လို့လည်း ခေါ်ကြတယ်။ စောစောပိုင်းကတော့ မေဒေးနေ့ကို နွေဦးပွဲတော်အဖြစ် သတ်မှတ်ခဲ့ကြတာပါ။ အဲဒီအချိန်က ဥရောပတိုက်က နိုင်ငံအချို့မှာ မေဒေးကို နွေဦးပွဲတော်နေ့အဖြစ် သတ်မှတ်ပြီး အများပြည်သူ အားလပ်ရက်လည်း ဖြစ်ခဲ့တယ်။ နှစ်စဉ်မေလရဲ့ ပထမနေ့မှာ နွေဦးကို စောင့်တဲ့ မေယာနတ်သမီးကို ဂုဏ်ပြုတဲ့ပွဲတော်ကျင်းပလေ့ရှိပါတယ်။ ဒါပေမယ့် ဒီလိုအင်္ဂလိပ်လူမျိုးတို့ရဲ့ မေလပထမရက်မှာ ကျင်းပတဲ့ နွေဦးပွဲတော်နဲ့ ကမ္ဘာ့ အလုပ်သမားများနေ့တို့ဟာ ဘယ်လိုမှ သက်ဆိုင်ခြင်းမရှိပါဘူး။

> ဒီသတ်မှတ်ချက်ကို တချို့အလုပ်ရှင်တွေက မလိုက်လျောချင်ကြပြန်ပါဘူး။ မလွှဲသာလို့ပေးကြပေမယ့် အရင်ကပေးထားတဲ့ ဖယ်ရီခတို့ အဆောင်ကြေးတို့ စတာတွေကို ဖြတ်တောက်ပစ်ကြတဲ့အခါ အလုပ်သမား တွေဟာအခွင့်အရေးဆုံးရှုံးမှုနဲ့ . .

အမေရိကန်ပြည်ထောင်စုမှာ ၁၉ ရာစုအစလောက်က မေဒေးအစပျိုးခဲ့ပါတယ်။ အဲဒီအချိန်က အလုပ်သမားတွေဟာ တစ်နေ့ကို အလုပ်ချိန် ၁၆ နာရီမှ နာရီ ၂၀ အထိ ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ကြရတယ်။ ဒီလို အချိန်တွေ အများကြီးပေးပြီး အလုပ်လုပ်ကြရပေမယ့် အလုပ်သမားတွေရဲ့ ဘဝလူနေမှုအဆင့်အတန်းဟာ များစွာနိမ့်ကျခဲ့ရတဲ့အပြင် လူစဉ်မမီအောင် ဖြစ်ခဲ့ရတယ်။ ဒီတော့ အလုပ်သမားခေါင်းဆောင်တွေက အလုပ်သမားတွေ သက်သာချောင်ချိရေးအတွက် အလုပ်ရှင်တွေထံမှ အခွင့်အရေးတွေ တောင်းဆိုလာကြတယ်။ ၁၈၂၀ ပြည့်နှစ်ကစလို့ ၁၈၄၀ ပြည့်နှစ်အထိ တောင်းဆိုခဲ့ကြတာပါ။ တစ်နေ့မှာ အလုပ်ချိန် ၁၀ နာရီသာထားဖို့ တောင်းဆိုခဲ့ကြပေမယ့် အလုပ်ရှင်တွေကတော့ လွယ်လွယ်ကူကူ လိုက်လျောခြင်းမရှိခဲ့ကြပါဘူး။

၁၈၈၄ ခုနှစ်မှာ ပြုလုပ်တဲ့ အမေရိကန် အလုပ်သမားအဖွဲ့ချုပ်ညီလာခံမှာတော့ ၁၈၈၆ ခုနှစ် မေ ၁ ရက်ကစပြီး အလုပ်သမားတစ်ဦးဟာ တစ်နေ့လျှင် အလုပ်ချိန်ရှစ်နာရီပဲ လုပ်ကိုင်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒီအဖွဲ့ချုပ်က အခြားအလုပ်သမားအဖွဲ့ခွဲတွေကိုလည်း ဒီဆုံးဖြတ်ချက်အတိုင်း အခွင့်အရေးရသည်အထိ အောင်မြင်အောင် တိုက်ပွဲဝင် ကြဖို့ ညွှန်ကြားခဲ့တယ်။ ထုံးစံအတိုင်း ဒီလိုလုပ်ဆောင်တဲ့ အလုပ်သမားတွေဟာ အလုပ်ရှင်တွေရဲ့ပြင်းထန်စွာ ဖိနှိပ်ချုပ်ချယ်တာတွေခံကြရတယ်။ ၁၈၈၉ ခုနှစ် ရောက်တဲ့အခါ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာဆိုရှယ်လစ်တို့ရဲ့ ဒုတိယ ညီလာခံမှာ မေလ ၁ ရက်ကို ကမ္ဘာ့အလုပ်သမား များနေ့ (International Worker's Day or Labour Day) အဖြစ် သတ်မှတ်ခဲ့ကြတယ်။

ဒီသတ်မှတ်ချက်ကို အခု ၂၁ ရာစုရောက်တဲ့အထိ တစ်ကမ္ဘာလုံးက လိုက်နာကျင့်သုံးနေကြဖြစ်ပါတယ်။ ကမ္ဘာ့အလုပ်သမားများနေ့မှာ အစိုးရရုံးတွေ၊ အလုပ်ရုံတွေ၊ ဈေးတွေပိတ်လေ့ရှိပြီး အလုပ်သမားအားလုံး လုပ်ခအပြည့်နဲ့ အားလပ်ခွင့်ရနေကြတယ်။ တကယ်တော့ အလုပ်ရှင်နဲ့ အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် အဆင်ပြေပြေ လုပ်ကိုင်နေကြတယ်ဆိုတာ ရာနှုန်းပြည့်တော့ မဟုတ်သေးပါဘူး။ ၁၉ ရာစုက စခဲ့တဲ့ အလုပ်သမား အခွင့်အရေးလှုပ်ရှားမှုတွေဟာ အခု ၂၁ ရာစုထဲ ဝင်လာတဲ့အထိ ပြေလည်မှုမရှိတာတွေလည်း ရှိနေဆဲပါပဲ။

မြန်မာနိုင်ငံမှာတော့ အလုပ်သမားလှုပ်ရှားမှုကို ၁၉၃၈ ခုနှစ် ဇန်နဝါရီ ၈ ရက်က စတင်ခဲ့တဲ့ ချောက်ရေနံမြေသပိတ်ကို ထင်ထင်ရှားရှား တွေ့ရမှာဖြစ်တယ်။ ရေနံမြေ အလုပ်သမားတွေဟာ ၁၈ လကြာအောင် အလုပ်ရှင်တွေကို သပိတ်မှောက်ပေမယ့် အင်္ဂလိပ်အလုပ်ရှင် ကုမ္ပဏီတွေက မလိုက်လျောခဲ့ကြပါဘူး။ အင်္ဂလိပ်နယ်ချဲ့ အစိုးရကလည်း ဒီကိစ္စကို ပြေလည်အောင် ဖြေရှင်းမပေးခဲ့ပါဘူး။ ဒါ့ကြောင့်ပဲ ဘီအိုစီ ကုမ္ပဏီမှာ လုပ်ကိုင်နေကြတဲ့ ရေနံမြေအလုပ်သမား ၁၀၀၀ ကျော်ဟာ သူတို့ရဲ့ အခွင့်အရေး ဆုံးရှုံးနစ်နာမှုတွေကို ရန်ကုန်မှာရှိတဲ့ သက်ဆိုင်ရာ ဗဟိုအစိုးရကို တင်ပြဖို့အတွက် မိုင်ပေါင်း ၄၀၀ ကျော်ခရီးကို လမ်းလျှောက် ချီတက်ခဲ့ကြတာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး ၁၉၆၂ ခုနှစ် မတ် ၂ ရက်မှာ နိုင်ငံတော်က အာဏာသိမ်းခဲ့တဲ့ စစ်အစိုးရကတော့ လယ်သမား၊ အလုပ်သမားတွေကို အခြေခံပြီး ဆိုရှယ်လစ်စီးပွားရေး ထူထောင်ဖို့ ကြွေးကြော်ခဲ့တယ်။ ဒါပေမယ့် အလုပ်သမားရေးရာ အခင်းတွေဖြစ်ပြီး နှိမ်နင်းခံကြရတာပဲ အဖတ်တင်တယ်။

၂၀၁၁ ခုနှစ်က စတင်တဲ့ ဒီမိုကရေစီအစိုးရခေတ်ကာလ ငါးနှစ်အတွင်းမှာလည်း မြန်မာနိုင်ငံက အလုပ်သမားတွေဟာ လုပ်ခလစာနည်းပါးမှု၊ လုပ်အားခေါင်းပုံဖြတ်မှုနဲ့ အခြားအထွေထွေဖိနှိပ်ခံရမှုတွေကြောင့် ဆန္ဒဖော်ထုတ်မှုတွေ ဖြစ်ခဲ့ပြန်တယ်။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက အမိန့်ကြေညာစာအမှတ် ၂/၂၀၁၅ နဲ့ ထုတ်ပြန်ရာမှာတော့ တစ်နိုင်ငံလုံးတစ်ပြေးညီသတ်မှတ်တဲ့ အခကြေးငွေဟာ တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်းနဲ့ အလုပ်ချိန် ရှစ်နာရီ တစ်ရက်အတွက် ကျပ် ၃၆၀၀ ဖြစ်တယ်လို့သိရတယ်။

ဒီသတ်မှတ်ချက်ကို တချို့အလုပ်ရှင်တွေက မလိုက်လျောချင်ကြပြန်ပါဘူး။ မလွှဲသာလို့ ပေးကြပေမယ့် အရင်ကပေးထားတဲ့ ဖယ်ရီခတို့၊ အဆောင်ကြေးတို့ စတာတွေကို ဖြတ်တောက်ပစ်ကြတဲ့အခါ အလုပ်သမားတွေဟာ အခွင့်အရေးဆုံးရှုံးမှုနဲ့ ရင်ဆိုင်ကြရပြန်တယ်။ အလုပ်သမားခေါင်းဆောင်တွေလည်း တရားစွဲခံရ၊ ထောင်ဒဏ်ကျခံရတာတွေလည်း ကြုံရပြန်တယ်။ တကယ်တော့ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဖြစ်တာမို့ နှစ်ရာနဲ့ချီပြီး ပဋိပက္ခဖြစ်မှုတွေကို နားလည်မှုများနဲ့အဆုံးသတ်ကြဖို့အချိန်တန်ပြီဖြစ်ပါကြောင်း။

# ပုသိမ်မြို့တွင် စုပေါင်းအမှိုက်ကောက်ပွဲ ကျင်းပ

**ပုသိမ် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြို့တွင်းလမ်းများ သာယာလှပရေး ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ရေး၊ မြို့တွင်းရေမြောင်းများ ပိတ်ဆို့မှု မဖြစ်ပေါ်စေရေးတို့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၏ ဦးဆောင်မှုဖြင့် အစိုးရသစ်တာဝန်ယူပြီး ရက် (၁၀၀) အကြို စုပေါင်း အမှိုက်ကောက်ပွဲကို မေ ၇ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းနေ့နံနက် ၆ နာရီခွဲမှစ၍ မေတ္တာဦးတံတားနှင့် ရေပေါ်ဈေးကြား၊ မြတ်လေးလမ်းထိပ်နှင့် ကမ်းပြိုထိပ်၊ ဘိုဘဌေးလမ်းတစ်လျှောက်၊ အောင်သပြေလမ်းတစ်လျှောက်၊ မဟာစေတီ လမ်းတစ်လျှောက်တို့တွင် ကြွပ်ကြွပ်အိတ်အမှိုက်များ၊ ပလတ်စတစ်အမှိုက်များ၊ ရေသန့်ဘူးအမှိုက်များ၊ ရေစီးရေလာကို ပိတ်ဆို့စေမည့် အမှိုက်များကို စုပေါင်းကောက်ယူခဲ့ပြီး နံ့သာကုန်း အမှိုက်စွန့်ပစ်သည့်နေရာသို့ ကား လေးစီး၊ သုံးဘီးထော်လာဂျီတစ်စီးတို့ဖြင့် သွားရောက်စွန့်ပစ်ခဲ့ကြောင်း သိရသည်။

အမှိုက်ကောက်ပွဲသို့ လွှတ်တော်ဒုဥက္ကဋ္ဌဦးစံမင်းအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ စည်ပင်သာယာအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့်**



## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရံ၊ လက်သမား သင်တန်းဖွင့်

**တာချီလိတ် မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုတိုးတက်ရရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရံ၊ လက်သမား သင်တန်းဖွင့်ပွဲကို မေ ၃ ရက် နံနက် ၉ နာရီခွဲက မိုင်းကိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းက ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရံ၊ လက်သမား သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မြတ်သန္တာထက်နှင့် တာဝန်ရှိသူများက သင်တန်းတွင် သင်ကြားပေးမည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် အုတ်စီနည်း၊ ဘိလပ်မြေကွန်ကရစ်ဖျော်စပ်နည်း၊ မဆလာဖျော်နည်း၊ ပြတင်းတံခါး ကျည်းခွေပြုလုပ်နည်း၊ အမိုးဒိုင်း၊ မြှားပြုလုပ်နည်း၊ ကျောက်ပုံးရိုက်နည်းများကို မေ ၃ ရက်မှ ဇွန် ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းသို့ မိုင်းကိုးကျေးရွာအုပ်စုရှိ မောတွီ၊ ရန်ကုန်၊ ဟိုရမ်း(၁)၊ ဟိုရမ်း(၂)၊ ဆီလီငေါ်၊ ယန်းခမ်း(၁)၊ ရန်ရှင်း(၃)၊ ကူလောင်း(၁)၊ ဝမ်မုန်နှင့် ပန်ဟတ်ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

**လှိုင်လင် မေ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လှိုင်လင်ခရိုင်ရုံး)၏ ရက် (၁၀၀) အတွင်း ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မေ ၇ ရက် နံနက် ၈ နာရီက လှိုင်လင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အဆင့် နည်းပြသင်တန်း၊ သူငယ်တန်း (KG)ဆရာ၊ ဆရာမများလေ့ကျင့်သင်တန်းတက်ရောက်နေကြသည့် ဆရာ၊ ဆရာမ ၂၈၀ တို့အား ခရိုင်ဦးစီးမှူးဦးချစ်ဝင်းက ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **မိုးလွင်ဦး(လှိုင်လင်)**

## သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၈**

သာကေတမြို့နယ် ၁၀(တောင်) ၁၄ ရပ်ကွက်အတွင်း ရှုခင်းသာလမ်းရှိ စည်ပင်သာယာဝင်းအတွင်း၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို မေ ၇ ရက် နံနက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန တစ်ထပ်ဝန်ထမ်းလိုင်းခန်း၊ နှစ်ထပ် ဝန်ထမ်းလိုင်းခန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဝန်ထမ်းလိုင်းခန်းများ ရေသန့်ဌာန ဝန်ထမ်းလိုင်းခန်းများတွင် မေ ၇ ရက် နံနက်က လက်ထောက်ဌာနမှူး ဒေါက်တာမြတ်မြတ်သင်း ခရိုင်မှူး ဒေါက်တာဒေါ်ဝင်းမာတို့ ဦးဆောင်ကာ သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် ခြင်ကြောင့်ဖြစ်သည့်ဇီကာဗိုင်းရပ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ခရိုင်အတွင်းရှိ မြို့နယ်အင်အားများစုပေါင်းကာ ခြင်ထောင်ဆေးစိမ်ခြင်း ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးများခပ်ပေးခြင်း၊ ခြင်ဆေးမှုတ်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်နှင့် နံရံကပ်ပိုစတာများ ဖြန့်ဝေပေးကာ အသိပညာပေးခြင်းများဆောင်ရွက်ပေးခဲ့ကြသည်။

"ဒီနေ့မှာ ရန်ကုန်မြို့မှာရှိတဲ့ ခရိုင်လေးခရိုင်စလုံး တပြိုင်တည်း လုပ်ပေးပါတယ်။ မြောက်ပိုင်းခရိုင်မှာ ဒုတိယ ဌာနမှူးဒေါက်တာသန်းသန်းလွင် ဦးဆောင်ပြီး လှိုင်သာယာ ၇ ရပ်ကွက်မှာ တစ်ဖွဲ့၊ အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၉၃ ရပ်ကွက်မှာ ခရိုင်မှူး ဒေါက်တာကိုကိုထွန်း ဦးဆောင်တဲ့အဖွဲ့နဲ့ အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် (၁၊၂၊ ၅၊ ၆) ရပ်ကွက်တွေမှာ လက်ထောက်ဌာနမှူးဒေါက်တာမြင့်သန်းထွန်း ဦးဆောင်ပြီး တစ်ပြိုင်တည်း ကာကွယ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးတာပါ။ ဆက်လက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင်ပြီး ရက် ၁၀၀ စီမံချက်နဲ့အညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေပါတယ်" ဟု သာကေတမြို့နယ်ကျန်းမာရေးတာဝန်ခံ ဒေါ်ဖြူသန္တာဝင်းက ရှင်းပြသည်။ **၅၉၇**

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြည်ညိုခြင်း

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက၊ အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇)၊ အင်္ဂပူမြို့ ကျွဲသောင် အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၊ သထုံမြို့နန္ဒဝန်ကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၊ မန္တလေးမြို့ဝေဘာလီ မဟာဂန္ဓာရုံကျောင်းအောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၊ လေးမျက်နှာမြို့ပြည်ငြိမ်းအေးကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲတို့၏ ဦးစီးပဓာနမဟာနာယက၊ အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၊ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၊ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံတို့၏ ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆု ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု **တဗ္ဗတ္တ ဒေါက်တာသဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းဆရာတော် ထေရ်ရှုပ်မြတ်** အား ထိုင်းနိုင်ငံ Mahachulalongkornrajavidyalaya University မှ Honorary Doctorate Degree in Vipassana Bhavana Ph. D(Vipassana Bhavana) ဂုဏ်ထူးဆောင် (ဝိပဿနာ) ပါရဂူဘွဲ့ကို ကြေညာစာအမှတ် 1/2559/2016, 27th January တွင် ဆက်ကပ်ခံရကြောင်း သိရှိရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြည်ညိုမိပါကြောင်း။

အကျိုးတော်ဆောင်အဖွဲ့
အင်္ဂပူမြို့၊ ကျွဲသောင် အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲ






မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ခေါင်းလိမ်းဆီ

**ဂုဏ်မြင့်သူ**
ဆံပင်သန်၊ ဆံပင်ပေါက်ဆေး

- ဆံပင်ပျော့ပျောင်း၍ ဖောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916) ၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃) ၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၈၁/၀၃၁၆

ဖြန့်ချိရေး
ခိုင်ပွင့်
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၈၉၁၅
၀၉ ၇၃၂ ၄၃၆၁၀

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၂၇၆၇ (၀၅၁၃)
လေငန်းပမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ဗိုလ်ချုပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

ရွှေနဂါး
အပူခံ၊အသံထိန်း (Insulation) အမိုးသွပ်ပြားနှင့် အကာပြား

လူကြီးမင်းတို့၏ အဆောက်အဦးများ၊ စက်ရုံများတွင် အပူချိန်မြင့်မားမှုကြောင့် စိတ်ညစ်နေပါသလား ?
မိုးသံ၊လေသံကြောင့် အဆောက်အဦးအတွင်း ဆူညံမှုများဖြစ်ပေါ်နေပါသလား ?
ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊စက်ရုံများ၊စားသောက်ဆိုင်များအတွက်

ဝန်ထမ်းများ နေထိုင်ရန် အဆောင်များ နှင့် ဂိုဒေါင်များ၊ယာယီရုံးခန်းများ၊ လုံခြုံရေးဂိတ်များ ဆောက်လုပ်ရန် Mobile House များကို လည်း ရွှေနဂါး အပူခံ အသံထိန်း ( Insulation) အမိုးသွပ်ပြားနှင့် အကာပြားများကို အသုံးပြု၍လျင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။

-အပူခံသွပ်ပြား အတွင်းရှိ ဖော့ချပ်မှာ Expandable Poly Styrene (EPS) ကော်စေ့ကို အသုံးပြုထားသောကြောင့် မီး မလောင်ကျွမ်းနိုင်ခြင်း၊
-မိုးရာသီ အခါ အိမ် (သို့) အဆောက် အဦး အတွင်း မိုးရွာသည်အသံကိုမကြားရခြင်း၊
-နွေရာသီအခါ အိမ် (သို့) အဆောက်အဦး အတွင်း အပူဒဏ်ကို မခံစားရခြင်း၊







Container House များကိုလည်းဈေးနှုန်း သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်။ ။အမှတ်(၂၂)၊ပန်းတင်းဝန်ဦးရွှေဘင်လမ်း၊စက်မှုဇုန်(၁)၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။ Ph:01-685985, 685990

# ကြော်ငြာ


**စတ်မှုဇုန် ငှားရန်ရှိသည်။**

လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေလင်ပန်း၊ ဒဂုံဆိပ်ကမ်း၊ တောင်ဒဂုံ၊ အရှေ့ဒဂုံ၊ သီလဝါ၊ သာကေတ၊ မင်္ဂလာဒုံ အစရှိသော ရန်ကုန်မြို့တွင်းရှိ စက်မှုဇုန် မြေကွက်များ၊ ဂိုဒေါင်များ ငှားရမ်းရန် နိုင်ငံခြားကုမ္ပဏီမှ လုပ်ငန်းရှင်များ ရောက်ရှိနေပါပြီ။

အငှားချထားလိုသော ပိုင်ရှင်များကိုယ်တိုင် ဖုန်းဖြင့်လည်းကောင်း၊ Mail ဖြင့်လည်းကောင်း ဆက်သွယ်အပ်နှံနိုင်ကြပါသည်။

Phone : 01- 860 3565, 860 3566, 860 3567
Mail : saikhungnoung1995@gmail.com

**ခိုင်းခွန်နောင်ကုမ္ပဏီ**


**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

အမှတ်(၃၉)၊ ကျန်စစ်သားလမ်း၊ သီရိခေမာရပ်ကွက်၊ ရေးမြို့နေ ဦးလေးမြင့်-ဒေါ်လှလှဝင်းတို့၏ တစ်ဦးတည်းသောသား

**မောင်ဘုန်းခန့်ပိုင်**

နှင့်

အမှတ်(၁၀၄)၊ ဖွံ့ဖြိုးရေးလမ်း၊ အေးသာယာရပ်ကွက်၊ မြတ်ရတနာအိမ်ရာ၊ သန်လျင်မြို့နေ ဒုတိယဗိုလ်မှူးကြီးမြင့်နိုင်(တပ်မတော်(ရေ)ငြိမ်း)-ဒေါ်စန္ဒာဦးတို့၏ တစ်ဦးတည်းသောသမီး

**မရွှန်းလဲ့လဲ့ဝေ**

တို့သည် ၈-၅-၂၀၁၆ ရက်တွင် ပြင်ဦးလွင်မြို့ Royal Jasmine Hotel ၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဘုန်းခန့်ပိုင်-မရွှန်းလဲ့လဲ့ဝေ**

**(၃၅)နှစ်ပြည့် မင်္ဂလာဆုတောင်းလွှာ**

ကျေးဇူးရှင်ဆရာဦးသိန်းလွင်(အင်/ချုပ်-ငြိမ်း ဆလရ)နှင့် ဇနီးဒေါ်မေသန်းဝင်းတို့၏ ၉-၅-၂၀၁၆ရက်တွင် ကျရောက်သော ဂုဏ်ယူဖွယ်ရာ (၃၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်သောသားသမီး၊ မြေးများနှင့်အတူ လောကီ၊ လောကုတ္တရာနှစ်ဖြာအကျိုးကို များစွာ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

**ဦးမြင့်ရွှေ-ဒေါ်ခင်မျိုးအေး မိသားစု**


ပုဂံမြန်မာ ခရီးသွား လုပ်ငန်း
မော်လမြိုင်-ကျိုက်ထီး-စက်ခဲ
နေ့ချင်းပြန်-၃၀၀၀၀/-(စရိတ်ငြိမ်း)
မေ - ၂၀ ည ထွက်မည်။
ဖုန်း-၀၉-၅၁၁၃ ၂၁၉၃၊၀၉-၂၆၁၆၁၆၀၀၀

DADDY (ဒယ်ဒီ) Travels & Tours
- မန္တလေး-ပြင်ဦးလွင်
- ဒီဒုတ်ရေပြာအိုင်
- ကျောက်စိမ်းဘုရား
May- 20 ထွက်မည်။
၈၇,၀၀၀ိ/ စရိတ်ငြိမ်း (၂ ည၊ ၃ ရက်)

ဂေါ်ရန်ဂျီကျွန်း
May-6,13, 20, 27 ထွက်မည်။
၇၀,၀၀၀ိ/ စရိတ်ငြိမ်း (၂ ည၊ ၃ ရက်)
ဖုန်း-၀၉-၄၄၈၀၀၁၇၀၁၊၀၁-၃၈၀၉၁၄


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/6219 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

**ပျောက်ဆုံးကြောင်း**

ကျွန်မမေဖြိုးသူ(ခ)ကူးကူး(အဖ-ဦးဝင်းမောင်မောင်)၏ နိုင်ငံကူးလက်မှတ် M-474742သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။


**ဖုန်း-၀၉-၇၃၁၈၇၂၃၁**


Home Since 1996
Think of House. Think of Home

တစ်အိမ်လုံးအလှဆင် အထူးဈေး

12 ft x 40 ft

ကျပ် ၂၈ သိန်း



Laminate Floor
Wall Covering
Partition
Tile ( Wall & Floor)
Kitchen Cabinet

Get Free!

4ft Upper Cabinet

Only 20 Rooms !!

**Terms & Condition apply

» ရန်ကုန် (အောင်ဆန်းကွင်း) မင်္ဂလာတောင်ညွန့် ဖုန်း - 09 730 84 840 , 09 730 84 841
» ရန်ကုန် (လေးထောင့်ကန်) သယံဇာတ ဖုန်း - 09 79 700 70 73 , 09 79 700 70 83
» နေပြည်တော် ( ပုဗ္ဗသီရိ ) မင်္ဂလာဒီပ ရပ်ကွက် ဖုန်း - 09 730 84 844, 09 79 5900 146
» (မန္တလေး) ၈၂ လမ်း ( ၃၄ လမ်း နှင့် ၃၅ လမ်းကြား ) ဖုန်း - 09 3311 6626 , 09 3311 6636
» (တောင်ကြီး) ရွှေသူငွေကုန်း ဖုန်း - 09 79 700 70 79 , 09 79 700 70 89
» ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာပ ဖုန်း - 09 79 700 70 88,09 79 700 70 99
» ( ပဲခူး ) ဖုန်း- 09 79 700 70 75 , 09 79 700 70 85
» (မော်လမြိုင်) ဖုန်း - 09 79 58 999 80 , 09 79 58 999 81
» ပြင်ဦးလွင် ( မြို့မလမ်း) ဖုန်း - 09 78 12345 01, 09 78 12345 02
» (မုံရွာ) ဖုန်း -09 79 700 70 87 , 09 79 700 70 97


**အမြန်ရောင်းမည်**

မှော်ဘီ၊ မြောင်းတကာ စက်မှုဇုန် ရှေ့ ဥယျာဉ်ခြံမြေ (၈)ဧက၊ ပြည်လမ်း မနှင့်နီး။ တစ်ဧက သိန်း ၁၅၀ (ခွဲမရောင်းပါ)**(ညိုနိုင်း)**

**Ph:09-796614732**


**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-500 5916
09-730 97123

UK နိုင်ငံထုတ် စွမ်းဆောင်ရည်မြင့် Scania နှင့် AJ Power မီးစက်များကို အိမ်သုံး၊ စက်ရုံသုံးများအပြင် 11 KV Output, Power Station သုံး မီးစက်များအထိ ရရှိနိုင်ပြီး (10 kVA မှ 3025 kVA) အတွင်း အရစ်ကျငွေချေစနစ်ဖြင့် ယုံကြည်စိတ်ချစွာ ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ပါသည်။




မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်
Octagon Automobile and Machinery Services Co.,Ltd.
Hotline : 09-250796212 , 09-254406793
fb.com/ScaniaMyanmar

SCANIA AJ Power


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ဆွေသဟာ
ကြိုက်တဲ့အချိန်ပြောပါ
နာရီတိုင်းမှာ
၅ မိနစ်စာ
အားလုံးကနှစ်သက်ကြလို့ ပုံစံသစ်နဲ့ ထပ်လာပါပြီ
၁၅၀၀ ကျပ်ဖြင့် နာရီတိုင်းမှာ ၅ မိနစ်စာကို ရယူဖို့
*555#
ဆွေသဟာရဲ့၅၅ မိနစ် အခမဲ့ပြော အစီအစဉ်သည် မိနစ် ၆၀ အတွင်း ဆက်တိုက် ဖုန်းခေါ်ဆိုမှု အားလုံးအတွက်ဖြစ်ပြီး အောက်ပါအတိုင်းသတ်မှတ်ထားပါသည်။
နာရီတိုင်းမှာ ငါးမိနစ်စာ ဝန်ဆောင်မှု ရယူခြင်းအတွက် ၁၅၀၀ ကျပ် ကျသင့်မည်ဖြစ်ပြီး တစ်ကြိမ်ရယူတိုင်း ရက် ၃၀ အသုံးပြုခွင့်ရရှိပါမည်။
ဤအစီအစဉ်ကို ပရိုမိုးရှင်းကာလအတွင်း အကန့်အသတ်မရှိ ရယူသုံးစွဲနိုင်ပါသည်။
မည်သည့်အချိန်တွင်မဆို နာရီတိုင်းမှာ ငါးမိနစ်စာ အစီအစဉ်ကို အသုံးပြုနိုင်ပါသည်။
ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ်(၅၅) မိနစ်အထိ အခမဲ့ပြောဆိုနိုင်ပါသည်။
ဆက်တိုက်ခေါ်ဆိုမှု မိနစ် ၆၀ ထက် ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ် ကျသင့်မည်ဖြစ်ပါသည်။
ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။
ဤအစီအစဉ်ကို ၂၀၁၆ ခုနှစ် မေလ (၉) ရက်နေ့ မှ ထပ်မံမကြေညာခင် အချိန်ထိ အသုံးပြုနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

နိုင်ငံတကာ အသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် သင်ရိုးညွှန်းတမ်း

Pre-school



nurture preschool
We nurture tomorrow leaders!

Emotional Development(EQ)
Intellectual Development(IQ)
Moral Development
Physical Development
Social Development

လစဉ်ကျောင်းအပ်လက်ခံနေပါပြီ ...

အသက် ၅ နှစ်မှ ၁၄ နှစ်အရွယ် ကလေးငယ်များအတွက် တစ်မူထူးခြားသည့် အင်္ဂလိပ်စာ သင်တန်း

Young Learners



Weekend English Program
- English 4 skills Plus
  1. Cambridge Exam Preparation
  2. Supplementary skills
  3. Life skills for children

GETC
George English Training Centre

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက်

Adult Learners



- Communicative English
- General English
- FCE
- IELTS

| မြေနီကုန်း | လှိုင် |
|---|---|
| 01-537895 | 01-530097 |
| 09262963776 | 09254148005 |

| တာမွေ | စမ်းချောင်း | အင်းစိန် | မရမ်းကုန်း |
|---|---|---|---|
| 01-549590 | 09262963774 | 09259822226/ 7 | 01-663960 |
| 09254148006 | 09262963775 | (အင်းစိန်ဆေးရုံအနီး) | 09259822220 (ကမ္ဘာ့အေးဘုရားအနီး) |

Native Speaker ဆရာ၊ ဆရာမများ ကိုယ်တိုင်သင်ကြားသော
Communicative English Course



English Language (Four Skills) ကိုအချိန်တိုအတွင်း နိုင်ငံခြားသားများနှင့် မိမိကိုယ်ကို ယုံကြည်မှုရှိစွာ ပြောဆိုဆက်သွယ်နိုင်စေရန် ထိရောက်ခေတ်မီသော သင်ကြားမှုနည်းစနစ်များဖြင့် Native Speaker ဆရာ၊ဆရာမများကိုယ်တိုင် သင်ကြားပေးမည် ဖြစ်ပါသည်။

Sat, Sun => 4:00pm - 6:00pm

လျှောက်လွှာပိတ်ရက် - (16.5.2016)

* လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါပြီ။

SRA STAR RESOURCES ACADEMY
အမှတ်(၆၇)၊ အခန်း(၂၀၂)၊ ဒဂုံစင်တာ(၂)ရှေ့၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-(၀၁) ၅၂၃ ၂၀၀၊ ၂၃၀ ၄၀၂၀၊ ၂၃၀ ၄၀၂၁၊ ၅၂၃ ၆၂၃၊ ၀၉-၅၀ ၂၀ ၃၀၂။ www.star-resourcesacademy.com

TIPTOP CAPACITY DEVELOPMENT INSTITUTE OF MYANMAR

M.K.E.C
Multi-Knowledge Education Center

မူကြိုကျောင်း တည်ထောင်လိုသူများနှင့် ဆရာ/ဆရာမလုပ်လိုသူများအတွက်

" မူကြိုဆရာဖြစ်သင်တန်း "

Certificate in Early Childhood Care & Development

- ပညာရေး သဘောတရား။
- ကလေးသူငယ် စိတ်ပညာ။
- ပညာရေးစိတ်ပညာ။
- ကလေးသူငယ်ဖွံ့ဖြိုးရေး။
- စာသင်ခန်းစီမံအုပ်ချုပ်မှု။
- စာသင်ခန်းပြင်ဆင်ပုံပြင်ဆင်နည်း။
- သင်ရိုးညွှန်းတမ်းရေးဆွဲနည်း။
- သင်ပြနည်းနှင့် သင်ပြနည်းစနစ်။
- ထိရောက်သောသင်ကြားနည်း။
- ကလေးသူငယ်ဥပဒေ။

(၁၄-၅-၂၀၁၆) မှ (၂၀-၅-၂၀၁၆) နံနက်(၉:၀၀ - ၁:၀၀)

အမှတ် - (၁၃၃)၊ ဒုတိယထပ်၊ လမ်း - ၃၀ (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။
၀၁-၂၅၄၈၈၉၊ ၀၉ ၇၃၀ ၅၀ ၃၇၀၊ ၀၉ ၄၂၀ ၁၇၇ ၄၅၄

ပညာ သဓ အာဘာ နိုင်ငံ

သီတာအေး (မြန်မာစာ)
ယာခင်းရှင်ပျို

စာသင်၊ စာကျက်၊ စာစစ်ဝိုင်း
ညအိပ် Camp ၊ ဘော်ဒါ နှင့် နေ့တက်ဘော်ဒါ ကျောင်းအပ်လက်ခံသင်ကြားနေပြီ။ ကျောင်းကားအကြို / အပို့ရှိသည်။

အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း
သား၊သမီးတို့၏ပညာရေးအတွက် ငွေကြေးသက်သာ၊သင့်တင့်ပြီး အောင်မြင်မှုရရန် စိတ်အချရဆုံး၊ အကောင်းဆုံးစာသင်ဝိုင်း ကိုမှ ထားချင်သည့် မိဘတို့၏စေတနာဆန္ဒကို ဤကျောင်းမှ ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အမှတ်(၂၅)၊ အာနန္ဒာဘုရားလမ်းထောင့်၊ ရွှေကိန္နရီအိမ်ရာ၊ ဘဝမြင့်မှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: 09-260053533, 09-73089656 , 09-73231147

ZMA ESTD 2014

ZMA
ပညာရေးဝန်ကြီးဌာန-ကိုယ်ပိုင်အထက်တန်းကျောင်းအမှတ် (ကက-၁၃/၃၈/၁၉၉)

RESIDENTIAL PRIVATE SCHOOL

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါ

၅တန်း၊၆တန်း၊၇တန်း၊၈တန်း၊၉တန်းအကျ/အရှုံးမရှိ အင်းစိန်မြို့နယ်အတွင်း အောင်ချက် ၁၀၀% ပြည့်ရှိသော ကျောင်းဖြစ်သည်။

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် -
၁၀ တန်း တန်းခွဲသစ်များ မေလ (၂)ရက်နေ့တွင် စတင်မည်။
၈၊ ၉ တန်း တန်းခွဲသစ်များ မေလ (၂)ရက်နေ့ စတင်မည်။
၅၊ ၆၊ ၇ တန်းခွဲသစ်များ မေလ(၁၆) ရက်နေ့ စတင်မည်။
ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ZMA သို့လှမ်းကြစို့......





ကျောင်းကောင်းတစ်ခုဖြစ်ကြောင်းကို အောင်ချက်တစ်ခုတည်းနှင့် မတိုင်းတာနိုင်ပေ။ စိတ်ဓာတ်၊ စည်းကမ်း ၊ ပညာ အပြင် စလင်းတန် ဖွံ့ဖြိုးစေ ကိုထွင်ဝန်တီးလိုစိတ် (Creative Mind) ကိုအားကောင်းစေပြီးဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု (Holistic Development) ဖြင့်သာ တိုင်းတာသင့်သည်။

အမှတ်- ၆၁/B ၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆက်သွယ်ရန် - ၀၉-၇၉၃၄၇၁၂၇၈၊ ၀၉-၇၃၁၃၄၆၄၅၆၊ ၀၉-၂၆၂၁၇၆၀၆၂၊ ၀၁-၂၄၈၁၄၇
E-mail - zambudeepaacademy@gmail.com Facebook - www.facebook.com/zambudeepaacademy

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ၊ ကျောင်းသားဦးရေ ကန့်သတ်ထားသည်။

## ရဲမှူးကြီး (ဗိုလ်မှူး)စန်းနိုင်(ငြိမ်း)
## အသက်(၇၂)နှစ်

မုံရွာမြို့နေ (ဦးထွန်းစိန်-ဒေါ်မြကြည်)တို့၏ တတိယမြောက်သား၊ သထုံမြို့နေ (ဦးမျိုးခင်-ဒေါ်မေမြင့်အေး)တို့၏ သားသမက်၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ ခြံအမှတ်(၄၃)နေ ဒေါ်ဝင်းမျိုးမျိုးခင် (A.I, Link Travel & Tour, Senior Tour Guide)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်သူထိုက်-ဒေါ်မျိုးမျိုးနိုင် (G.M Gracious Bagan Hotel)၊ ဦးကိုမျိုးနိုင်-ဒေါ်အေးစန္ဒီကျော် (အထက်တန်းရှေ့နေ)၊ ဦးရဲမျိုးနိုင် (3rd Office Marina Shipping Line)-ဒေါ်ဇင်ဝင်းမာတို့၏မွေးသဖခင်၊ မောင်အောင်ပြည့်စုံမျိုး (အမက-၃၊ မူလွန်၊ ဗဟန်း)၊ မဖူးပြည့်မျိုးခိုင် (အထက-၁၊ ဒဂုံ)၊ မောင်အောင်ကောင်းခန့် (or)Kaven (I.C.T.C မူဆယ်)၊ မောင်မင်းပြည့်မျိုးခေတ်တို့၏ ချစ်လှစွာသောအဘိုး ရဲမှူးကြီး(ဗိုလ်မှူး)စန်းနိုင်(ငြိမ်း)သည် ၈-၅-၂၀၁၆ ရက် ညနေ ၃း၂၀ နာရီတွင် ကင်ဆာအတွင်းလူနာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၆ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၆ (စနေနေ့) နံနက် ၈ နာရီမှ ၁၂ နာရီအတွင်း ခြံအမှတ်(၄၃)၊ အင်းယားမြိုင်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြကြူ အသက်(၇၀)
### (အငြိမ်းစား-ဆေးနှင့်ဆေးပစ္စည်းကော်ပိုရေးရှင်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးကျော်လှိုင်-ဒေါ်နီ)တို့၏သမီး၊ (ဦးဟန်ရှိန်-ဒေါ်ကြင်ဖော့)တို့၏သမီးချွေးမ၊ [ဦးအောင်လေး(ခ)ဦးမော်စိ]၏ဇနီး၊ (ဦးခင်မောင်ဦး)-ဒေါ်ခင်ခင်ကျော်၊ (ဦးသက်တင်-ဒေါ်မေခင်)တို့၏ညီမ၊ ဦးဟင်နရီငွေသိန်း၊ ဦးဖုန်းမြင့်-ဒေါ်မြစီ၊ ဦးဒေးဗစ်ထွန်းအောင်ကျော်၊ ဒေါ်အက်စ်သာကျော်တို့၏အစ်မ၊ (မောင်ချစ်မြိုင်)-မစုစုအောင် (Samsonic-သာကေတဂိုဒေါင်)၊ မယမင်းအောင်(နယူးဧရာဟိုတယ်)၊ မစမ်းစမ်းကြူတို့၏မွေးသမိခင်၊ မချစ်ခြင်းစု (နဝမတန်း၊ အထက-၅၊ ကြည့်မြင်တိုင်)၏အဘွားသည် ၈-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အမှတ်(၁၀)၊ စိန်မိုက်ကယ်ကျောင်းဝင်း၊ မဏိမေခလာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးရဲဝင်း(ငြိမ်း) (၈၅)နှစ်
### ကြည်း-၁၀၈၀၂
### ပြည်သူ့ကောင်စီဥက္ကဋ္ဌ(ငြိမ်း)၊ ပေါက်ခေါင်းမြို့နယ်

ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ငြိမ်း)-ဒေါ်ခင်ရဲမွန် တို့၏ ချစ်လှစွာသောဖခင်ကြီး ဗိုလ်မှူးရဲဝင်း(ငြိမ်း)သည် ၆-၅-၂၀၁၆ (သောကြာနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၄)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ရဲ-၂၃၉၂ ရဲမှူး ဇော်မင်း
## အသက်(၅၉)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲ-၂၃၉၂ ရဲမှူး ဇော်မင်းသည် ၇-၅-၂၀၁၆ရက် ည ၁၀နာရီတွင် မန္တလေးဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်ညွန့်(ခ)ဇင်မြိုင် (မော်လမြိုင်)
## အသက်(၉၅)နှစ်

ပါမောက္ခ ဒေါက်တာသိန်းထွန်း (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး)-ဒေါက်တာစီစီမာတို့၏ မိခင်ကြီး ဒေါ်ခင်ညွန့် အသက်(၉၅)နှစ် သည် ၆-၅-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**နှင်းဆီကုန်းဆေးရုံ မိသားစု**

### ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ရီရီ (ရာ-၃၀၉)
## အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁၄)၊ (ဘီ-၂)၊ ဗိုလ်အောင်ကျော်လမ်းနေ (ဦးထွန်းဖေ)၏ဇနီးသည် ၆-၅-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးဟုတ်စိန်(ခ)ဦးဟုတ်တိန်
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ (၃၇)လမ်း၊ အမှတ်(၁၃၄)၊ သုံးလွှာ(ညာ)နေ ဒေါ်ရှုတွမ်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းမြင့်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဆန်နီ-ဒေါ်လင်းလင်းနွယ်၊ ဦးဝင်းမြင့်-ဒေါ်ကြည်ကြည်ပြုံးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၈-၅-၂၀၁၆ ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (၃၇ လမ်း နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမရစ္စုဘီဘီ(ခ)ဒေါ်ထွေး
## အသက်(၉၈)နှစ်

မော်လမြိုင်မြို့၊ ကော့ခနိကျေးရွာနေ (ဦးမူဆာ-ဒေါ်ဗူးသီး)တို့၏သမီး၊ (ဦးဖေ-ဒေါ်ဥမ္မာ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ်(၁၁၈၂)နေ ဟာဂျီဦးရှုဖီ၏ဇနီး၊ ဦးသန်းလှ (ကုန်တိုက်မန်နေဂျာ-ငြိမ်း)-ဒေါ်ခင်စိန်၊ (ဦးထွန်းရီ)-ဟာဂျီမ ဒေါ်ချိုချိုတင်၊ ဦးမြမောင်-ဒေါ်တူးရီ၊ ဦးဆန်းအောင်ဟိန်း-ဒေါ်ငွေငွေကြည် (ငါးလုပ်ငန်းဦးစီးဌာန-ငြိမ်း)၊ (ဦးဟာရှင်)-ဒေါ်ချိုချို၊ ဦးထွန်းရွှေ-ဒေါ်ခင်မိုးမိုးတို့၏မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၈-၅-၂၀၁၆ရက် ညနေ ၃း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၉-၅-၂၀၁၆ ရက် ဇုဟိုရ်နမာဇ်အပြီး ရေဝေးစွန်နီ ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ [အမှတ်(၆၂၀)၊ အနော်မာ (၁၄)လမ်း အနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

### ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်သိန်းလှ (၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွှေဥဒေါင်း(၁)လမ်း၊ (၅၃)ရပ်ကွက်၊ အမှတ်(၂၈၀)နေ (ဦးဟန်ရှိန်-ဒေါ်ဝါညွန့်)တို့၏သမီး၊ ဒေါ်သိန်းမြ၏အစ်မ၊ ဒေါ်ချိုချိုထွန်း၏မိခင်၊ မမျိုးမျိုးခိုင်၊ မောင်ခိုင်လင်း၊ မထက်ထက်လင်း၊ မောင်ထွန်းလင်းအောင်တို့၏အဘွား ပုသိမ်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးကန်တော့ခံပုဂ္ဂိုလ် ဒေါ်သိန်းလှသည် ၇-၅-၂၀၁၆(စနေနေ့) နံနက် ၅း၄၅ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုက်စုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဦးကြီးမြင့်(ခ)ဦးမိုးဝေ (၈၂)နှစ်
### (ကြည့်မြင်တိုင်)
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးချုပ်(အငြိမ်းစား)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရေတွင်းကုန်း(၃)လမ်း၊ အမှတ်(၃)၊ သုံးလွှာနေ (ဦးသိန်းမောင်-ဒေါ်လှသွယ်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ကြူ)တို့၏သားသမက်၊ (ဒေါ်ညွန့်)၏ခင်ပွန်း၊ (ဦးဝင်းမြင့်)-ဒေါ်ခင်ပြုံး၊ ဦးမျိုးလွင်-(ဒေါ်သန်းသန်းမော်)၊ (ကိုသန့်ဇင်)၊ ဦးမြင့်ဦး-ဒေါ်ညိုညိုစိန်၊ မလှလှမြင့်(ခ)မဖြူ(ဇော်ဝင်း လက်ဖက်ဆိုင်၊ ကြည့်မြင်တိုင်ညဈေး)၊ မောင်ကိုကိုဦး-မနွဲ့နွဲ့အေး၊ ကိုကြည်သာ ၊ မသီဂီမြင့် (Family United Power Co., Ltd) တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၇-၅-၂၀၁၆ (စနေနေ့) ည ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စိန်မြင့် အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၄)လမ်း၊ အမှတ်(၃၉)နေ (ဦးလှမောင်-ဒေါ်အမာ)တို့၏သမီး၊ (ဦးထွန်းစိန်-ဒေါ်မြမေ)တို့၏သမီးချွေးမ၊ (ဦးသောင်းညွန့်)၏ ချစ်လှစွာသောဇနီး၊ (ဦးထွန်းဝင်း)-မသန်းသန်းညွန့်၏ညီမ၊ (ဦးလှထွန်း)-ဒေါ်စန်းစန်းမြင့်၊ (ဦးမြင့်ဆွေ)-ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်လင်း၊ ဦးခင်ဝင်း-ဒေါ်တင်အေး(မိတ္တီလာ)၊ ဦးခင်လင်း-ဒေါ်အေးကြိုင်တို့၏ အစ်မ၊ ဦးအေးဖေ-ဒေါ်စမ်းစမ်းငြိမ်း၊ ဒေါ်ညိုညိုမိမ်၊ ဦးဆန်းဝင်း၊ (ဦးအောင်ဇော်မြင့်)-ဒေါ်အေးအေးနိုင်၊ ဦးကျော်ဇေယျ-မအိရွှေစင်၊ မမိုးပပဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွား ဒေါ်စိန်မြင့်သည် ၇-၅-၂၀၁၆ (စနေနေ့) ညနေ ၅း၄၈ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၆(တနင်္လာနေ့) ညနေ ၃ နာရီတွင် ကျိုက်စုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးဗိုလ်သန်းဌေး(ခ)ဘိုဘို
## အသက်(၄၄)နှစ်
### B.A(History)
### Import Section Myanmar Ha He

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅၇)၊ ခုနစ်လွှာနေ ဦးငွေသန်း (တရားလွှတ်တော်ရှေ့နေကြီး)-ဒေါ်ခင်သန်းထိုက်)တို့၏သားထွေး၊ ဦး R.N ရာဂျန်း-ဒေါ်အနီတာတို့၏သားသမက်၊ ဒေါ်နီလဲ့ဝင်း [B,Sc (Chemistry) D.A , L.C.C.I (UK), B.D.S(36)၏ ခင်ပွန်း၊ မောင်ဇော်ဟိန်း(ထ-၂၊ ဗိုလ်တထောင်)၊ မမြခင်ခင် (ထ-၂၊ ဗိုလ်တထောင်)တို့၏ဖခင်သည် ၄-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၆ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၆ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အဘွားဒေါ်ကြင်ယုံ
## အသက်(၉၇)နှစ်
### မဟာစည်ယောဂီ၊ မဟာစည် ဗုဒ္ဓသာသနာ့ရိပ်သာ ဦးစီးနာယက၊ သယ်န်းကျွန်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ အမှတ်(၃၂) (ဆ/ခ)ရပ်ကွက်၊ ရတနာလမ်း၊ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာနေ (ဦးပု-ဒေါ်ဟန်)တို့၏သမီး၊ အဘွားဒေါ်ကြင်ယုံသည် ၇-၅-၂၀၁၆ (စနေနေ့) ည ၁၀း၀၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၆ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ရိပ်သာမှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီတွင် မဟာစည်ရိပ်သာ သယ်န်းကျွန်းသို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခင်ရီ(ခနေဖြူမြို့) (၉၅)နှစ်
### မျိုးညွန့်-ရတနာ (ဗိုလ်ချုပ်ဈေး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းခြံလမ်း၊ အမှတ်(၁၆)နေ (ဦးကျော်ခင်)၏ဇနီး၊ ဦးစိုးလှ-(ဒေါ်သင်းထွေး)၊ (ဒေါ်လှသိန်း)တို့၏အစ်မ၊ ဦးစိုးဝင်း-ဒေါက်တာခင်မျိုးမြင့် (မြန်မာ့မီးရထား)၊ ဦးရဲမြင့်-ဒေါ်နွဲ့နွဲ့ဟန်၊ (ဦးဇော်ဝင်း)-ဒေါ်ခင်မျိုးဝင်း(MRTV-ငြိမ်း)၊ ဒေါ်ခင်စန်းအေး(Brilliant Sun)၊ ဒေါ်ခင်မျိုးသွယ် (ဗိုလ်ချုပ်ဈေး)၊ ဒေါ်ခင်နန်းနွယ်(ဗိုလ်ချုပ်ဈေး)၊ ဒေါ်သက်မော်ထွေးတို့၏မိခင်ကြီး၊ ဦးကျော်ဇေယျ-ဒေါက်တာဖြူပြာစိုး၊ ဒေါက်တာမူယာစိုး၊ ဦးကျော်လင်းစိုး-ဒေါ်ချောချောစု၊ ဒေါက်တာသန္တာစိုး၊ ဗိုလ်ကြီးမျိုးသီဟဇော်(သရက်)၊ ဒေါက်တာစုရည်မျိုးဇော်၊ ဗိုလ်ကြီးစုရည်ဖြိုးဇော်(မြစ်ကြီးနား)၊ ဒေါက်တာစုရည်မိုးဇော် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဦးသူရကျော်-ဒေါ်ဘရဏီအောင်၊ ဒေါ်ငုဝါကျော်တို့၏အဘွားသည် ၈-၅-၂၀၁၆ရက် နံနက် ၇း၃၀နာရီတွင် စမ်းချောင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၆(စနေနေ့)တွင် စမ်းချောင်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခင်ရီ(ခနေဖြူမြို့) (၉၅)နှစ်
### မျိုးညွန့်-ရတနာ (ဗိုလ်ချုပ်ဈေး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းခြံလမ်း၊ အမှတ်(၁၆)နေ (ဦးကျော်ခင်)၏ဇနီး၊ ဦးစိုးလှ-(ဒေါ်သင်းထွေး)၊ (ဒေါ်လှသိန်း)တို့၏အစ်မ၊ ဦးသန်းနိုင်-ဒေါ်ညွန့်ညွန့်ရင်၊ ဒေါ်သန်းသန်းဌေး၊ ဦးမျိုးသန့်-ဒေါ်ဝင်းဝင်းမော်၊ ဒေါ်မိုးမိုးသန်း၊ ဦးထွန်းထွန်းဦး-ဒေါ်အေးအေးစိုးတို့၏ ကြီးကြီး၊ မောင်ကောင်းထက်၊ မကေကေစိုး၊ မောင်သန့်ဇော်ထက်၊ မမေမြတ်နိုးကျော်၊ မသက်ထားဦး၊ မောင်သော်သော်ထွန်းတို့၏ ဘွားဘွားကြီး သည် ၈-၅-၂၀၁၆ ရက် နံနက် ၇း၃၀ နာရီတွင် စမ်းချောင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၆ ရက် နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးကြည် (၉၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇) အရှေ့ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(က-၉၄)နေ (ဦးတင်စိုး)-ဒေါ် ကြည်ကြည်ဆွေ၊ (ဦးသန်းဌေး)၊ ဦးစိုးနိုင် (ဒု-ညွှန်မှူး၊ စက်မှုပူးပေါင်းဆောင်ရွက် ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)-ဒေါ်သင်းသင်းနွယ်၊ (ဦးသက်နိုင်)-ဒေါ်မြင့် မြင့်အေး၊ (ဦးအေးမင်း)-ဒေါ်တင်တင်ယု၊ ဦးကိုကိုနိုင်-ဒေါ်နုနုငယ်တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၈-၅-၂၀၁၆ ရက် မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၆ ရက် ညနေ ၃ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၆ (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည် (၈၅)နှစ်
### စက်မှုလက်မှုအထက(၁) နတ်မောက်လမ်း (ငြိမ်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၆၀၃-စီ)နေ (ဦးဘဝါ-ဒေါ်သိန်း)တို့၏သမီး၊ ဦးကြင်စိန်(BPI-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ချိုချို၊ ဦးရဲထွဋ်-ဒေါ်အလိမ္မာစန်းရီ၊ ဦးသိန်းညို-ဒေါက်တာမိုမိုတို့၏မိခင်၊ မြေးနှစ်ယောက် တို့၏အဘွားသည် ၈-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၉-၅-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၆(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သောင်းနွဲ့ (ရင်းငြိမ်) (၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်(၂၂၂)၊ အခန်း(၅)၊ ရန်ငြိမ်းလမ်းနေ (ဦးစောလင်း-ဒေါ်တင့်)တို့၏သမီးကြီး၊ (ဦးထွန်းမြိုင်-ဒေါ်သိန်းရွှေ)တို့၏သမီးချွေးမ၊ [ဦးခင်မောင်သောင်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန]၏ဇနီး၊ Capt; သောင်းဦးမြိုင်(Uniteam Marine Co., Ltd) - ဒေါ်နန်းဦး၊ ဒေါ်ရွှေစင်သောင်း(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)၊ ဒေါ်သီဂီသောင်း၊ Capt; သီဟမြိုင် (CSL M.V Malacca Star) -ဒေါ်ချိုချိုထွန်း၊ ဒုတိယဗိုလ်မှူးကြီး ထက်အောင်ကို(ရေ-ငြိမ်း)တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၇-၅-၂၀၁၆(စနေနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [၁၃-၅-၂၀၁၆ရက်တွင် ထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း ဒါယိကာမကြီး
## ဒေါ်တင်ရီ(ဥက္ကံ) (၆၈)နှစ်
### အငြိမ်းစား-ဆရာမ၊ အမက(၃) စမ်းချောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ်(၁၀၃)၊ ခုနစ်လွှာနေ (ဦးအေးမောင်-ဒေါ်ညို)တို့၏သမီး၊ ဦးသန်းအေး၏ ချစ်လှစွာသော ဇနီး၊ ဒေါ်စိမ်းရင်၏ ညီမ၊ ဦးထွန်းလင်းဦး(ခမ်းခမ်း-ဘော်ဒါဆောင်)၊ ဦးအောင်မျိုးထွေး-ဒေါ်ယဉ်လတ်မွန်၊ ဦးတိုးဝေဖြိုး-ဒေါ်နွယ်နွယ်ဝင်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၅-၂၀၁၆(စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၆ (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းမြင့်
## အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ သစ္စာလမ်း၊ အမှတ်(၁၃)နေ (ဦးစံမြ-ဒေါ်အုန်းဆင့်)တို့၏သား၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးခိုင်ဇော်ဝင်း-ဒေါ်မျိုးသီတာမြင့်၊ ဒုတိယဗိုလ်မှူးကြီးဇော်လင်း-မှူး/ဗက ဒေါ်ခင်မိုးဆွေတို့၏ဖခင်၊ မနန္ဒာလင်း၊ မောင်သော်ကောင်းဆက်၊ မောင်ကျော်စွာလင်းတို့၏အဘိုးသည် ၈-၅-၂၀၁၆ရက် ညနေ ၄း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၆(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၆ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဒါယကာကြီး
## ဦးမြင့်ဝေ (၇၅)နှစ်
### စိန်သိန်းသန်းဝေ(၁၂)ရေယာဉ်ပိုင်ရှင်

ရွှေကူမြို့နေ (ဦးမြ-ဒေါ်ထွေး)တို့၏သား၊ ပခုက္ကူမြို့နေ (ဦးအုန်းကျော်-ဒေါ်တင်တင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ (၅၂)လမ်းနေ (ဦးသက်အောင်)၊ ဒေါ်လှိုင်လှိုင်ကျော်၊ ပခုက္ကူမြို့၊ လွတ်လပ်ရေးလမ်းနေ (ဦးအောင်တင့်ကျော်)၊ ဒေါ်သန်းတီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၉၃)၊ ပ-ထပ်၊ လမ်း (၅၀)နေ (ဒေါ်မို့မို့ကျော်)၏ခင်ပွန်း၊ ဦးပြည့်ဖြိုးပိုင်၊ စိန်သိန်းသန်းဝေ(၁၂)၊ Dr. လွှမ်းမိုးပိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ Dr.အောင်ပြည့်စုံ၊ Dr.သန်းခန့်အောင်တို့၏ ဘကြီးသည် ၇-၅-၂၀၁၆ (စနေနေ့)တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးအောင်မြင့် (၇၅)နှစ်
### ရွှေဖားစည်ကုန်မျိုးစုံရောင်းဝယ်ရေး-ဘားအံ့မြို့

ရန်ကုန်မြို့၊ (၃၇)လမ်း၊ အမှတ်(၁၀၀)နေ (ဦးချောင်မူရင်-ဒေါ်မရီ)တို့၏သားငယ်၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းနေ (ဆရာဦးအားကျော်-ဒေါ်စိန်မေ)တို့၏သားသမက်၊ ဒေါ်ထွေးရီမ်-ဦးသိန်းလွင်၊ ဦးမောင်မောင်-ဒေါ်အဟိန်တို့၏မောင်/ညီ၊ ဒေါ်ထွေးခင်-(ဦးခင်မောင်)တို့၏ အစ်ကို၊ ဘားအံ့မြို့၊ (၃)ရပ်ကွက်၊ ရွှေဖားစည်(ကုန်မျိုးစုံရောင်းဝယ်ရေး) (ဒေါ်နော်စေးလာ)၏ချစ်လှစွာသောခင်ပွန်း၊ စောမြတ်ဦး-နော်မူးလွယ်ထူး၊ နော်သီတာမြင့်-ဦးထိုက်စိုး၊ နော်စုစီမြင့်၊ နော်စန္ဒာမြင့်-စောညီညီဝင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ စောဒယ်နီယယ်၊ နော်မင်းဒီ၊ မောင်ဗညားအောင်၊ မောင်ထင်လင်း၊ မမြမြတ်သွယ်၊ မစုမြတ်နိုး၊ မစုမြတ်နွယ်၊ စောဘုန်းခန့်ညီတို့၏ ချစ်လှစွာသောအဘိုး ဦးအောင်မြင့်သည် ၈-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၅-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် (၃/၆၀၄)၊ အောင်သပြေလမ်း၊ (၃)ရပ်ကွက်နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ထန်းကိုးပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ [အောက်မေ့သတိရဝတ်ပြုခြင်း အစီအစဉ်ကို ၁၄-၅-၂၀၁၆(စနေနေ့) နံနက် ၈နာရီတွင် (၃/၆၀၄)၊ အောင်သပြေလမ်း၊ (၃)ရပ်ကွက် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပါမည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အဟိုး(ခ)ဒေါ်ရီရီဝင်း (၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊(၂)ရပ်ကွက်၊ အမှတ်(၂၀၄)၊ (၃၄)လမ်း(အပေါ်ဘလောက်)၊ လေးလွှာနေ (ဦးစိန်အော-ဒေါ်မခွေး)တို့၏သမီး၊ (ဦးကျင်မောင်)၏ဇနီး၊ ဦးမျိုးသန့်-ဒေါ်နွယ်နွယ်အေး၊ ဒေါ်ငွေငွေဝင်း၊ ဒေါ်စန်းစန်းလွင်၊ ဦးစိုးလှိုင်၊ ဦးစိုးနိုင်-ဒေါ်အေးမိမိဇင်၊ ဒေါ်ထွေးထွေးရီ တို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၅-၂၀၁၆ (စနေနေ့) ည ၁၀း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၆(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဲ-၂၃၉၂ ရဲမှူး ဇော်မင်း (၅၉)နှစ်
### ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၆/၁၉၈၄)
### ငါန်းဇွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်းမြို့နယ်၊ (မြို့နယ်ရဲတပ်ဖွဲ့မှူး)၊ ရန်ကုန်မြို့၊ အမှတ်(၅၉၂)၊ (ဆ)ရပ်ကွက်၊ ကရဝိတ်(၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးတင်အောင်-ဒေါ်စိန်ကြည်)တို့၏သား၊ (ဦးဇော်ဝင်း)-ဒေါ်ခင်မာဝေ၊ ဒေါ်အေးအေးမြင့်တို့၏ ညီ/မောင် ၊ ဦးဇော်လင်း(Lizstar Shipping)-ဒေါ်သီသီလွင်၊ ဒေါ်လှလှမြင့် (မန်နေဂျာ-ဆေးဝါးရုံးချုပ်၊ စက်မှုဝန်ကြီးဌာန)တို့၏အစ်ကို၊ မောင်ဟိန်းထက်-မစိမ့်စိမ့်ဦး၊ မခိုင်ခိုင်ဇော် (လ/ထကြီးကြပ်ရေးမှူး KBZ BANK I.B.D Foreign Remittance)တို့၏ ဖခင်သည် ၇-၅-၂၀၁၆(စနေနေ့) ည ၁၀နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၆(တနင်္လာနေ့) ညနေ ၃နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးအအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးအုံးမြင့် (၅၄)နှစ်
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (မော်တော်ယာဉ်ဌာန)

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးခွေးပု-ဒေါ်လှယဉ်)တို့၏သား၊ [ဦးရွှေသာ (အမှုဆောင်အင်ဂျင်နီယာ၊ MEPE-ငြိမ်း)-ဒေါ်လောယဉ်]တို့၏ သားသမက်၊ ဒေါ်ခင်မာဝင်းသာ၏ ခင်ပွန်း၊ မောင်နေဝင်းအောင် (JSM COMPANY)၊ မသဇင်နုတို့၏ဖခင်၊ ဦးဇော်လင်း-ဒေါ်အေးအေးမြင့် (Y.E.S.C စီမံရေးရာဌာန)၊ (ဦးငွေ မြင့်)-ဒေါ်မာတင်ရီ၊ ဒေါ်အေးအေးသန်း၊ ဒေါ်ခိုင်ခိုင်သန်းတို့၏အစ်ကိုကြီး၊ ဦးကောဝိဒ(ဓာတ်ငွေ့သစ်စက်ကျောင်း)၏ညီ၊ ဦးအောင်လွင်-ဒေါ်ခင်ခင်ဝင်းသာတို့၏အစ်ကို၊ မောင်ထူးယုအောင်(PIL)၊ မောင်သုတဇော်၊ မသန္တာဦးတို့၏ဘကြီးသည် ၇-၅-၂၀၁၆(စနေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၆(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီတွင် အမှတ်(၁၀၅)၊ လျှပ်စစ်ကိုယ်ပိုင်ဝင်း၊ သစ်တောလမ်း၊ အလုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုစိုးအောင်ကျော်(ကျုံပျော်) (၄၆)နှစ်
### B.E (Chemical), Dip in Food Tenology
### Y.I.T

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ နာရီစင်အနီးနေ ဦးကျော်သောင်း-ဒေါ်ညွန့်ညွန့်တို့၏သားငယ်၊ ဒေါ်သိန်းသိန်း (အထပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မငွေနှင်းလဲ့(Grade-11)၏ဖခင်၊ ဒေါ်ညွန့်ညွန့်ကြည်၏တူသား၊ (ကိုကျော်မိုးဦး)-မစမ်းစမ်းအေး၊ ကိုကျော်စိုးမိုး-မစိုးစိုးမော်တို့၏ညီငယ်၊ မမေဦးခိုင်၊ မနွဲ့ရီဝင်း၊ မကေဇင်သန့်တို့၏အစ်ကိုငယ်၊ တူ/တူမ လေးယောက်တို့၏ဦးလေး ကိုစိုးအောင်ကျော်သည် ၆-၅-၂၀၁၆ (သောကြာနေ့) နံနက် ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၆ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အုန်းသုံးပင် သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

# အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ရေရှည်ထိန်းသိမ်းရေး ဦးစားပေးလုပ်ငန်းများ ဖော်ထုတ်လုပ်ဆောင်



သတင်း – ကိုသက်၊ ချစ်မင်းမော်
ဓာတ်ပုံ – ငွေအောင်

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ရေရှည်ထိန်းသိမ်းရေးအတွက် ငါးနှစ်စီမံချက်အရ အချိန်ကာလအလိုက် ဦးစားပေးလုပ်ငန်းများ ဖော်ထုတ်ပြီး အကောင်အထည်ဖော်ဆောင်မည့် စီမံကိန်းကို ရှမ်းပြည်နယ်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ UNDP၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ယူနက်စကိုဇီဝအဝန်းနယ်မြေတစ်ခုဖြစ်သော အင်းလေးကန် ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန် အချိန်ကာလအလိုက် ဦးစားပေးလုပ်ငန်းနှင့် ရေရှည်လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်လုပ်ကိုင်လျက်ရှိသည်။

ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UNDP နှင့် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်း

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

## AFC Cup ပြိုင်ပွဲ ရှုံးထွက်အဆင့် ရန်ကုန်အသင်းအဆုံးအဖြတ်ပွဲကစားရမည်

သတင်းနှင့် ဓာတ်ပုံ – ရှိုင်းထက်ဇော်

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ၂၀၁၆ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို မေ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေသည့် ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ မာဇီယာအသင်းနှင့် အဆုံးအဖြတ်ပွဲကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ရန်ကုန်အသင်းမှာ မော်လ်ဒိုက်ကလပ် မာဇီယာအသင်းနှင့် ည ၇ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဧရာဝတီအသင်းမှာ အဝေးကွင်းပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် လာအိုကလပ် လာအိုတိုယိုတာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုပွဲစဉ် (၅) အပြီးတွင် မြန်မာကလပ်အသင်း နှစ်သင်းအနက် ဧရာဝတီအသင်းမှာ အုပ်စုအဆင့်မှထွက်ခဲ့ရပြီး ရန်ကုန်အသင်းသာ မျှော်လင့်ချက်ရှိနေခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ရန် အခွင့်အရေးရှိနေသော်လည်း နောက်ဆုံးပွဲတွင် အနိုင်ရရန်လိုအပ်နေသည့်အပြင် တောင်တရုတ်အသင်း၏ ပွဲရလဒ်ကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းမှာ အုပ်စု (G)တွင်ပါဝင်နေပြီး ပွဲစဉ် (၅)အပြီးတွင် အိန္ဒိယကလပ် မိုဟန်ဘောဂန်အသင်းက ရမှတ် ၁၁ မှတ်ဖြင့် အုပ်စုပထမရရှိကာ နောက်တစ်ဆင့်တက်သွားပြီဖြစ်သည်။ အုပ်စုဒုတိယနေရာအတွက် အသင်းသုံးသင်းလုံး မျှော်လင့်ချက်ရှိနေပြီး ဟောင်ကောင်ကလပ် တောင်တရုတ်အသင်းက ခြောက်မှတ်၊

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖




၁၃၂ နှစ်တာကာလအတွင်း လက်စတာစီးတီးအသင်း၏ ပထမဆုံးရယူဆွတ်ခူးနိုင်ခဲ့သည့် ပရီမီယာလိဂ်ဖလားနှင့်အတူ အိမ်ကွင်းကင်းပါဝါ၌ လက်စတာစီးတီးကစားသမားများ အောင်ပွဲခံစဉ်။ (ငွေကြယ်)

(ဓာတ်ပုံ-ဒေးလီးမေးလ်)



# အထူးကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်၊ "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း" မှ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကို အစဉ်ရှေးရှုလျက် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရေးအတွက် **ငွေကျပ်သိန်းပေါင်း(၁၆,၀၀၀)**ကို သဒ္ဓါတရားထက်သန်စွာလှူဒါန်းခဲ့မှုအတွက် အထူးကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း လေးနက်စွာမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**"ကမ္ဘောဇဘဏ်လီမိတက်"**နှင့် **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"**တို့မှ ဥက္ကဋ္ဌ၊ မိသားစုများနှင့်တကွ အရာထမ်း၊ ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြလျက် ဗုဒ္ဓသာသနာတော်အကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပြီး တိုးတက်အောင်မြင်ကြပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

**အထောက်အကူပြုအကျိုးတော်ဆောင်အဖွဲ့**
**ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်**

Dumper ကားမျိုးစုံ နှင့် Truck ကားမျိုးစုံကို မြန်မာ့အကောင်းဆုံး နဂါးနီ ကုမ္ပဏီ တွင်ရောင်းချပေးနေပါပြီ။ ရန်ကုန်လိုင်စင် ဖြင့်ရပါမည်။
အမှတ်(၁၅)၊ ကျန်စစ်သားစက်မှုဇုန်၊ (အမှတ်၂လမ်းမနှင့် ကျန်စစ်သားလမ်းဆုံအနီး) ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
အကွက်(၂၇)၊ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံ၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းရှေ့၊ နေပြည်တော်။
095191131,0973104047






## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ ၂၃လမ်း၊ အမှတ်(၁၃၁)၊ ၅လွှာနေ ဦးမင်းထွန်းသိန်း [၉/ခအဇ(နိုင်)၀၀၅၄၇၉]က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို JOHN WALKER & SONS LTD Vs U THAN SHWE [1968.B.L.R(c-c) Page 73]တွင် ဆုံးဖြတ်ထားသောမူနှင့်အညီ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

OASIS

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော " OASIS "အမည်တံဆိပ် အမှတ်အသားကို အသုံးပြု၍ ဦးမင်းထွန်းသိန်းသည် ခဲတံ၊စာအုပ်၊ ဘောလ်ပင်၊ ကွန်ပါဘူး၊ ပေတံ၊ ခဲဖျက်စသည့်ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာပစ္စည်း အမျိုးမျိုးတို့ အပေါ်တွင် ထုတ်လုပ်ဖြန့်ချိရာ၌ အသုံးပြုသည့် ဘူးကြီး၊ ဘူးလတ်၊ ဘူးသေး၊ ပလတ်စတစ်အိတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ ပလတ်စတစ်ဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့တွင်လည်းကောင်း၊ ယင်းကုန် အမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင် အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ကာလာအမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် ကပ်နှိပ်၊ ရိုက်နှိပ်လျက် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲ၍ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ယင်းသတိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသူရအောင်(စဥ်-၄၂၂၁၀)အထက်တန်းရှေ့နေ**
**အမှတ်-၄၆၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ရုံး-၀၁-၃၇၃၄၉၉၊ ဖုန်း-၀၉-၇၃၁၁၃၂၁၁**

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

